# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လွတ်မြောက်အောင်အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၇)**


၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက် ၂၀၁၇ ခုနှစ်၊ မတ် ၁၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ် (၁၆၇)


## နိုင်ငံတော်သမ္မတ ဦးထင်ကျော် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးနှင့်အဖွဲ့အား တွေ့ဆုံ

# နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

**နေပြည်တော် မတ် ၁၅**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-စင်ကာပူနှစ်နိုင်ငံ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ကမ္ဘာလှည့် ခရီးသွားလာရေးလုပ်ငန်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်သွားရေး၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လုပ်ငန်းသုံးလျှပ်စစ်မီတာသုံးစွဲရာတွင် သုံးစွဲသည့်ပမာဏအလိုက် မှန်ကန်မှုရှိရန် လိုအပ်သည်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အရေးပါသည့် အခန်းကဏ္ဍ၊ အဂတိလိုက်စားမှု

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် စက်မှုဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့၏ ပထမ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## ရခိုင်ပြည်နယ်၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးခရီးစဉ်များတွင်အသုံးပြုရန် ရေယာဉ်တစ်စင်းရောက်ရှိ

**နေပြည်တော် မတ် ၁၅**

ဂျပန်နိုင်ငံက ထောက်ပံ့ပေးအပ်မည့် ယန်းသန်း ၅၀၀ တန်ဖိုးရှိသော ရေယာဉ်နှစ်စင်းအနက် ယန်း ၂၆၇ ဒသမ ၃၀၀ သန်းတန်ဖိုးရှိ ကစ္ဆပနဒီ (၁) ရေယာဉ်ကို ဂျပန်နိုင်ငံ ကိုဘေးမြို့မှ ရေယာဉ်တင်သင်္ဘော GRIEJ JE ဖြင့် တင်ဆောင်လာခဲ့ရာ ကျောက်ဖြူ ဆိပ်ကမ်းအနီးသို့ မတ် ၁၄ ရက် ညနေပိုင်းက ရောက်ရှိရပ်နားခဲ့ပြီး ယနေ့နံနက် ၁၁ နာရီခွဲတွင် ရေယာဉ်တင်သင်္ဘောပေါ်မှ ရေချကာ လေပွေ့ဆိပ်ကမ်း(ကျောက်ဖြူ)၌ ကျောက်ချရပ်နားထားကြောင်း သိရသည်။

ကစ္ဆပနဒီ (၁) ရေယာဉ်ကို ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲမှ ဝန်ထမ်းများအား ကျောက်ဖြူမြို့ လေပွေ့ဆိပ်ကမ်း၌ ငါးရက်ကြာ လေ့ကျင့်သင်ကြားပေးပြီးနောက် ကစ္ဆပနဒီ (၁) ရေယာဉ်အား စစ်တွေမြို့သို့ မောင်းနှင်သယ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❐




KBZ BANK

STRENGTH OF MYANMAR

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော စွန့်ပစ်အမှိုက်သုံးလျှပ်စစ်ဓာတ်အားထုတ်စက်ရုံ

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ လျှပ်စစ်ဓာတ်အား မလုံလောက်ခြင်းသည် အဓိကအဟန့်အတားတစ်ရပ် ဖြစ်နေပါသည်။ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ရန်ကုန်တိုင်းဒေသကြီး၌ အထင်ရှားဆုံး တွေ့ရှိရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ရန်ကုန်တိုင်းဒေသကြီးသည် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား အသုံးပြုမှု၏ ထက်ဝက်ခန့်ထိ သုံးစွဲလျက်ရှိသောကြောင့် ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးသည် စက်မှုကုန်ထုတ်လုပ်ငန်းတို့၏ ဗဟိုချက်မဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် အရေးတကြီးကိုင်တွယ်ဖြေရှင်းရမည့် ကိစ္စရပ်ဖြစ်ပါသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးအတွက် အစဉ်အလာမဟုတ်သော လောင်စာကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူမည့် စက်ရုံသည် မကြာမီလည်ပတ်တော့မည်ဖြစ်ပါသည်။ ဤလျှပ်စစ်ဓာတ်အားထုတ်စက်ရုံ၌ အသုံးပြုမည့် အစဉ်အလာမဟုတ်သော လောင်စာဟူသည် စွန့်ပစ်အမှိုက်များဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ရန်ကုန်မြို့၌ လစဉ်စွန့်ပစ်လျက်ရှိသော အမှိုက်တို့၏ပမာဏသည် တန်ချိန် ၆၀၀၀၀ ဝန်းကျင်ခန့်ရှိပါသည်။ အဆိုပါ တန်ချိန် ၆၀၀၀၀ ဝန်းကျင်ရှိသော အမှိုက်တို့က သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်နှင့် ရန်ကုန်မြို့သူမြို့သားတို့၏ ကျန်းမာရေးကို မထိခိုက်စေရန် စီမံကိုင်တွယ်ရသော တာဝန်သည် ကြီးမားသော တာဝန်ဖြစ်ပါသည်။ ယခုအခါ ဤစွန့်ပစ်အမှိုက်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်တော့မည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး၏ အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်ဓာတ်အားကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းနိုင်မည်ဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင် သန့်ရှင်းလှပရေးနှင့် ရန်ကုန်မြို့သူမြို့သားတို့၏ ကျန်းမာရေးကိုပါ မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။

ယခုဖွင့်လှစ်တော့မည့် စွန့်ပစ်အမှိုက်သုံးလျှပ်စစ်ဓာတ်အားထုတ်စက်ရုံသည် မြန်မာနိုင်ငံအတွက် ပထမဦးဆုံးသော စက်ရုံဖြစ်သော်လည်း ကမ္ဘာပေါ်၌ ဤကဲ့သို့သော စက်ရုံတို့ကို သုံးစွဲလျက်ရှိသည်မှာ နှစ်ပေါင်းများစွာ ကြာနေပြီဖြစ်ပါသည်။ ဆွီဒင်နိုင်ငံ၌ စွန့်ပစ်အမှိုက်တို့ကို အသုံးပြု၍ နေအိမ်များကို အပူပေးခြင်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ ဆွီဒင်နိုင်ငံ၌ စွန့်ပစ်အမှိုက်တို့၏ ၅၂ ရာခိုင်နှုန်းကို အပူပေးခြင်း သို့မဟုတ် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၌ အသုံးပြုလျက်ရှိပြီး စွန့်ပစ်အမှိုက်တို့၏ ၄၇ ရာခိုင်နှုန်းကို ပုံပြောင်းပြန်လည်အသုံးပြု **(Recycle)** လျက်ရှိပါသည်။ စွန့်ပစ်အမှိုက်များကို ဤကဲ့သို့ စနစ်တကျ အသုံးပြုနိုင်သောကြောင့် ဆွီဒင်နိုင်ငံသည် စွန့်ပစ်အမှိုက်တို့၏ တစ်ရာခိုင်နှုန်းကိုသာ စနစ်တကျစွန့်ပစ်ရေးအတွက် တာဝန်ယူဆောင်ရွက်ရပါသည်။ ဖွင့်လှစ်တော့မည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော စွန့်ပစ်အမှိုက်သုံး လျှပ်စစ်ဓာတ်အားထုတ်စက်ရုံသည် မဟာဓာတ်အားလိုင်းစနစ်ထဲသို့ မဂ္ဂါဝပ် ၃၀၀ ခန့်သာ ပို့လွှတ်နိုင်မည်ဖြစ်သော်လည်း ဆွီဒင်နိုင်ငံ၏ စံနမူနာကို အတုယူမည့် ပထမခြေလှမ်းဟု သတ်မှတ်ရမည်ဖြစ်ပါသည်။ ချုပ်၍ တင်ပြရပါက နိုင်ငံသူ နိုင်ငံသားတို့အတွက် မျက်နှာစာပေါင်းစုံမှ အကျိုးပြုမည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော စွန့်ပစ်အမှိုက်သုံး လျှပ်စစ်ဓာတ်အားထုတ်စက်ရုံကို လှိုက်လှဲစွာကြိုဆိုကြောင်း ဖော်ပြအပ်ပါသည်။ ။




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၁၅**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ (မိုး/ဧလ)

## နိုင်ငံတော်ကဆက်ကပ်သည့် ဘွဲ့တံဆိပ်တော်ရဆရာတော်အား သီပေါ ဒါယကာ ဒါယိကာမများက စည်ကားသိုက်မြိုက်စွာကြိုဆိုပူဇော်

**သီပေါ မတ် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရသော ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ တာပုတ်ရွှေကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် တောင်တန်းသာသနာပြု အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်သုခမိန္ဒ (စဝ်ဆုခမ်း)သည် နေပြည်တော်မှ ယနေ့ ပြန်လည်ကြွရောက်လာရာ သီပေါမြို့နယ်သူမြို့နယ်သားများက မန်ဟဲကျေးရွာတိုးဂိတ်မှ စည်ကားသိုက်မြိုက်စွာ ကြိုဆိုပူဇော်ကြပြီး မော်တော်ယာဉ်ပေါ်ရှိ ရွှေပလ္လင်ပေါ်သို့ ပင့်ဆောင်ကြသည်။



ယင်းနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်သာသနာရေးဦးစီးမှူး ဦးစိုင်းထွန်းအေးနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများက နိုင်ငံတော်သမ္မတက ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ကိုင်ဆောင်လျက် မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် အပူဇော်ခံပြီး တာပုတ် ရွှေကျောင်းတိုက်သို့ ပင့်ဆောင်ကြသည်။

နိုင်ငံတော်သမ္မတ၏ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခံရသည့် ဆရာတော် စဝ်ဆုခမ်းအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မတ် ၁၆ ရက်တွင် တာပုတ်မဟာရွှေကျောင်းကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၅-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၄၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၃ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၄ · ၄၉ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၄၆ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၉၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီဆွေ၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ *ရှေ့ဖုံးမှ*

တိုက်ဖျက်ရေးနှင့် အခွန်အခတိမ်းရှောင်မှုများ (Tax Evasion) သည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဆိုးကျိုးများစွာ ဖြစ်ပေါ်စေနိုင်သည့် အလားအလာများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးသိန်းဆွေနှင့် ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချာလည်း တက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ စင်ကာပူ-မြန်မာ သက်မွေးပညာ သင်တန်းကျောင်း (SMVTI) တည်ထောင်မှုဆိုင်ရာ နားလည်မှု စာချွန်လွှာ ထပ်မံသက်တမ်းတိုး လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်နှင့် စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာ ရောဘတ်ချာတို့က နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်တို့ရှေ့မှောက်၌ နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်တို့ရှေ့မှောက်၌ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI) တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်နှင့် စင်ကာပူနိုင်ငံသံအမတ်ကြီး မစ္စတာ ရောဘတ်ချာတို့ လက်မှတ်ရေးထိုးစဉ်**
(သတင်းစဉ်)



# မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် စီမံခန့်ခွဲရေးတိုးတက်ကောင်းမွန်လာစေရန်ရည်ရွယ်၍ ပညာရေးကဏ္ဍအတွက် ဩစတြေးလျဒေါ်လာ ၇၁ ဒသမ ၅ သန်း ထောက်ပံ့ပေးမည့်ကိစ္စ ဆွေးနွေး

**နေပြည်တော် မတ် ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ် Hon Concetta Fierravanti-Wells အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲမှုနှင့် စီမံခန့်ခွဲရေးတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍအတွက် ဩစတြေးလျ ဒေါ်လာ ၇၁ ဒသမ ၅ သန်း ထောက်ပံ့ပေးမည့်ကိစ္စ၊ အာဆီယံ-ဩစတြေးလျ ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့တွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ဩစတြေးလျအထက်လွှတ်တော်အမတ်က ဩစတြေးလျနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ရခိုင်ပြည်နယ်ကိစ္စနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် ဆက်လက်ထောက်ခံအားပေးရပ်တည်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ် Hon Concetta Fierravanti-Wells အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
(သတင်းစဉ်)

# ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင်အမှတ် (I-11)၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



## ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေး မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည်

**နေပြည်တော် မတ် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုဝါ ဒူတာတေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# ယဉ်ကျေးမှု၊ ခရီးသွားနှင့် လေကြောင်းဆက်သွယ်ရေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး



**နေပြည်တော် မတ် ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘူတန်သံအမတ်ကြီး မစ္စတာ ရှီဝမ်ရှော့ဖယ်(လ်)ဒိုဂျီအား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ၎င်း၏နေအိမ်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းဆက်သွယ်ရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ လိပ်မူထားသည့် ဘူတန်ဝန်ကြီးချုပ် မစ္စတာ ရှာရင်းတော့ဂေး၏ စာလွှာကို ဘူတန်သံအမတ်ကြီးက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ဘူတန်သံအမတ်ကြီး မစ္စတာ ရှီဝမ်ရှော့ဖယ်(လ်)ဒိုဂျီတို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် စင်ကာပူနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးတို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၁၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်တို့သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဗေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် မစ္စတာ ဂိုချောက်တောင်က မြန်မာနိုင်ငံအပေါ် များစွာသံယောဇဉ်ရှိပြီး ဖွံ့ဖြိုးတိုးတက်စေလိုကြောင်းနှင့် မြန်မာနိုင်ငံရေး အခြေအနေတွင် တပ်မတော်နှင့် နိုင်ငံရေးပါတီများ အပြန်အလှန်ယုံကြည်မှုရှိပြီး ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်သည်ဟု ရှုမြင်သုံးသပ်ကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိအစိုးရနှင့် လွှတ်တော်သက်တမ်း တစ်နှစ်တာကာလအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှု အောင်မြင်ရေးအတွက် တပ်မတော်မှရပ်တည်လုပ်ဆောင်နေမှုများ၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ် တည်တည်ငြိမ်ငြိမ်ဖြင့် အောင်မြင်စေရေး၊ တိုင်းပြည်တိုးတက်ရေးအတွက်၊ စီးပွားရေးအားကောင်းစေရေးတို့အတွက် မျှော်လင့်ချက်ထားပြီး ဝိုင်းဝန်းလုပ်ဆောင်နေမှုကို ဆွေးနွေးပြောကြားခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နံနက်ပိုင်းက နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဌာန၌ တက်ရောက်စစ်ဆေးကုသမှုခံယူလျက်ရှိသည့် နှစ်လသားအရွယ် မိဘမဲ့ကလေးငယ် မဆောင်းဒီဇင်ဘာထွန်းအား သွားရောက်ကြည့်ရှုသည်။

ကလေးငယ် မဆောင်းဒီဇင်ဘာထွန်း၏ ဖခင် ဦးဝေယံထွန်းနှင့် မိခင် ဒေါ်ဗျာမီးတို့သည် လောက်ကိုင်မြို့ရှိ ယောအဲရှီမူလတန်းကျောင်းအား MNDAA လက်နက်ကိုင်အဖွဲ့များက မတ် ၆ ရက် နံနက်ပိုင်းက ဝင်ရောက်ပစ်ခတ်မှုဖြစ်စဉ်တွင် သေဆုံးခဲ့ပြီး အဆိုပါ ကလေးငယ်တစ်ဦးသာ အသက်ရှင်ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်တို့ တွေ့ဆုံဆွေးနွေးစဉ်**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မဆောင်းဒီဇင်ဘာထွန်းအား ဆေးရုံရှိ အထူးကုဆရာဝန်ကြီးများက နားပိုင်းဆိုင်ရာနှင့် နှလုံးပိုင်းဆိုင်ရာ စစ်ဆေးနေမှုကိုကြည့်ရှုပြီး လိုအပ်သည့် စစ်ဆေးကုသမှုဆိုင်ရာများအား ပြည့်စုံစွာဆောင်ရွက်ပေးရေး မှာကြားသည်။

ယင်းနောက် မဆောင်းဒီဇင်ဘာထွန်း၏ ဘိုးဘွားများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ကလေးငယ်အတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ ကလေးငယ်အား ဆေးရုံသို့ လိုက်ပါပို့ဆောင်ပေးသည့် ဆွေမျိုးများနှင့် ရွှေပြည်တော်သို့ ဆုံမှတ်ပရဟိတအသင်းမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကလေးငယ် မဆောင်းဒီဇင်ဘာထွန်းအား ကျန်းမာရေး စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရွှေပြည်တော်သို့ ဆုံမှတ်ပရဟိတအသင်းက၎င်း၏ ဘိုးဘွားများနှင့်အတူ နေပြည်တော်သို့ ခေါ်ဆောင်လာခြင်းဖြစ်ပြီး ကလေးငယ်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်က တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဌာန၌ နှစ်လသားအရွယ် မိဘမဲ့ကလေးငယ် မဆောင်း ဒီဇင်ဘာထွန်းအား ကြည့်ရှုစဉ်**

❒ ***ရှေ့ဖုံးမှ***

အလူမီနီယံကိုယ်ထည်ဖြင့် တည်ဆောက်ထားသည့် ကစ္စပနဒီ (၁)ရေယာဉ်သည် အလျား ၂၉ ဒသမ ၉၀ မီတာ၊ ရေစူး ၁ ဒသမ ၆ မီတာရှိပြီး ခရီးသည် ၁၄၅ ဦး သယ်ဆောင်နိုင်ကာ တစ်နာရီရေမိုင် ၂၀ မောင်းနှင်နိုင်သော ရေယာဉ်ဖြစ်သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် လေကြောင်းနှင့် ရေကြောင်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှု အကူအညီ အထောက်အပံ့အစီအစဉ်ဖြင့် စီမံကိန်းအသစ်ရှစ်ခု ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါ စီမံကိန်းများအနက်မှ ဂျပန်နိုင်ငံအစိုးရက တရားဝင်ဖွံ့ဖြိုးမှုအကူအညီ အထောက်အပံ့အဖြစ် ကမ်းရိုးတန်းနှင့် မြစ်တွင်းသွားခရီးသည်တင်ရေယာဉ် သုံးစင်းလှူဒါန်းရန်နှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ တာဝန်ရှိသူများက အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။ ရခိုင်ပြည်နယ်၏ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးခရီးစဉ်များတွင် အသုံးပြုရန် ဂျပန်နိုင်ငံမှ ပေးပို့မည့် ကစ္စပနဒီ (၂) သည် မေလအတွင်း ရောက်ရှိလာမည်ဖြစ်ပြီး ကစ္စပနဒီ(၃)ရေယာဉ်အား ဆက်လက်ပို့ဆောင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၁၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **(မိုး/ဇလ)**

❋ ကျောဖုံးမှ

စဥ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စုနှင့် ညောင်ဝန်းကျေးရွာ၊ မတ္တရာမြို့နယ် ရေနံ့သာကျေးရွာအုပ်စုတို့မှ မူလတောင်သူများကိုယ်စား တောင်သူကိုယ်စားလှယ်များထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်စုပေါင်းခန်းမ၌ ကျင်းပသည့် ကန့်ဘလူခရိုင်အတွင်းမှ ပြန်လည်စွန့်လွှတ်မြေများအား မူလတောင်သူများသို့ ယာယီလယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယသမ္မတက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြန်လည်စွန့်လွှတ်မြေများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက မူလတောင်သူ ၆၆ ဦးကိုယ်စား တောင်သူဦးလှသွင်၊ တောင်သူ ဦးဝင်းရှောင်နှင့် တောင်သူဦးတင်စိုးတို့ထံ ယာယီလယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘမျိုးသိန်းတို့က မူလတောင်သူ ၁၆၂ ဦး ကိုယ်စား တောင်သူကိုယ်စားလှယ်များထံ ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)ကို ပေးအပ်ကြသည်။

အခမ်းအနားများတွင် ဒုတိယသမ္မတက သိမ်းဆည်းခံလယ်ယာမြေများ၊ အခြားမြေများကို မူလပိုင်ရှင်ပြည်သူများလက်ဝယ်ကို ပေးအပ်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့်မူဝါဒများ၊ လမ်းညွှန်ချက်များချမှတ်ပြီး ဆောင်ရွက်နေကြောင်း၊ မြေယာကိစ္စသည် ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်းအထောက်အထားနှင့် ဥပဒေကြောင်းအရ ညီညွတ်မှု စသည့်အချက်များနှင့် စိစစ်ဆောင်ရွက်ရသည့်အတွက် ကိုင်တွယ်ဖြေရှင်းရာတွင် သေချာရန် အချိန်ယူရကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားထားသည့်အတိုင်း ကရုဏာနှင့်ယှဉ်ပြီး တရားမျှတမှုရရှိအောင် အတတ်နိုင်ဆုံးဖြေရှင်းဆောင်ရွက်ပေးနေကြောင်း။

လယ်သမားများအတွက် လယ်ယာမြေသည် အသက်သွေးကြောဖြစ်ကြောင်း၊ မိမိတို့စိုက်ပျိုးရေးနိုင်ငံအတွက် လယ်သမားများသည်လည်း အသက်သွေးကြောပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လယ်သမားများအတွက် အသက်တမျှ အရေးကြီးလှသည့် လယ်ယာမြေများ ပြန်လည်ရရှိရန် မိမိတို့အစိုးရအနေဖြင့် ဦးစားပေးအထူး တာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ပြီး ဆောင်ရွက်နေပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းမြေယာများထဲက အသုံးမပြုတော့သည့် မြေယာများကို ပြန်လည်စွန့်လွှတ်ရာတွင် မူလပိုင်ရှင်များထံ မြန်မြန်ရောက်လျှင် မြန်မြန်အကျိုးရှိမည်ဖြစ်သည့်အတွက် စိုက်ပျိုးရာသီအမီ အမြန်ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မိမိတို့အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူလျင်မြန်မှုရှိစေမည့် မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ကာ စနစ်တကျစိစစ်လွှဲပြောင်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် လယ်မဲ့၊ ယာမဲ့ဖြင့် အလုပ်အကိုင်အခွင့်အလမ်းမရှိသည့်အတွက် ကျေးလက်ဒေသကို စွန့်ခွာသွားမှုများ၊ မြို့ကြီးပြကြီးများသို့ မိသားစုလိုက်ရွှေ့ပြောင်းကျူးကျော်နေထိုင်မှုများ၊ ပြည်ပနိုင်ငံများသို့ ဆင်းရဲဒုက္ခခံပြီး နည်းလမ်းမျိုးစုံဖြင့် သွားရောက်လုပ်ကိုင်နေမှုများ၊ ခေတ်ပညာတတ်လုပ်ငန်းကျွမ်းကျင်မှုရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပြည်ပသို့ ထွက်ခွာဆုံးရှုံးနေမှုများ တဖြည်းဖြည်းလျော့ကျလာမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ မူလပိုင်ရှင်တောင်သူလယ်သမားများထံ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်လွှဲပြောင်းပေးနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့က အရာထမ်း၊ အမှုထမ်းများအနေဖြင့် မြေယာဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ စေတနာထားလုပ်ကိုင်ကြရန် လိုအပ်သကဲ့သို့ တောင်သူများအနေဖြင့်လည်း လုပ်ငန်းစဉ် မြန်ဆန်မှန်ကန်စေရေး ပူးပေါင်းပါဝင်ရန် အထူးလိုအပ်ကြောင်း။

မြေယာပြဿနာများကို လျင်လျင်မြန်မြန်ဖြေရှင်းနိုင်ရန် ဗဟိုကော်မတီအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အဆောတလျင် ဦးစားပေးဖြေရှင်းပေးရမည့် သိမ်းဆည်းမြေဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးလျက်ရှိကြောင်း။

လယ်ယာမြေများသည် ဘိုးဘွားပိုင်အမွေအနှစ်အစစ်ဖြစ်သည့်အတွက် သားစဉ်မြေးဆက် အမွေဆက်ခံခွင့်ရရှိထားသည်ကို တန်ဖိုးထားပြီး စားနပ်ရိက္ခာဖူလုံမှုရရှိအောင် စိုက်ပျိုးလုပ်ကိုင်သွားကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယနေ့ကျင်းပသည့် အခမ်းအနားများတွင် အမှတ်(၁၂၁)ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်းစွန့်လွှတ်မြေမှ စဥ့်ကူးမြို့နယ် မူလတောင်သူ ၂၂၅ ဦးအား မြေဧရိယာ ၁၂၆၉ ဒသမ ၃ ဧက၊ မတ္တရာမြို့နယ် အနာကြီးဆေးရုံ(ရေနံ့သာ) စွန့်လွှတ်မြေမှ မူလတောင်သူ ၂၃ ဦးအား မြေဧရိယာ ၁၄၀ ဒသမ ၅၁ ဧကတို့ကို လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ ကုမ္ပဏီလုပ်ပိုင်ခွင့်ရစွန့်လွှတ်မြေမှ ကန့်ဘလူခရိုင်အတွင်း မူလတောင်သူ ၂၂၈ ဦးထံ လယ်ယာမြေ ၃၇၉၂ ဒသမ ၆၄ ဧကအတွက် ယာယီလယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိပြီး ဆည်ရေထုတ်ပေါက်များ ထိန်းချုပ်ခန်း၊ ရေထုတ်ပေါက်များမှ ဆည်ရေထုတ်လွှတ်နေမှု၊ ဆည်ရေဝင်ရောက်မှုနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့အတွင်း လိုက်လံကြည့်ရှုကြသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က သဖန်းဆိပ်ရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ နှစ်စဉ် မိုးရေချိန် လက်မနှင့် ရေဝင်ရောက်မှု၊ နှစ်အလိုက် မိုးစပါး နွေစပါးစိုက်ပျိုးရေပေးဝေမှု၊ နှစ်အလိုက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်မှုနှင့် ပတ်ဝန်းကျင်၌ ဆက်စပ်ဆည်များ တည်ရှိနေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက စိုက်ပျိုးရေးအတွက် များစွာအကျိုးပြုနေသည့် သဖန်းဆိပ်ဆည်ကို နုန်းပို့ချမှုနည်းစေရန် ဆည်အထက်၌ ရွှေတူးဖော်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါ သဖန်းဆိပ်ရေလှောင်တမံကို ၁၉၉၆ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။ ရေလှောင်တမံမှာအမြင့် ၁၀၈ ပေ၊ အလျား ၂၂၅၈ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ၂၇၉၄၀၀ ဧကပေရှိပြီး စိုက်ပျိုးမြေဧက ၇၅၀၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မုံရွာမြို့သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် ကနီမြို့ရှိ တောင်ပျော်တွင်းနှင့် တွင်းမတောင်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တွင်းမတောင်၌ စစ်ကိုင်းဇွန်ဆေးဝါးနှင့် စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်မှ စိမ်းပြာရေညှိထုတ်လုပ်နေမှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းနံဘေးတစ်လျှောက် ကမ်းပြိုမှုမှကာကွယ်နိုင်ရန် ကျောက်စီမြေထိန်းနံရံ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မုံရွာမြို့ ကမ်းပြိုမှုမှကာကွယ်နိုင်ရန် ကျောက်စီမြေထိန်းနံရံ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်

# ကိုကိုးကျွန်းမြို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

**ရန်ကုန် မတ် ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ တပ်မတော်လေယာဉ်ဖြင့် ကိုကိုးကျွန်းမြို့သို့ သွားရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကိုကိုးကျွန်း မူလတန်းကြိုကျောင်းသို့ သွားရောက်၍ မူကြိုသင်ကြားရေးနည်းစနစ်များ ခေတ်နှင့်အညီဖြစ်စေရေး သင်ထောက်ကူပစ္စည်းများ လုံလောက်စွာရှိရေးတို့ကို မှာကြားဆောင်ရွက်သည်။ ထို့နောက် ကလေးငယ်များအား ကြက်ကြော်များ ကျွေးမွေး၍ ကစားစရာအရုပ်များ ဝေငှခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ပြည်သူ့အတွက် ဆောင်ရွက်ပေးနေမှုများ၊ ဝန်ကြီးဌာန၏ မူဝါဒနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူများက တင်ပြသော ဒေသအတွက် ဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်သည်များကို ဆောင်ရွက်ပေးနိုင်ရန် ချက်ချင်းကတိပြုညှိနှိုင်းပေးသည်။ အချို့သောတင်ပြချက်များအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကိုကိုးကျွန်းမြို့နယ်အတွက် အချိန်အခါမရွေး ဆက်သွယ်နိုင်သော Single Sided Band( SSB) စကားပြောစက်တစ်လုံး၊ FM ရေဒီယိုများ၊ အစားအစာများနှင့် ဝန်ကြီးဌာန သတင်းလွှာများထောက်ပံ့ခဲ့ပြီး ကိုကိုးကျွန်းမြို့ အထကတွင် တက္ကသိုလ်ဝင်တန်းဖြေဆိုနေမှုအား သွားရောက်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားသည်။

ယင်းနောက် ကိုကိုးကျွန်းမြို့နယ် ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသနေသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ပြီး အားပေးစကားပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးသည် ဇိနမာရ်ဇိန်ကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော်အားဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အထူးရန်ပုံငွေ၊ လွှတ်တော်ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၁၅**

တတိယအကြိမ် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Lake Garden Hotel ၌ ကျင်းပသည်။ **(ဓါပုံ)**




အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ် Hon Concetta Fierravanti-Wells က မြန်မာ-ဩစတြေးလျ ဖွံ့ဖြိုးမှုအကူအညီများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဖွံ့ဖြိုးမှုအကူအညီ ညှိနှိုင်းရေးအဖွဲ့ (DACU) နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီးက Australia's Development Assistance to Myanmar ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် အရှေ့တောင်အာရှဒေသနှင့် ဒေသခွဲဆိုင်ရာ First Assistant Secretary ဖြစ်သူ Mr.Philip Green တို့က ပညာရေးကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးမှု၊ ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့် Australia Volunteers For International Development ကဏ္ဍတို့၌ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ စုစုပေါင်း ၄၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် မတ် ၁၅**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်အတည်ပြုချက်များဖြင့် အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအတိုင်း သဘောတူပါကြောင်း၊ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပြီး လွှတ်တော်နှစ်ရပ်သဘောတူညီသည့် ဥပဒေကြမ်းအဖြစ် ၂၀၁၇ ခုနှစ် မတ် ၁၄ ရက်တွင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပါကြောင်း၊ အဆိုပါဥပဒေကြမ်းကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ယနေ့ပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၁ အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်** က ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင် ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် လမ်းဦးစီးဌာနမှ ကြီးကြပ်သည့်လမ်း မိုင်ပေါင်း ၇၁၈၀ ဒသမ ၂ မိုင်ရှိပါကြောင်း၊ ကတ္တရာလမ်း ၄၈၃၉ ဒသမ ၂ မိုင်၊ ကျောက်ချောလမ်း ၃၃၉ ဒသမ ၁ မိုင်၊ အမာခံလမ်း ၇၂၄ ဒသမ ၃ မိုင်၊ ကွန်ကရစ်လမ်း ၃၂၄ ဒသမ ၂ မိုင်၊ မြေသားလမ်း ၅၈၇ ဒသမ ၁ မိုင် ဖြစ်ပါကြောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပြင်ဆင်ထိန်းသိမ်းခြင်းကွန်ကရစ် ၃၃၆ ဒသမ ၃ မိုင် လုပ်ငန်းကိုလည်း ထည့်သွင်းလျာထားပါကြောင်း။

လမ်းများပြင်ဆင်ရာတွင် နှစ်စဉ် ပုံမှန်ပြင်ဆင်ရန် လိုအပ်ချက်အရ ပြင်ဆင်ရသည့် သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးတို့ကြောင့် ပျက်စီးခြင်းများကိုပြင်ဆင်ရသည့် အထူးပြင်ဆင်ထိန်းသိမ်းခြင်းနှင့် လွှတ်တော်သို့ပေးထားသည့် ကတိကဝတ်များအရ ပြင်ဆင်ရခြင်းများ ရှိပါကြောင်း၊ အဆိုပါလမ်းများအားလုံးကို ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဆိုပါက ယခုတင်ပြတောင်းခံငွေထက် များစွာကုန်ကျမှုရှိမည်ဖြစ်ပါ၍ လမ်းဦးစီးဌာနအနေဖြင့် မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းများကိုသာ တွက်ချက်တင်ပြထားခြင်းဖြစ်ပါကြောင်း။

တံတားဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ် မတ်လကုန်အထိ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ထိန်းသိမ်းခဲ့သည့် တံတားများအနေဖြင့် ပေ ၁၈၀ နှင့် အထက် တံတားကြီး ၅၀၆ စင်း၊ ပေ ၁၈၀ အောက် တံတားအစင်း ၄၀၀၀၀ ကျော်ကို ပုံမှန်အထူးနှင့် အရေးပေါ်ပြင်ဆင်ထိန်းသိမ်းခြင်းတို့ဆောင်ရွက်ရန် ပါဝင်ပါကြောင်း၊ ထို့အပြင် သဘာဝဘေးဒဏ်ကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုများဖြစ်ပေါ်ပါက အရေးပေါ်ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီ ၁ ရက်မှစ၍ လမ်း၊ တံတားဖြတ်သန်းခကောက်ခံရရှိရေးဂိတ်များကို ဖြေလျှော့ပေးခဲ့ပါကြောင်း၊ ၂၀၁၇ ခုနှစ်တွင်လည်း ထပ်မံဖြေလျှော့ပေးရန် စီစဉ်ထားရှိပါကြောင်း၊ တံတားကြီး၊ ငယ်များမှာ လုံခြုံရေးမီးထွန်းညှိခြင်းအတွက် လျှပ်စစ်မီတာခများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပေးဆောင်ရမည်ဖြစ်၍ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေမှ ကျခံပေးရမည်ဖြစ်ပါကြောင်း။

တန်ပိုယာဉ်များမဖြတ်သန်းစေရန် လိုအပ်သည့်ကတ္တားများကို တပ်ဆင်ပေးရန်အတွက်လည်း ရန်ပုံငွေလျာထားပါကြောင်း၊ ဒေသအသီးသီးရှိ အခြေစိုက်စခန်းများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ အုပ်ချုပ်မှုအထောက်အကူပြုမော်တော်ယာဉ်များ၊ ရေယာဉ်များပြင်ဆင်ထိန်းသိမ်းခြင်း၊ တံတားပြင်ဆင်ထိန်းသိမ်းရေးအတွက် သုတေသနစစ်ဆေးရေးစက်ကိရိယာများကိုလည်း လိုအပ်ချက်အရ ဝယ်ယူရခြင်းကို တံတားပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေမှ ကျခံသုံးစွဲရခြင်း ဖြစ်ပါကြောင်း။

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုသည့် ပြင်ဆင်ထိန်းသိမ်းရေးစရိတ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ ဘဏ္ဍာရေးကျင့်စဉ်များနှင့်အညီ လိုက်နာကျင့်သုံးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး** က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအပေါ် မူနှင့်အခြေခံသဘောများနှင့်စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဘဏ္ဍာရေးမူဝါဒအရ ဘတ်ဂျက်လိုငွေ ဂျီဒီပီအချိုးကို ၄ ဒသမ ၅ ရာခိုင်နှုန်း ဝန်းကျင်ထားရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အစိုးရဘတ်ဂျက်လိုငွေအတွက် ဘဏ္ဍာငွေဖြည့်ဆည်းမှုကို ဘတ်ဂျက်လိုငွေ ၏ ၃၀ ရာခိုင်နှုန်းသို့ လျှော့ချဖြည့်ဆည်းရန် သတ်မှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးမူဝါဒရည်မှန်းချက်များကို ထင်ဟပ်ပြီး ငွေကြေးပမာဏကို သက်ရောက်စေမည့် အခြားအချက်များကိုပါ ထည့်သွင်းစဉ်းစား၍ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွက် ငွေကြေးပမာဏရည်မှန်းချက်အား သီးသန့်ငွေကြေးပမာဏတိုးတက်မှု ၁၈ ရာခိုင်နှုန်း စုစုပေါင်းငွေကြေးပမာဏတိုးတက်မှုအား ၂၃ ရာခိုင်နှုန်းထားရှိသွားမည်ဖြစ်ကြောင်း၊ ပိုလျှံငွေကြေးပမာဏကို နုတ်သိမ်းရန်အတွက် အပ်ငွေလေလံ ခေါ်ယူခြင်းကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များ၊ ပြင်ဆင်အဆိုပြုချက်များကို သဘောတူကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြသည်။

စက်မှုဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏လုပ်ငန်းများ၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ လုပ်ငန်းသစ်ရှစ်ခု၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၏ ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းများမှဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းများဖြစ်သည့် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ) လုပ်ငန်း ၂၂ ခု၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) လုပ်ငန်း ၁၃ ခုနှင့် ဖြည့်စွက်လုပ်ငန်းများ၊ အပါအဝင် ဆောင်ရွက်ဆဲစီမံကိန်း ၄၄ ခု၊ ဖြည့်စွက်လုပ်ငန်း ၆၂ ခု၊ လုပ်ငန်းသစ် ၁၅ ခု၊ စက်ကိရိယာတန်ဆာပလာဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း၊ ရုံးသုံးပရိဘောဂနှင့် ယာဉ်များဝယ်ယူပြင်ဆင်ခြင်း စုစုပေါင်းစီမံကိန်းလုပ်ငန်း ၁၃၀ မှ စီမံကိန်းတန်ဖိုး ၁၁၆၅၂၄ ဒသမ ၅၇ သန်းကိုလျှော့၍ ခွင့်ပြုရန် ဒေါက်တာ မြတ်ဉာဏစိုး က အဆိုတင်သွင်းသည်။

အဆိုနှင့်စပ်လျဉ်း၍ **စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို** က ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် တင်ပြထားသည့် စက်ရုံများမှ စက်ရုံသုံးရုံအတွက် စိစစ်လျှော့ချထားသည့်ငွေများအနက် စုစုပေါင်းကျပ် ၅၉၀ ဒသမ ၆၉ သန်းကို ပြန်လည်ခွင့်ပြုပေးပါရန်၊ စက်မှုဝန်ကြီးဌာနရှိ စက်ရုံအချို့ကို လတ်တလောရင်းနှီးမြှုပ်နှံမှုများရပ်ဆိုင်း၍ လေ့လာသုံးသပ်ရေးကော်မတီများဖွဲ့စည်းပြီး မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သင့်သည်ကို လေ့လာသုံးသပ်မည့်အဆိုကို ကြိုဆိုလက်ခံကြောင်း၊ ထို့ကြောင့် ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံခြင်းနှင့် ပြန်လည်ထည့်သွင်းလျာထားတောင်းခံခွင့်ပြုနိုင်ပါရန် တင်ပြဆွေးနွေးရာ **ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး** က အကြီးစားစက်ရုံ(ကျောက်ဆည်)၊ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)နှင့် အမှတ်(၄) အထည်စက်ရုံ(ပွင့်ဖြူ) တို့အတွက် စက်ကိရိယာတန်ဆာပလာများ ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကျပ် ၅၉၀ ဒသမ ၆၉ သန်းကို လွှတ်တော်က ပြန်လည်ခွင့်ပြုပေးရန် ထပ်မံအဆိုပြုချက်ကို ဥပဒေကြမ်းပူးပေါင်းကော်မတီက သဘောတူကြောင်း တင်ပြဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ **မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်** က ပင်းပက်သံမဏိစက်ရုံ ရပ်ဆိုင်းထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက စက်ရုံကို စိုးရိမ်စရာမရှိကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေကြမ်းပူးပေါင်းကော်မတီမှ အဆိုပြုထားသည့် စီမံကိန်းတန်ဖိုးကိုလျှော့၍ ခွင့်ပြုရန်အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒကို စက်ခလုတ်နှိပ် အသုံးပြုရယူရာ ထောက်ခံမဲ ၃၃၅ မဲ၊ ကန့်ကွက်မဲ ၁၉၂ မဲ၊ ကြားနေမဲ ရှစ်မဲဖြင့် အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။

အဆိုပါဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်များ၊ ပြင်ဆင်အဆိုပြုချက်များ၊ ပြန်လည်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏ သဘောထားဆန္ဒရယူ၍ သီးခြားစီ အတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာပါ ခြေဆင်း၊ နိဒါန်း၊ အပိုဒ်၊ အပိုဒ်ခွဲများနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒကို သီးခြားစီ ရယူအတည်ပြုသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ဥပဒေကြမ်း၏ အပိုဒ် ၃၊ အပိုဒ်ခွဲ ခ မှ စ ထိ၊ အခန်း ၂ ခေါင်းစဉ်၊ အခန်း ၃ ခေါင်းစဉ်နှင့် အပိုဒ် ၅ မှ အပိုဒ် ၁၃ ထိတို့သည် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏သဘောထားနှင့်အညီ မူလအဆိုပြုချက်အတိုင်း ဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သင့်ကြောင်း အဆိုအတည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေကြမ်း၏ခေါင်းစဉ်နှင့် နိဒါန်းသည် မူလအဆိုပြုချက်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း၊ ဥပဒေကြမ်း၏ ပူးတွဲဇယား (၁) မှ (၇) ထိပါဝင်သည့် စီမံကိန်းတန်ဖိုးများနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ ၂ ပါ စီမံကိန်းလုပ်ငန်းများအပေါ် လွှတ်တော်၏ဆုံးဖြတ်ချက်နှင့်အညီ ရရှိသည့်ကိန်းဂဏန်းတန်ဖိုးများအတိုင်း ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ယင်းနောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဥပဒေမူကြမ်းတစ်ရပ်လုံးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရန် အဆိုတင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

**မင်းဝေမွှေး(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

# ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(ပထမနေ့)ကျင်းပ

**မော်လမြိုင် မတ် ၁၅**

ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (ပထမနေ့)ကို သံလွင်ဥယျာဉ်ရှိ မွန်ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ မတ် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ကြကြောင်း သိရသည်။ ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ကြမည့် ကိုယ်စားလှယ် ၃၁ ဦးရှိသည့်အနက် ၃၀ တက်ရောက်ကြသဖြင့် ဒုတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး(ပထမနေ့)ထမြောက်အောင်မြင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက ပြောကြားသည်။ ဆက်လက်၍ သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့၏ မွန်ပြည်နယ်အတွင်းရှိ အသေးစား၊ အလတ်စားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည့်မေးခွန်းကိုလည်းကောင်း၊ ပေါင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမင်းအောင်၏ မော်လမြိုင်မြို့နယ်အတွင်းရှိ မီးပွိုင့်များကို ၂၄ နာရီဖွင့်ပေးရန် အစီအစဉ် ရှိမရှိ သိရှိလိုသည့် မေးခွန်းကိုလည်းကောင်း၊ ပေါင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဇော်ထူး၏ တစ်နှစ်ပတ်လုံး တင်ဒါခေါ်ယူခြင်းမှ ရရှိလာသည့် ပိုလျှံငွေများအား မည်သို့အသုံးပြုထားသည့် ကိစ္စနှင့်ပတ်သက်၍ သိရှိလိုသည့်မေးခွန်းကို လည်းကောင်း၊ ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ကြည်ကြည်မြ၏ ချောင်းဆုံမြို့နယ် အပိုင် ဟသ်ာကျွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲအသစ်တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိမရှိ မေးခွန်းကိုလည်းကောင်း၊ ကျိုက်မရောမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်၏ သံဖြူဇရပ်မြို့နယ် ဆင်တောင်ကျေးရွာပိုင် ထင်းစိုက်ခင်းနှင့်ပတ်သက်၍ သိရှိလိုသည့်မေးခွန်းကိုလည်းကောင်း၊ မုဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသီဂီမော်၏ မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာ တိုးချဲ့ရေးနှင့်ပတ်သက်၍ သိရှိလိုသည့်မေးခွန်းကိုလည်းကောင်း မေးမြန်းကြရာ သက်ဆိုင်ရာဝန်ကြီးများက ဖြေကြားကြသည်။ ဆက်လက်၍ သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူက မြန်မာနိုင်ငံတွင် လိုင်စင်ချထားပေးသော Mobile Operator များ၏ဆောင်ရွက်ချက်များကို ပြည်သူများနစ်နာမှုမရှိစေရန် ကြပ်မတ်ထိန်းကျောင်းပေးမည့် အဖွဲ့အစည်းများအား ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ထားရှိရေးတိုက်တွန်းကြောင်း အဆိုတင်သွင်းပြီး ဦးအောင်ကျော်သူ၏ အဆိုကို ပေါင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းမင်းအောင်က လည်းကောင်း၊ သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က လည်းကောင်း ထောက်ခံကြသည်။ ယင်းနောက် ပြည်နယ်တရားလွှတ်တော်၏ ၂၀၁၆ ခုနှစ်အတွက် အနှစ်ချုပ်အစီရင်ခံစာကို ပြည်နယ်လွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးက ဖတ်ကြားတင်ပြပြီး ပြည်နယ်စာရင်းစစ်ချုပ်ရုံး၏ ၂၀၁၅ ၂၀၁၆ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏ အရအသုံးခန့်မှန်းခြေငွေစာရင်း စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ပြည်နယ်စာရင်း စစ်ချုပ် ဒေါ်သိန်းသိန်းဦးက ဖတ်ကြားတင်ပြ၍ ဒုတိယအကြိမ် မွန်ပြည်နယ် လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (ပထမနေ့) အစည်းအဝေးရပ်နားပြီး မတ် ၁၆ ရက် (ကြာသပတေးနေ့) တွင် ဒုတိယနေ့အဖြစ် အစည်းအဝေးကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး၊ တင်ထွဋ်(မော်လမြိုင်)**

# ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး မောင်တောမြို့နယ်အတွင်းရှိ စာစစ်ဌာနများအား လှည့်လည်ကြည့်ရှု



**မောင်တော မတ် ၁၅**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို စာစစ်ဌာနငါးခုတွင် ယနေ့ ဆက်လက်ဖြေဆိုကြရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုကြကြောင်း တွေ့ရသည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် မောင်တောခရိုင် ပညာရေးမှူးရုံးသို့ရောက်ရှိပြီး အထက-မောင်တော(အရှေ့ခြမ်း)၊ အထက-မောင်တော (အနောက်ခြမ်း) နှင့် အထက-၂ မောင်တောစာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနေမှုကို လိုက်လံကြည့်ရှုသည်။

ယနေ့ စာမေးပွဲတွင် ဇီဝဗေဒဘာသာတွဲမှ ကျောင်းသား ကျောင်းသူ ၄၇၁ ဦး၊ ဖြေဆိုရာခိုင်နှုန်း ၄၉ ဒသမ ၈၉ ရာခိုင်နှုန်း၊ ဘောဂဗေဒဘာသာတွဲမှ ကျောင်းသား ကျောင်းသူ ၈၁၅ ဦး၊ ဖြေဆိုရာခိုင်နှုန်း ၇၃ ဒသမ ၅၆ ရာခိုင်နှုန်း စုစုပေါင်းဖြေဆိုသူ ၁၂၈၆ ဦး၊ ဖြေဆိုရာခိုင်နှုန်း ၆၂ ဒသမ ၆၇ ရာခိုင်နှုန်း ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။ ယနေ့ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာတွဲဖြင့် ဖြေဆိုသော ကျောင်းသား ကျောင်းသူများအတွက် နောက်ဆုံးနေ့စာမေးပွဲဖြစ်ပြီး ဝိဇ္ဇာတွဲယူထားသော ကျောင်းသား ကျောင်းသူများမှာ ဆက်လက်ဖြေဆိုကြရမည်ဖြစ်သည်။

စာစစ်ဌာနအသီးသီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများက စောင့်ရှောက်ပေးလျက်ရှိရာ မောင်တောမြို့နယ်အတွင်းရှိ စာစစ်ဌာန အားလုံးတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ခဲ့ကြောင်း သိရသည်။

**အေးမြ(မန္တလေး)၊ အေးမင်းသူ**

# ဈေးကွက်လိုအပ်ချက်အရ ငါးထုတ်လုပ်မှု နှစ်ဆမြင့်တက်လာ

**ရန်ကုန် မတ် ၁၅**

ငါးစားသုံးမှုဈေးကွက်လိုအပ်ချက်အရ ငါးမွေးမြူထုတ်လုပ်မှုမှာ နှစ်ဆမြင့်တက်ခဲ့ကြောင်း ရန်ကုန်မြို့ဇဟိုစံပြငါးဈေးကြီးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဇဟိုစံပြငါးဈေးကြီးကို ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးမှ ငါးတွေဝင်ရောက်လာပါတယ်။ စက်လှေတွေနဲ့ လာတာရှိတယ်။ တစ်ခါတလေ ကားနဲ့ လာတာလည်းရှိပါတယ်။ အရင်တုန်းကတော့ နေ့စဉ် ပိဿာချိန် တစ်သိန်းခွဲလောက်ပဲ ဝင်တာပါ။ အခုတော့ နေ့စဉ် ပုံမှန်ပိဿာချိန် နှစ်သိန်းခွဲလောက် ဝင်ပါတယ်။ တစ်ခါတလေ ရေ'ထ' ရက်နဲ့ ကြုံမယ်ဆိုရင် ရေပေါ်ရေလျှံငါးတွေပါရှိလာတဲ့အတွက် တစ်ရက်ကို ပိဿာချိန် လေးသိန်းအထိ ဝင်ရောက်တာလည်း ရှိပါတယ်။ ခုအချိန်က ပင်လယ်ငါးဝင်ရောက်မှုကလည်း မပြတ်သေးဘူး။ သဘာဝအင်းအိုင်တွေကရတဲ့ ငါးတွေလည်း ဝင်ရောက်နေဆဲဖြစ်ပါတယ်" ဟု ဇဟိုစံပြငါးဈေးကြီး ငါးဒိုင်ကိုယ်စားလှယ်များ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြမောင်က ပြောသည်။

ယခုအခါ ရန်ကုန်မြို့တွင် ငါးကိုပုံမှန်စားသုံးနေသူများအပြင် ဟိုတယ်နှင့် စားသောက်ဆိုင်များ ပေါ်များလာခြင်း၊ ငါးအသုံးပြုစားသောက်ကုန်များ ထုတ်လုပ်လာခြင်းတို့ကြောင့် ငါးစားသုံးမှု demand မှာ မြင့်တက်လာကြောင်း၊ demand အပေါ်မှာမူတည်ပြီး supply မှာလည်း မြင့်တက်လာကြောင်း၊ ငါးစားသုံးမှု ဈေးကွက်မြင့်တက်လာခြင်းကြောင့် ငါးမွေးမြူထုတ်လုပ်မှုများကလည်း တိုးမြှင့်ထုတ်လုပ်လာကြောင်း ဦးမြမောင်က ပြောသည်။

ယခင်က ငါးမွေးမြူထုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးသည် ၁၀ ဧကဖြင့် လုပ်ကိုင်နေသော်လည်း ယခုအခါ ဧက ၁၀၀ ကျော်အထိ ငါးမွေးမြူထုတ်လုပ်လာကြကြောင်း၊ ဈေးကွက်လိုအပ်ချက် မြင့်မားလာ၍ ငါးမွေးမြူထုတ်လုပ်သူများက ဧကများတိုးချဲ့ကာ ထုတ်လုပ်လာကြကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ယခုအခါ ငါးဈေးကွက်မှာလည်း အဝင်အထွက်မျှတနေသဖြင့် အလယ်အလတ် တည်ငြိမ်နေကြောင်း၊ မိုးဦးလေဦးကာလနှင့် ငါးရစ်ငါးသန်မဖမ်းရချိန်တွင် ငါးဈေးနှုန်းအတက်အကျဖြစ်ပေါ်တတ်ကြောင်း၊ မိုးဦးကျကာလ ပင်လယ်ပြင် ငါးဖမ်းထွက်မှုနည်းသဖြင့် ငါးအဝင်နည်းကာ ဈေးနှုန်းအပြောင်းအလဲဖြစ်နိုင်ကြောင်း သိရသည်။

သို့သော်လည်း မိုးဦးလေဦးကာလတွင် ပင်လယ်သဘာဝငါး အဝင်နည်းသော်လည်း မွေးမြူရေးငါးများ ပိုမိုဝင်ရောက်လေ့ရှိခြင်းကြောင့် ငါးဈေးနှုန်းအတက်အကျကို ပြန်လည်ထိန်းညှိထားကြောင်း၊ ငါးဈေးကွက်ကျွမ်းကျင်သူများက ဆိုသည်။ ဇဟိုစံပြငါးဈေးကြီးတွင် နေ့စဉ် ငါးပိဿာချိန် နှစ်သိန်းခွဲမှ သုံးသိန်းဝင်ရောက်လျက်ရှိရာ လုပ်ငန်းများ ၂၄ နာရီပတ်လုံး လည်ပတ်ကာ ရောင်းဝယ်ဖောက်ကားလျက် ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# လှိုင်သာယာမြို့နယ်၌ မှုခင်းကျဆင်းရေးအတွက် တည်းခိုခန်းပိုင်ရှင်များအား တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၁၅**

မှုခင်းဖြစ်ပွားမှုကျဆင်းရေးနှင့် ဒုစရိုက်သမားများ ရှောင်တိမ်းခိုအောင်းမှုမရှိနိုင်စေရန် မတ် ၁၅ ရက် ညနေ ၃ နာရီက လှိုင်သာယာမြို့မစခန်းရှိ အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ မြို့မစခန်းပိုင်နယ်မြေမှ တည်းခိုခန်းပိုင်ရှင်များအား မှုခင်းကျဆင်းရေးတွင် ရဲတပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းဆောင်ရွက်နိုင်စေရန် မြို့မစခန်းမှူး ဒုရဲမှူး ဝင်းနိုင်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

"တည်းခိုခန်းမှာ တည်းခိုတဲ့သူတွေရဲ့အခြေအနေအမှန်ကို ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ခေါ်ယူတွေ့ဆုံတာပါ။ ဒါမှလည်း မှုခင်းဖြစ်နိုင်တဲ့သူတွေကို အချိန်မီထိန်းချုပ်နိုင်မှာပါ။ မြို့မရဲစခန်းအပိုင်မှာ တည်းခိုခန်းအလုံး ၅၀ ရှိတယ်။ ကျူးလွန်သွားတဲ့ ဒုစရိုက်သမားတွေဟာ အများအားဖြင့် တည်းခိုခန်းတွေမှာ တည်းတာများတယ်။တည်းခိုခန်းကလည်း မသင်္ကာတဲ့သူ ဘယ်သွား၊ ဘာလုပ်တယ်ဆိုတာ ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းလုပ်ဆောင်မှသာ မှုခင်းဖော်ထုတ်မှုကို ဆောင်ရွက်နိုင်မှာပါ။ တည်းခိုခန်းတွေကို နေ့တိုင်းမစစ်နိုင်ဘူး။ မသင်္ကာတဲ့အခြေအနေမျိုးမှာ မူးယစ်ဆေးမှုကအစ ဌာနဆိုင်ရာတွေနဲ့ပေါင်းစပ်ပြီး ဝင်ရောက်ရှာဖွေမှု လုပ်ဆောင်တယ်။ အဓိကပူးပေါင်းလုပ်ဆောင်ဖို့ပါပဲ။ မသင်္ကာရင် သတင်းပို့ဖို့ဆွေးနွေးခဲ့ပါတယ်" ဟု မြို့မစခန်းမှူး ဒုရဲမှူးဝင်းနိုင်က ပြောသည်။

လှိုင်သာယာမြို့နယ်ရှိ တည်းခိုခန်းများသည် မှတ်ပုံတင်မပါရှိသော်လည်း တည်းခိုနိုင်ခြင်း၊ မှတ်ပုံတင်တစ်ခုဖြင့် လူသုံးဦးတည်းခိုခြင်းတို့ လက်ခံခွင့်ပြုကြသည့်အတွက် မှုခင်းဖြစ်ပွားမှုလျော့နည်းစေရန် တည်းခိုခန်းပိုင်ရှင်၊ မန်နေဂျာတို့ကို တွေ့ဆုံခြင်းဖြစ်ကြောင်း သိရသည်။

"တည်းခိုခန်းတွေအနေနဲ့ အခက်အခဲတော့မရှိဘူး။ ဌာနဆိုင်ရာက လာစစ်ရင် မှတ်ပုံတင်တစ်ယောက်ပါရင်ရလားလို့ မေးတယ်။လုံးဝမပါရင် လက်မခံဘူး။ တစ်ယောက်ပါရင် လက်ခံတဲ့မှုနဲ့ သွားနေတာတော့ရှိတယ်။ ရဲနဲ့ ပြည်သူပူးပေါင်းပြီး မှုခင်းကျဆင်းရေးဆောင်ရွက်တာဟာ ကောင်းမွန်တဲ့အလားအလာပါ။ မိမိတည်းခိုခန်းရဲ့ ပုံရိပ်ကိုကောင်းအောင် ကြိုးစားဖို့တော့လိုတယ်" ဟု ယုဝတီတည်းခိုခန်းပိုင်ရှင်က ပြောသည်။

လှိုင်သာယာတွင် မြို့မရဲစခန်းအပိုင်၌ တည်းခိုခန်းအလုံး ၅၀ နှင့် အောက်စခန်းဖြစ်သော သောင်ကြီးရဲစခန်းအပိုင်တွင် တည်းခိုခန်း ၁၁ လုံး ဖွင့်လှစ်ထားရာ လှိုင်သာယာတွင် တည်းခိုခန်းပေါင်း ၆၁ လုံးရှိကြောင်း သိရသည်။

(၁၆၄)

# အခမဲ့နယ်လှည့်ကွင်းဆင်း ဆေးကုသပေး

**ပလောက် မတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့ ကျောက်လုံးကြီးကျေးရွာ၌ ပုလောမြို့နယ် ဆရာဝန်များအဖွဲ့မှ အခမဲ့နယ်လှည့်ကွင်းဆင်းဆေးကုသပေးခြင်းကို မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျောက်လုံးကြီးကျေးရွာအုပ်စု သရက်တစ်ပင်ကျေးရွာ မူလွန်ကျောင်း၌ အခမဲ့ဆေးဝါးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာပြုံးချို၊ သွားနှင့်ခံတွင်းအထူးကုဆရာဝန် ဒေါက်တာသက်ထွန်းပိုင်၊ မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန် ဆွေသူဖြိုးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောက်လုံးကြီးကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများအား အထွေထွေရောဂါနှင့် သွားနှင့် ခံတွင်းရောဂါများ အခမဲ့စမ်းသပ်၍ ဆေးဝါးများ ကုသပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

မတ် ၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ -၁၆တွင် ဖော်ပြခဲ့သော စာရေးဆရာ ဆူးငှက်၏ ရုပ်တု၊ စာမျက်နှာ၊ ကျောက်ထက်အက္ခရာမှ ကင်းဝန်ပုံရိပ်ရသဟန်ဆောင်းပါး ဒုတိယကော်လံ စာကြောင်းရေ (၆) တွင် **ကင်းဝန်မင်းကြီးထံ သတိပေးသည့်အနေဖြင့် ၁၈၇၉ ခု ဖေဖော်ဝါရီလ ၁၉ ရက် နေ့စွဲဖြင့် စာတစ်စောင်ပေးပို့ခဲ့** ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ (မြန်မာ့အလင်း)

# ကျောက်တော်မြို့ ပြည်တော်သာရပ်ကွက် မြို့ဝင်လမ်း၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မတ် ၁၅**

ကျောက်တော်မြို့ ပြည်တော်သာရပ်ကွက် မြို့အဝင်လမ်း လောင်စာဆီရောင်းချသည့် ဆီဆိုင်တန်းတွင် ယနေ့ညနေ ၆ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုအား မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ကားနှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၈ နာရီကျော်တွင် မီးညွန့်ကျိုးသွားခဲ့ပြီး ည ၉ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် ဆီဆိုင် ၄၁ ဆိုင်၊ ဆိုင်ကယ်ပြင်ဆိုင် တစ်ဆိုင်၊ လက်ဖက်ရည်ဆိုင်တစ်ဆိုင်နှင့် ကားဝပ်ရှော့ဆိုင်တစ်ဆိုင်တို့ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆီဘောက်ဆာမှ ဆီပီပါအတွင်းသို့ ဂေါက်တံဖြင့်လှည့်၍ ဆီဖြည့်နေစဉ် ဂေါက်တံနှင့် ဆီပီပါ ပွတ်တိုက်မှုကြောင့် မီးပွားကျရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ကနဦး စစ်ဆေးချက်အရ သိရှိရသည်။



**(သတင်းစဉ်)၊ ဓာတ်ပုံ-မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့**

## ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

# မိုးရေတိုက်စားမှုကြောင့် ပျက်စီးနေသည့်နေရာများအား ကတ္တရာထပ်ပိုးလွှာများ ပြန်လည်ခင်း

**ညောင်ဦး မတ် ၁၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်လမ်းဦးစီးဌာနမှ ဒေသခံပြည်သူများနှင့် ပုဂံ-ညောင်ဦး - ပုပ္ပားသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပကမ္ဘာလှည့်ခရီးသွား ဧည့်သည်များ ဗျတ္တပန်းဆက်လမ်းအား သွားလာအသုံးပြုရာတွင် ယာဉ်အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်စေရန် ရည်ရွယ်၍ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုငွေလုံး ငွေရင်းများဖြင့် မတ် ၁ ရက်မှစတင်ပြီး ဗျတ္တပန်းဆက် လမ်းပိုင်းရှိ မိုးရေတိုက်စားမှုကြောင့် ပျက်စီးနေသည့်နေရာများအား ကတ္တရာထပ်ပိုးလွှာများ အသစ်ထပ်မံခင်းကျင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ ပုဂံ- ညောင်ဦး - ပုပ္ပားသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများယာဉ်အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် ရည်ရွယ်၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ညောင်ဦးခရိုင်လမ်းဦးစီးဌာနမှ မိုးရေတိုက်စားမှုကြောင့် ပျက်စီးနေသည့် ဗျတ္တပန်းဆက်လမ်းပိုင်း၇ ဒသမ ၄ ကီလိုမီတာ မှ ၈ ဒသမ ၀၄ ကီလိုမီတာကြားရှိ အရှည် ၀ ဒသမ ၂ ကီလိုမီတာနှင့် ၉ ဒသမ ၀၅ ကီလိုမီတာမှ ၉ ဒသမ ၂၅ ကီလိုမီတာကြားရှိအရှည် ၀ ဒသမ ၀၅ ကီလိုမီတာ စုစုပေါင်းပျက်စီးသည့် လမ်းပိုင်းအရှည် ၀ ဒသမ ၂၅ ကီလိုမီတာကို ကတ္တရာထပ်ပိုးလွှာများ ပြန်လည်ခင်းကျင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၁၉ ဒသမ ၀၅ သန်းဖြင့် ၇ ဒသမ ၄၄ ကီလိုမီတာမှ ၇ ဒသမ ၈၄ ကီလိုမီတာကြားရှိ လမ်းအရှည် ၀ ဒသမ ၄ ကီလိုမီတာအား ကတ္တရာထပ်ပိုးလွှာများ ပြန်လည်ခင်းကျင်းပေးခဲ့ကြောင်း သိရသည်။ မတ် ၁၀ ရက်က အဆိုပါ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ အပြီးသတ် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ကြားဖြတ်ရွေးကောက်ပွဲအတွက်မဲရုံနှင့် သက်ဆိုင်သည့် ဆက်စပ်ပစ္စည်းအမျိုး ၂၀ ပေးအပ်မည်

**မုံရွာ မတ် ၁၅**

ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မုံရွာမြို့နယ်မှ မဲရုံ ၁၅၉ ရုံကို လိုအပ်သောမဲထည့်သည့်ပုံးများ၊ ချိပ်တောင့်၊ တံဆိပ်တုံး၊ လိုအပ်သော တံဆိပ်များအပြင် လုံခြုံရေးကြိုး စသည့်ဆက်စပ်ပစ္စည်း၂၀ ကျော်ကို မတ် ၁၈ ရက်တွင် ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများထံ ပေးအပ်သွားမည်ဖြစ်ကြောင်း မုံရွာခရိုင်ကော်မရှင်အဖွဲ့ခွဲတာဝန်ရှိသူထံမှ သိရသည်။

ထို့ပြင် အဆိုပါ မတ် ၁၈ရက်တွင်ပင် ကြားဖြတ်ရွေးကောက်ပွဲကာလ ၁၂ ရက်စာအတွက် နေ့တွက်စရိတ်နှင့် မဲရုံပြင်ဆင်စရိတ်များကို ထုတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ နေ့တွက်စရိတ်ကို ၈၅ အုပ်စုမှရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲမှမဲရုံတစ်ရုံလျှင် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံမှူး စုစုပေါင်း ငါးဦးနှင့် ခုနစ်ဦးကြားကို ၁၂ရက်စာ နေ့တွက်စရိတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကို ရပ်ကျေးရုံးများမှ ထုတ်ပြန်ကြေညာခဲ့စဉ်က မုံရွာမြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄၈၅၇၈ ဦးရှိသည့်အနက် လာရောက်ကြည့်ရှုသူမှာ ၁၀၀၀ ကျော်သာရှိခဲ့သောကြောင့် မတ် ၁၇ရက်တွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ မတ် ၁၇ရက်တွင် မဲဆန္ဒရှင်စာရင်းများ ကြေညာခြင်းနှင့်အတူ မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် မတ် ၃၀ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ် ၃ ရက်က ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများမှ ထုတ်ပေးခြင်းမပြုဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ခံထုတ်ပေးရန် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများက သဘောတူခဲ့ကြကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရေတာရှည်မြို့နယ်အတွင်း ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် တရားမဝင် သစ်ဖမ်းဆီးမှုများပြားလာ

**ရေတာရှည် မတ် ၁၅**

မြန်မာနိုင်ငံအတွင်း သစ်တောသယံဇာတများ တည်တံ့စေရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်စေရေး အတွက် တရားမဝင်သစ်ထုတ်လုပ်မှုများကို ကြိုတင်ကာကွယ်ခြင်း၊ ဝန်ထမ်းအင်အားစုဖွဲ့၍ ရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ အဆက်မပြတ်ပြုလုပ်လျက်ရှိရာ ပဲခူးရိုးမနှင့်ဆက်စပ်မှုရှိနေသည့် ရေတာရှည်မြို့နယ်၌ ပြည်သူများ ပူးပေါင်းပါဝင်ကူညီပြီး တာဝန်သိစွာ သတင်းပေးမှု ဖြင့် တရားမဝင်သစ်များအား ဖမ်းဆီးရမိလျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်ဌေးက ပြောသည်။

စမိုးထင်းကြိုးဝိုင်း၊ အရှေ့ဆွာကြိုးဝိုင်း၊ အနောက်ဆွာကြိုးဝိုင်း၊ အကွက် (၁၀၀)၊ (၉၂) (၉၄)တို့မှ ဖေဖော်ဝါရီ ၆ ရက်မှ ၂၂ ရက်အထိ ကျွန်းသစ်လုံး ၁၆ လုံး (၂ ဒသမ ၄၀၇၅)တန်၊ ကျွန်းခွဲသား ၂၀၀၃ ချောင်း (၁၆ ဒသမ ၃၈၄၂)တန်၊ ပျဉ်းကတိုးခွဲသား ၃၂၉၇ချောင်း (၁၀ ဒသမ ၉၉၅၀)တန်၊ ပျဉ်းကတိုး သစ်လုံး ၂၀ (၁၄ ဒသမ ၂၀၂)တန် စုစုပေါင်း ၄၃ ဒသမ ၉၈၈၇ တန် ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး(နေပြည်တော်) တိုင်း သုံးတိုင်း ပူးပေါင်းစစ်ကြောင်းများဖြင့် ဆက်လက်ဖမ်းဆီးမှုများရှိနေရာ မတ် ၁၂ ရက်အထိ ကျောက်မဆင်သစ်တောကြိုးဝိုင်းဘိနယ်(၁)၊ ဆွာတမံသစ်တောကြိုးဝိုင်းဘိနယ်၊ သာဂရကျေးရွာအုပ်စု တုံးခေါင်းကျေးရွာဝန်းကျင်မှ တရားမဝင်ကျွန်းသစ်ခွဲသား၊ ကျွန်းတံခါးရွက် စုစုပေါင်း ၂၇ ဒသမ ၃၇၆ တန် ဖမ်းဆီးရမိခဲ့သည်။

ပဲခူးရိုးမသစ်တောအား တရားမဝင်သစ်ထုတ်လုပ်မှုများမှ ကာကွယ်နိုင်ရန် တားမြစ်ထားသော်လည်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်သည့် နွေကာလ၌ တရားမဝင်သစ်ထုတ်သူများက နည်းလမ်းအမျိုးမျိုးဖြင့် ထုတ်ယူလျက်ရှိနေပြီး ပြည်သူလူထု၏ တာဝန်သိစွာ သတင်းပေးမှုများ အဆက်မပြတ်ရရှိလျက်ရှိနေရာ သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တရားလွှတ်တော်စာရေးဝန်ထမ်း စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**ဖျာပုံ မတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများမှ စာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများအား ဝန်ဆောင်မှုပေးရာတွင် တရားရုံးလုပ်ငန်းများ စွမ်းဆောင်ရည်မြှင့်တင်ပြီး ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် အကောင်အထည်ဖော်ရာ၌ အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်လျက် စာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်ပွဲကို မတ်လဒုတိယပတ်က သင်တန်းဖွင့်ပွဲအခမ်းအနားတွင် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ဦးတင်အောင်က အမှာစကားပြောကြားခဲ့ပြီး အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဖေဖော်ဝါရီလအတွင်း ပြည်ပသို့တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၄၁၈၄ ဦးကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၆၅၁၁ နေရာကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် မတ် ၁၅**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

**၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေ**

| စဉ် | ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ် | အလုပ်ရ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း | |
| ၁။ | ပြည်ထောင်စုနယ်မြေ | ၁၁၁ | ၁၇ | **၁၂၈** | |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၄၁ | ၁၁၄၉၅ | **၁၁၇၃၆** | |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ၂၅ | ၃၃၅ | **၃၆၀** | |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၃၅ | ၁၂၀၁ | **၁၂၃၆** | |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၈၈ | ၉၄၄ | **၁၀၃၂** | |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၀၅ | ၂၅၇ | **၃၆၂** | |
| ၇။ | မကွေးတိုင်းဒေသကြီး | ၁၈ | ၄၉၅ | **၅၁၃** | |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ၂၁ | ၂၃၂ | **၂၅၃** | |
| ၉။ | ကချင်ပြည်နယ် | ၂၁ | ၃၈ | **၅၉** | |
| ၁၀။ | ကယားပြည်နယ် | ၅၃ | ၅၆ | **၁၀၉** | |
| ၁၁။ | ကရင်ပြည်နယ် | ၁၀ | ၉၁ | **၁၀၁** | |
| ၁၂။ | ချင်းပြည်နယ် - | ၁၈ | | **၁၈** | |
| ၁၃။ | မွန်ပြည်နယ် | ၃၃ | ၁၁၁ | **၁၄၄** | |
| ၁၄။ | ရခိုင်ပြည်နယ် | ၃၁ | ၁၃၃ | **၁၆၄** | |
| ၁၅။ | ရှမ်းပြည်နယ် | ၁၃၀ | ၁၆၆ | **၂၉၆** | |
| | **စုစုပေါင်း** | **၉၄၀** | **၁၅၅၇၁** | **၁၆၅၁၁** | |

**၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေ**

| စဉ် | နိုင်ငံ | စေလွှတ်ဦးရေ | မှတ်ချက် |
|---|---|---|---|
| ၁။ | မလေးရှားနိုင်ငံ | ၂၄၀ ဦး | |
| ၂။ | စင်ကာပူနိုင်ငံ | ၁၈ ဦး | |
| ၃။ | ကိုရီးယားနိုင်ငံ | ၄၂ ဦး | |
| ၄။ | ထိုင်းနိုင်ငံ | ၃၆၁၄ ဦး | |
| ၅။ | ဂျပန်နိုင်ငံ | ၂၁၈ ဦး | |
| ၆။ | ယူအေအီး | ၁၆ ဦး | |
| ၇။ | ကာတာနိုင်ငံ | ၃၅ ဦး | |
| ၈။ | မကာအိုနိုင်ငံ | ၁ ဦး | |
| | **စုစုပေါင်း** | **၄၁၈၄ ဦး** | |

(မြန်မာ့အလင်း)

# ဒေါ်နယ်ထရန့်၏ အခွန်စာရင်း ပြည်သူသို့ မပေါက်ကြားခင် အိမ်ဖြူတော်မှ ကြေညာ

**ဝါရှင်တန် မတ် ၁၅**

အမေရိကန်သတင်းထောက်တစ်ဦးသည် ဒေါ်နယ်ထရန့်၏ ၂၀၀၅ ခုနှစ်တွင် ပေးချေခဲ့သော အခွန်စာရင်းကို ရရှိခဲ့ပြီး ထုတ်ပြန်သွားမည်ဟု ကြေညာပြီးနောက်တွင် အိမ်ဖြူတော်က မတ် ၁၄ ရက်က လက်ဦးမှုရယူကာ ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အိမ်ဖြူတော်ထုတ်ပြန်ချက်တွင် ဒေါ်နယ်ထရန့်အနေဖြင့် ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၅၀ ရရှိခဲ့ပြီး တစ်ဦးချင်းဝင်ငွေဆိုင်ရာ အခွန် အမေရိကန်ဒေါ်လာ ၃၈ သန်းကို ပေးချေခဲ့ကာ အခြားသက်ဆိုင်ရာ အခွန်များနှင့် ပတ်သက်ပြီးလည်း အမေရိကန်ဒေါ်လာ သန်းဆယ်နှင့်ချီ ပေးချေခဲ့ကြောင်း ပါဝင်ခဲ့သည်။



အမေရိကန်နိုင်ငံ အမ်အက်စ်အင်န်ဘီစီရုပ်သံဌာနမှ သတင်းထောက်ရေချယ်မက်ဒိုးသည် ပြီးခဲ့သည့်ရက်ပိုင်းက ၎င်း၏တွစ်တာစာမျက်နှာတွင် ဒေါ်နယ်ထရန့်၏ ၂၀၀၅ ခုနှစ်က ပေးချေခဲ့သည့် အခွန်စာရင်းကို ရရှိထားကြောင်းနှင့် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အိမ်ဖြူတော်မှ ထိုဖော်ပြချက်ကို သိရှိခဲ့ပြီးနောက် ချက်ချင်း အခွန်ပေးချေမှုဆိုင်ရာ အချက်အလက်များကို ခိုးယူခြင်းနှင့် ထုတ်ပြန်ကြေညာခြင်းသည် တရားဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် လက်ရှိအချိန်ထိ အခွန်ပေးချေမှုဆိုင်ရာ အချက်အလက်အပြည့်အစုံကို ထုတ်ပြန်ကြေညာရန် ငြင်းဆိုခဲ့ပြီး ထိုသို့ငြင်းဆိုခြင်းမှာလည်း ခေတ်အဆက်ဆက်သော အမေရိကန်သမ္မတများ၏ အခွန်ပေးချေမှုဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ကြေညာသည့် အလေ့အထကို ချိုးဖောက်ခဲ့သောကြောင့် အများ၏ သံသယဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဒမတ်စကတ်တရားရုံးအတွင်း၌ အသေခံဗုံးခွဲမှုဖြစ်ပွား လူ ၃၀ ကျော်သေဆုံး

**ဒမတ်စကတ် မတ် ၁၅**

ဆီးရီးယားမြို့တော် ဒမတ်စကတ်တွင် ဗုဒ္ဓဟူးနေ့က တရားရုံးအဆောက်အအုံအတွင်း အသေခံဗုံးခွဲသမားတစ်ဦးက ဗုံးခွဲတိုက်ခိုက်ခဲ့မှုကြောင့် လူ ၃၀ ကျော်သေဆုံးကာ ၄၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားထုတ်လွှင့်မှုတွင် ဖော်ပြခဲ့သည်။

ဗုဒ္ဓဟူးနေ့ညနေခင်းက အဆောက်အအုံအတွင်းသို့ ဝင်ရောက်ရန်အတွက် လုံခြုံရေးဂိတ်၌ စစ်ဆေးမှုခံယူရန်စောင့်ဆိုင်းနေကြသူများထဲမှတစ်ဦးက ဗုံးခွဲတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗုံးခွဲသမားသည် ရုပ်ဖျက်သည့်အဝတ်အစားများဝတ်ဆင်ထားပြီး ရိုင်ဖယ်သေနတ်တစ်လက်နှင့် လက်ပစ်ဗုံးတစ်လုံးကို ကိုင်ဆောင်ထားခဲ့သည်ဟု ဆိုသည်။ ၎င်းသည် လုံခြုံရေးစစ်ဆေးသည့် ရဲသားထံသို့ ၎င်း၏လက်နက်များကို လွှဲပြောင်းပေးခဲ့ကြောင်း၊ ရဲအဖွဲ့က ၎င်းအားနောက်ထပ်စစ်ဆေးမှုတစ်ခုကို ကျော်ဖြတ်ရန်ပြောကြားခဲ့ရာ ဗုံးခွဲသမားသည် လုံခြုံရေးဂိတ်ကို တိုးဝှေ့ကျော်ဖြတ်ကာ တရားရုံးခန်းမဆောင်အတွင်းသို့ ဝင်ရောက်လာခဲ့ပြီး ၎င်းဝတ်ဆင်ထားသည့်အင်္ကျီအတွင်းမှ လက်ပစ်ဗုံးကို ပစ်ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်စနေနေ့ကလည်း အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့နှင့် ဆက်နွှယ်နေသည့် နျူဆရာတပ်ဦးအဖွဲ့သည် ဒမတ်စကတ်၌ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၇၄ ဦး သေဆုံးခဲ့ရသည်။

**(ဆင်ဟွာ)**

# အလုပ်သမားများအား ကာကွယ်ပေးခြင်းမရှိဘဲ ကုမ္ပဏီများပိတ်သိမ်းမှုသည် ပြစ်မှုကျူးလွန်ခြင်းဖြစ်ကြောင်း ပုပ်ရဟန်းမင်းကြီးဆို

**ဗာတီကန်စီးတီး မတ် ၁၅**

အလုပ်သမားများအပေါ်တွင် သက်ရောက်လာမည့် အကျိုးဆက်ကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ စက်ရုံများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကဲ့သို့သော ကုမ္ပဏီများကို ဖျက်သိမ်းလိုက်သည့် မန်နေဂျာများသည် ကြောက်မက်ဖွယ်ရာပြစ်မှုကြီးတစ်ခုကို ကျူးလွန်နေကြခြင်းပင်ဖြစ်ကြောင်း ပုပ်ရဟန်းမင်းကြီးဖရန်စစ်က ဗုဒ္ဓဟူးနေ့တွင်ပြောကြားခဲ့သည်။



စိန့်ပီတာစကွဲယား ရင်ပြင်ပေါ်၌ ထောင်သောင်းချီသည့် ပရိသတ်များအား ဟောပြောခဲ့စဉ်အတွင်း ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် အလုပ်သမားပြဿနာအငြင်းပွားမှုကြောင့် ထိခိုက်ခံစားရမည့် မိသားစုဝင်အတွက် မည်မျှစိုးရိမ်ပူပန်နေကြောင်း ပြောဆိုခဲ့သည်ကို Sky Italia ရုပ်မြင်သံကြားထုတ်လွှင့်တင်ဆက်မှုတွင် တွေ့မြင်ရသည်။

၎င်းသည် နိုင်ငံများစွာတို့တွင် ဖြစ်ပွားလျက်ရှိသည့် အလုပ်သမားပြဿနာများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်လျက်ရှိကြောင်းကို အထင်းသားတွေ့မြင်ရလျက်ရှိသည်။

စီးပွားရေးအရ လျှို့ဝှက်ကြံစည်မှု (သို့မဟုတ်) ပွင့်လင်းမြင်သာမှုအပြည့်အဝမရှိသည့် စာချုပ်စာတမ်းများချုပ်ဆိုရန်စီစဉ်မှု၊ စက်ရုံများအား ဖျက်သိမ်းမှုလုပ်ငန်းစုများကို ပိတ်သိမ်းပြီး အလုပ်သမားများအား အလုပ်လက်မဲ့ဖြစ်စေသူများသည် အလွန်ကြီးလေးသည့်ပြစ်မှုကို ကျူးလွန်နေခြင်းသာဖြစ်ကြောင်း ပုပ်ရဟန်းမင်းကြီးဖရန်စစ်က ပြောကြားခဲ့သည်။

အီတလီသတင်းစာများတွင် စိုးမိုးလျက်ရှိသည့် နောက်ထပ်အကြောင်းအရာတစ်ခုမှာ အလီတာလီယာလေကြောင်းလိုင်း၌ ပြုလုပ်နေသည့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းခွင်များတွင် အလုပ်သမား ၂၀၀၀ နှင့်အထက်သည် အလုပ်အကိုင်ဆုံးရှုံးရမည့်အခြေအနေတွင်ရှိနေကြောင်း သိရသည်

ကမ္ဘာပေါ်ရှိ နိုင်ငံအများစုနည်းတူ အီတလီနိုင်ငံတွင် ကုမ္ပဏီများနှင့် ကုန်ထုတ်လုပ်ငန်းများသည် အလုပ်သမားကုန်ကျစရိတ်နည်းပါးမှုကို အခွင့်ကောင်းယူရန် ပြည်ပသို့ ပြောင်းရွှေ့သွားခြင်းကြောင့် ကုမ္ပဏီများနှင့် စက်ရုံများအား ပိတ်သိမ်းမှုများကို မကြာခဏတွေ့မြင်ရသည်။

**(ရိုက်တာ)**



# တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲ မေ ၉ ရက်တွင် ကျင်းပမည်

**ဆိုးလ် မတ် ၁၅**

တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲကို မေ ၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းနေ့အား ယာယီအားလပ်ရက်အဖြစ် လျာထားကြောင်း မတ် ၁၅ ရက်က တောင်ကိုရီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနက ပြောခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ယခင်သမ္မတဟောင်း ပတ်ဂွမ်ဟေးအား စွပ်စွဲပြစ်တင်မှုကို တညီတညွတ်တည်း ထောက်ခံလိုက်ပြီးနောက် မတ် ၁၀ ရက်က ပတ်ဂွမ်ဟေးအား ရာထူးမှရုပ်စဲလိုက်ရာ သမ္မတရာထူးမှာ တရားဝင်လစ်လပ်သွားခဲ့သည်။ ထိုသို့လစ်လပ်သွားသည့်အတွက် သမ္မတရွေးကောက်ပွဲအား ရက်ပေါင်း ၆၀ အတွင်း ကျင်းပရခြင်းဖြစ်သည်။

လက်ရှိတွင် ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးချုပ်ဝမ်ကျိုအန်းက သမ္မတရွေးကောက်ပွဲကို တရားမျှတစွာကျင်းပနိုင်ရေးအတွက် ၎င်းအနေဖြင့် စီမံခန့်ခွဲရန် လိုအပ်သောကြောင့် သမ္မတရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း အစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့သည်။

ဝမ်သည် မကြာသေးမီက ပြုလုပ်ခဲ့သည့် ပြည်သူ့သဘောထားစစ်တမ်းကောက်ယူမှုတွင် သမ္မတရွေးကောက်ပွဲအတွက် နာမည်ပြေးနေပြီး အကြီးဆုံးအတိုက်အခံပါတီဖြစ်သည့် မင်ဂျူပါတီ ဥက္ကဋ္ဌဟောင်းဖြစ်သူ မွန်ဂျေအင်နှင့် နှိုင်းယှဉ်ပါက ထောက်ခံမဲအမြင့်ဆုံး ရရှိထားကြောင်း သိရသည်။

ဝမ်သည် လာမည့်ရွေးကောက်ပွဲအား သန့်ရှင်းမျှတစွာကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးများအနေဖြင့် အကောင်းဆုံးကြိုးစားကြရန် တိုက်တွန်းပြောဆိုခဲ့သည်။

**(ဆင်ဟွာ)**

# ဆိုမာလီပင်လယ်ပြင်တွင် ရေနံတင်သင်္ဘောတစ်စင်း ဖမ်းဆီးခံရ

**နိုင်ရိုဘီ မတ် ၁၅**

ယူအေအီးနိုင်ငံ ကုမ္ပဏီတစ်ခု၏ ရေနံတင်သင်္ဘောတစ်စင်း လွန်ခဲ့သောရက်က ဆိုမာလီပင်လယ်ပြင်တွင် ပင်လယ်ဓားပြများ၏ ဖမ်းဆီးခြင်းခံခဲ့ရကြောင်း စုံစမ်းမှုများအရ သိရသည်။

မတ် ၁၃ ရက် ဆိုမာလီဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက ယူအေအီးနိုင်ငံမှ အသေးစားရေနံတင်သင်္ဘောတစ်စင်းသည် ဂျီဘူတီနိုင်ငံမှ ဆိုမာလီယာနိုင်ငံသို့ သွားရောက်စဉ်အတွင်း ပင်လယ်ဓားပြများ၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး သင်္ဘောပေါ်၌ သီရိလင်္ကာနိုင်ငံမှ ဝန်ထမ်းရှစ်ဦးလိုက်ပါသွားကြောင်း အာဖရိကဒေသ ပင်လယ်ဓားပြ ကင်းစင်ရေးစီမံကိန်းတာဝန်ရှိသူ ဂျွန်စတီးဒ်က အတည်ပြုပြောကြားခဲ့သည်။

ယခုကဲ့သို့ ပြုလုပ်ခြင်းသည် ပင်လယ်ဓားပြများ၏ ဆောင်ရွက်မှုမျိုးသာဖြစ်ကြောင်း၊ ယခင်အချိန်က ဆိုမာလီပင်လယ်ပြင်တွင် ပင်လယ်ဓားပြများ၏ တိုက်ခိုက်ခံရ သည့် ကိစ္စရပ်များဖြစ်ပွားလေ့ရှိသော်လည်း ယခုဖြစ်ပွားခဲ့သည့် အမှုသည် ငါးနှစ်တာကာလအတွင်း ဆိုမာလီပင်လယ်ပြင်တွင် ဖြစ်ပွားသော ပထမဆုံးသင်္ဘောဖမ်းဆီး ခံရမှုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ကလေးသူငယ်စာပေ ဒုတိယအကြိမ် ဘာသာပြန်ပြိုင်ပွဲ ဆုချီးမြှင့်



**ရန်ကုန် မတ် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association-SVA) တို့ပူးတွဲကျင်းပသည့် ကလေးသူငယ်စာပေ ဒုတိယအကြိမ် ဘာသာပြန်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ စာပေဗိမာန်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်က "၂၀၁၄ ခုနှစ်ကစပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနဲ့ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့က စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နှစ်တစ်ကြိမ် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ လူငယ်တွေဖတ်သင့်တဲ့စာပေ ဘာသာပြန်ပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ စာကြည့်တိုက်တွေကို အခမဲ့ဖြန့်ဝေခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာတော့ ဒီလို ဘာသာပြန်တာမျိုးမလုပ်တော့ဘဲ လူငယ်တွေ ဘာသာပြန်စွမ်းရည်တိုးတက်ရေးနဲ့ ကလေးစာပေတွေဖွံ့ဖြိုးရေးအတွက် ကလေးသူငယ်စာပေ ဘာသာပြန်ပြိုင်ပွဲ ကျင်းပဖို့ ပူးတွဲဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်" ဟု ပြောသည်။

စာပေဗိမာန်နှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့သည် ဂျပန်နိုင်ငံ၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ယဉ်ကျေးမှုဗဟိုဌာနက ထုတ်ဝေသည့် ကလေးသူငယ်များအတွက် ပုံဝတ္ထုများ၊ (Asian Stories for Young Readers) စာစဉ် (၃)ခုမှ ဝတ္ထုတို ၁၀ ပုဒ်ကို စုစည်း၍ ပြဋ္ဌာန်းစာအုပ်အဖြစ်ရွေးချယ်ခဲ့ပြီး စာမူများ ယှဉ်ပြိုင်ကြရန် သတင်းစာများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ ဖိတ်ခေါ်ခဲ့ကာ ပြဋ္ဌာန်းစာမူနှင့်အတူ ပြိုင်ပွဲဝင်ပုံစံ၊ ပြိုင်ပွဲဝင်စည်းကမ်းတို့ကို ထုတ်ဝေခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲဝင် စာမူ ၂၃ ခုကို စာပေဗိမာန်၊ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့နှင့် ပြင်ပ ပညာရှင်တို့ပါဝင်သည့် စာမူစိစစ်ရေးအဖွဲ့က ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်သုံးဆင့်ခွဲလျက် စိစစ်ရွေးချယ်ခဲ့ကြသည်။ ပဏာမအဆင့်တွင် စာမူ ၁၅ ခု၊ ဆန်ခါတင်အဆင့်တွင် စာမူ ၁၀ ခု၊ အတည်ပြုအဆင့်တွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုနှစ်ဆုကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့မှ Country Director Ms. Aki Nakahara က "တိုင်းပြည်ရဲ့အနာဂတ်တာဝန်ကို ထမ်းဆောင်ကြမယ့် ကလေးတွေဟာ အရေးပါတဲ့ရတနာတွေ ဖြစ်ကြပါတယ်။ ကလေးစာပေထုတ်ဝေရေး ဖွံ့ဖြိုးတိုးတက်မှုဟာလည်း တိုင်းပြည်နဲ့ ကလေးသူငယ်များအတွက် အထောက်အကူကောင်း ဖြစ်လာပါလိမ့်မယ်။ ဒီရည်ရွယ်ချက်ဖြစ်မြောက်စေဖို့ ကျွန်မတို့အဖွဲ့က တတ်နိုင်သလောက် ပူးပေါင်းဆောင်ရွက်ပေးဖို့ရှိပါတယ်" ဟု ပြောသည်။

ဘာသာပြန်ပြိုင်ပွဲ ဆုရရှိသူများမှာ ပထမဆုကို "ငွေကြယ်များဆီသို့နှင့် အာရှပုံပြင်များ" စာမူဖြင့် သြမြတ်မေကိုက လည်းကောင်း၊ ဒုတိယဆုကို "ကြယ်စင်များဆီသို့" စာမူဖြင့် သက်လယ်၊ တတိယဆုကို "လူငယ်တို့အတွက် အာရှပုံပြင်များ" စာမူဖြင့် ဆွေဇင်မိုး၊ အထူးဆု (၁)ကို "ကြယ်စင်များဆီ လှမ်းတက်ချီနှင့် အခြားပုံပြင်များ" စာမူဖြင့် မေသက်(ဆေးဝါး) နှင့် အထူးဆု(၂)ကို "ကြယ်စင်များဆီ ခရီးထွက်ခြင်းနှင့် အခြားဝတ္ထုတိုများ" စာမူဖြင့် ချူးမျက်သွယ်(ချူး) တို့က ရရှိကြသည်။

ပထမရရှိသူ သြမြတ်မေကိုက "ဝမ်းသာပါတယ်။ ပထမဆုံးဘာသာပြန်လက်ရာဖြစ်ပါတယ်၊ နောက်ထပ်စာပေဗိမာန်ကကျင်းပတဲ့ ဘာသာပြန်စာပေပြိုင်ပွဲတွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်သွားဖို့ အစီအစဉ်ရှိပါတယ်။ လူကြီးပိုင်းတွေဖတ်တဲ့ ဘာသာပြန်စာပေတွေလည်း ပြန်ဆိုရေးသားသွားမှာပါ" ဟု ပြောသည်။

ပြိုင်ပွဲတွင် ပထမဆုရစာမူကို စာအုပ်အဖြစ်ရိုက်နှိပ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များမှတစ်ဆင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ စာကြည့်တိုက်များကို လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**သတင်း -မြတ်စန္ဒီ**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# ရဟတ်ယာဉ်တစ်စင်း စက်ချွတ်ယွင်း၍ ဆင်းသက်ခဲ့ရသော်လည်း တစ်စုံတစ်ရာထိခိုက်မှုမရှိခဲ့



**ရန်ကုန် မတ် ၁၅**

လေယာဉ်မောင်း ဗိုလ်မှူး ဝင်းဇော်ဦး မောင်းနှင်ပြီး မြိတ်လေတပ်စခန်းမှ မှော်ဘီ လေတပ်စခန်းသို့ပျံသန်းလာသည့် တပ်မတော်လေ့ကျင့်ရေး ရဟတ်ယာဉ်သည် ပျံသန်းနေစဉ် စက်ချွတ်ယွင်းမှုကြောင့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကုက္ကိုကျေးရွာအုပ်စု ညောင်ကားယားကျေးရွာရှိ ဦးဌေးဝင်းပိုင် လယ်ကွင်းအတွင်းသို့ မတ် ၁၅ ရက် ညနေ ၃ နာရီခန့်က ဆင်းသက်ခဲ့ရသည်။

အဆိုပါ ရဟတ်ယာဉ်နှင့်အတူ ရဟတ်ယာဉ်အတွင်း ပါရှိသည့်သူများ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **သူရိန်ထွန်း**




# မဲရုံလုံခြုံရေးကော်မတီများနှင့် လုံခြုံရေးတာဝန်ချထားမှု ညှိနှိုင်း

**ကျောက်တံခါး မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်ရန်အတွက် မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက မဲရုံလုံခြုံရေးတာဝန်ချထားမှု လုံခြုံရေးကော်မတီနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီတို့အား တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဒုတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးရဲမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်မင်းတို့လိုက်ပါခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်မှုစစ်ဆေး

**ပြည် မတ် ၁၅** ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေဖြင့် ပြည်မြို့နယ် ဝက်ထီးကန်နယ်မြေ ဝါးရုံဆိပ်ကျေးရွာနှင့် မိုးမှောင်ကျကျေးရွာတို့ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်နှင့်အဖွဲ့သည် မတ် ၁၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုးပြည်မှူးက ရှင်းလင်းပြောကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# ကျွန်းစုမြို့နယ် လင်မလိုင်ယ်ကျေးရွာ၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့က ပုစွန်အခွံခွာစက် လာရောက်တပ်ဆင်

**ကျွန်းစု မတ် ၁၅**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (International Labour Organization-ILO) နှင့် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများသည် ကျွန်းစုမြို့ မအိုင်ကျေးရွာအုပ်စု လင်မလိုင်ယ်ကျေးရွာ၌ ပုစွန်အခွံခွာစက်ကို မတ် ၁၅ ရက် နံနက် ၁၀ နာရီခန့်က သွားရောက်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စက်အားတပ်ဆင်ပေးရာတွင် ILO မှ Mr.Jonathan James၊ Mr. Ansen Ward နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာရာအိမ်မှူး ဦးစိုးဝင်းနေအိမ်တွင် စက်အားတပ်ဆင်ပေးပြီး ဒေသခံရေလုပ်သားများကို ပုစွန်များ၊ စက်ဖြင့်အခွံခွာခြင်းအား နမူနာစမ်းသပ်လုပ်ကိုင်ဆောင်ရွက်ပြသပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မလှိုင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ၄၀၀၀ ကျော် ဝင်ရောက်ဖြေဆို

**မလှိုင် မတ် ၁၅**

မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် အထက်တန်းကျောင်း ခြောက်ကျောင်းရှိပြီး စာဖြေဌာန ခုနစ်ခုရှိသည်။ ယခု ၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ၄၁၉၁ ဦး ဝင်ရောက်ဖြေဆိုရန်လျှောက်လွှာတင်သော်လည်း စာဖြေဌာန အထက ရွာဝတီဆောင်၊ အထက သံလျင်ဆောင်၊ အထက (ခွဲ) မြို့သစ်၊ အလက ထန်းကော၊ အထက ပန်းအိုင်၊ အထက ဆည်တိုနှင့် အထက နွားကန်တို့တွင် ကျောင်းသား၊ ကျောင်းသူ ၄၁၀၂ ဦး ဝင်ရောက်ဖြေဆိုကြသည်။ ပျက်ကွက်သူ ၈၉ ဦးရှိသည်။ ဖြေဆိုသူအားလုံး ၉၇ ဒသမ ၈၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

# သင်္ကြန်ကာလ မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးဆောင်ရွက်

**နေပြည်တော် မတ် ၁၅**

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရွှေတွင်းကုန်း မြို့မရဲစခန်းနယ်မြေအတွင်း၌ သင်္ကြန်ကာလအတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများဖြစ်ပွားမှုမရှိစေရေးအတွက် စခန်းမှူး ဒုရဲမှူး အောင်ကျော်ဦးက မတ် ၁၂ ရက် နံနက် ၁၀ နာရီက ဇေယျာသီရိမြို့နယ် နန်းသြကျေးရွာအုပ်စု ပုပ္ပားကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မှုခင်းကျဆင်းရေး ပညာပေးဟောပြောမှုများ ဆောင်ရွက်ခဲ့ရာ နန်းသြကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းချိုနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ ရပ်မိ/ရပ်ဖများ စုစုပေါင်း ၃၈ ဦးခန့် တက်ရောက်ခဲ့သည်။

ယင်းနောက် ထိုသို့ မှုခင်းကျဆင်းရေးပညာပေးဟောပြောမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုများကြောင့် သက်ငယ်မုဒိမ်းမှုများ လုံးဝဖြစ်ပွားခဲ့ခြင်းမရှိကြောင်း နှင့် အမှုကြီးဖြစ်ပွားမှုနှင့် အခြားမှုဖြစ်ပွားမှုများ လျော့နည်းကျဆင်းခဲ့ကြောင်း သိရသည်။

**မေသုခ**

# စက်သုံးဆီအရောင်းဆိုင်တွင် ဆီလှယ်ရာမှ မီးလောင်မှုဖြစ်ပွား၊ ယာဉ်နှစ်စီးဆုံးရှုံး

**သထုံ မတ် ၁၅**

မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက် ရန်ကုန်-မော်လမြိုင်ကားလမ်းနံဘေး မြို့အဝင် ရထားသံလမ်းကူးအနီးရှိ စက်သုံးဆီ အရောင်းဆိုင်တစ်ဆိုင်တွင် မတ် ၁၅ ရက် မွန်းလွဲပိုင်းက ဓာတ်ဆီရောင်းရန် ဆီလှယ်ထည့်ရာမှ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သထုံမြို့အဝင် ရထားသံလမ်းကူးအနီးရှိ ဦးအေးဝင်း ပိုင်ဆိုင်သည့် စက်သုံးဆီဆိုင်တွင် ဆီအရောင်းတာဝန်ခံဖြစ်သူ သောင်းထိုက်မိုး (၃၆ နှစ်) သထုံမြို့နေသူက ဓာတ်ဆီရောင်းရန် ကော်ပုံးထဲမှ ခွက်ထဲသို့ ဓာတ်ဆီလောင်းထည့်စဉ် ဆီ၊ လေနှင့် အပူရှိန်တို့ ပွတ်တိုက်မှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ခရိုင်မီးသတ်တပ်ဖွဲ့မှ သိရသည်။

မီးလောင်ရာသို့ သထုံခရိုင်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ယာဉ်



ခြောက်စီးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်မီးသတ်တပ်ဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် မိနစ် ၃၀ ခန့်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဆီဆိုင်နှင့် ဆိုင်အတွင်းရှိ ဆီတိုင်ကီ ၁၀ လုံးနှင့် ယာဉ်နှစ်စီး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဓာတ်ဆီအား ပေါ့ဆစွာ ကိုင်တွယ်အသုံးပြုသူ သောင်းထိုက်မိုးကို သထုံမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# ထမင်းပေါင်းအိုးတည်ရာမှ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွား



**ရန်ကုန် မတ် ၁၅**

လှိုင်သာယာမြို့နယ် အမှတ် (၁၀)ရပ်ကွက် အနော်ရထာလမ်းမကြီးပေါ်ရှိ အိမ်အမှတ် (၆၃/ခ) တွင် မတ် ၁၅ ရက် နံနက် ၇ နာရီ ၁၀ မိနစ်က ထမင်းပေါင်းအိုးတည်ရာမှ ဝိုင်ယာရှော့ဖြစ်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးသတ်ယာဉ် ၁၄ စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၇ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် အိမ်ရှင် ဦးကိုကိုနိုင် (၃၀ နှစ်) အိမ်စောင့်အဖြစ်ထားရှိသော ဦးတင်ချို (၃၇ နှစ်) ကို သောင်ကြီးရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံကြီးတွင် လူနာစောင့်များထံမှ ဖုန်းခိုးယူသူအား ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၅**

နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံကြီးတွင် လူနာနှင့် လူနာစောင့်များထံမှ လက်ကိုင်ဖုန်းခိုးယူသူအား ဖမ်းဆီးရမိပြီး ဆက်လက်စစ်ဆေးရာ ဆေးရုံမှ ခိုးယူထားသော လက်ကိုင်ဖုန်းအလုံး ၃၀ ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၀ ရက် ည ၁၀ နာရီက မကွေးတိုင်းဒေသကြီး အောင်လံမြို့ ထောက်ကြန့်တိုင်းကျေးရွာနေ ဦးထွန်းကျော်ဇင်(၂၂နှစ်)သည် ဇနီးဖြစ်သူနှင့်အတူ ခုတင် (၁၀၀၀) ဆေးရုံ အရိုးကုသဆောင်၌ ဆေးရုံတက်ရောက် ကုသလျက်ရှိသော မသကြ်န်အေးအား လူနာစောင့်အဖြစ် စောင့်ရှောက်နေစဉ် ၎င်းကိုင်ဆောင်သည့် ဖုန်းကို ခေါင်းအုံးအောက်ထား၍ အိပ်ပျော်သွားခဲ့သည်။ အိပ်ရာမှ နိုးစဉ် လက်ကိုင်ဖုန်းပျောက်ဆုံးနေသဖြင့် လိုက်လံစုံစမ်းရာ အရိုးကုသဆောင် (၂) အဝင်ဝအနီးတွင် မသင်္ကာဖွယ် အမျိုးသားတစ်ဦးအား တွေ့ရှိသဖြင့် လိုက်လံကြည့်ရှုရာ လူနာစောင့်ဟု လိမ်လည်ပြောဆိုပြီး ထွက်ပြေးသွားသဖြင့် လုံခြုံရေး ဝန်ထမ်းများနှင့်အတူ လိုက်လံဖမ်းဆီးရာ အထူးကြပ်မတ်ကုသဆောင်အနီးတွင် ဖမ်းဆီးရမိပြီး အမှတ်(၃)နယ်မြေရဲစခန်းသို့ အပ်နှံခဲ့ရာ အမှတ်(၃) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ ဖမ်းဆီးရမိသူအား နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ ရဲအုပ်ဌေးပုံနှင့် အမှတ်(၃)နယ်မြေရဲစခန်းမှူး ရဲအုပ်ကိုကိုနိုင်တို့ ပူးပေါင်းအဖွဲ့က စစ်ဆေးရာ လက်ကိုင်ဖုန်းအား ခိုးယူသူမှာ သိန်းလင်း (၃၃နှစ်) ဇေယျာသီရိမြို့နယ်နေသူဖြစ်ပြီး ထပ်မံစစ်ဆေးခဲ့ရာ နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံဝင်းအတွင်းမှ ယခင်က HUAWEI Y-610 ဖုန်းတစ်လုံး၊ KENBO ဖုန်းတစ်လုံး၊ OPPO အနက်ရောင် ဖုန်းတစ်လုံး အပါအဝင် ဖုန်းအလုံး ၃၀ ခိုးယူခဲ့ကြောင်း ထွက်ဆိုသဖြင့် သိန်းလင်း (၃၃နှစ်)ကို အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

OD TOUR
Since 1997
License No. Pa Kha 0024
ဝေးဝေးနီးနီး ခရီးသွားဖို့ OD TOUR နှင့် ဆက်သွယ်စို့

| | | | | | |
|---|---|---|---|---|---|
| တောင်ကြီး | Apr 12,13,18 | ထားဝယ်+မောင်းမကန် | Apr 12,18 | မန္တလေး+မင်းကွန်း+အင်းဝ | Apr 13 |
| ပုဂံ+တောင်ကြီး | Apr 12 | မြဝတီ+မဲဆောက်+ဘားအံ | Apr 13,18 | အလောင်းတော်ကဿပ+ပြင်ဦးလွင် | Apr 13 |
| ရွှေစက်တော်+ပုဂံ | Apr 13 | တောင်ကြီး+လျှိုင်ကော် | Apr 12 | ထားဝယ်+မြိတ်ကျွန်းစု | Apr 12 |
| ကလော+လွိုင်ကော် | Apr 13 | တောင်ကြီး+မန္တလေး | Apr 12 | ထားဝယ်+ပုဲစင်ကျွန်း | Apr 13 |
| ဖန်ကောက် (အယုဒ္ဓယ၊ပတ္တရား) | Apr 13 | ထားဝယ်(ရှင်ကိုးရှင်) | Mar 24 | ဗီယက်နမ် (ဟနွိုင်း၊ဟလောင်း၊နင်းဘင်၊ထရန်အမ်း) | Mar 25,Apr 1 |
| ဖန်ကောက်၊ကမ္ဘောဒီးယား | Apr 12 | တောင်ကြီး၊အင်းလေး | Mar 24 | | |
| ဖန်ကောက်၊ဖူးခက် | Apr 12 | ကလော၊လွိုင်ကော် | Mar 24 | ဖန်ကောက်+ပတ္တရား | Mar 26 |
| စင်္ကာပူ | Apr 14 | အလောင်းတော်ကဿပ | Mar 24 | စင်္ကာပူ | Mar 25 |
| ဂျပန် | Apr 12 | မြိတ်/ကော့သောင်း | Mar 30,Apr 20 | | |

အမှတ် ၅၂၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်။ 01-504808, 523187, 536855 095187045, 095108087
အမှတ် (၆၇၀)၊ လမ်း ၈၀၊ ၃၉×၄၀ ကြား၊ မဟာအောင်မြေမြို့နယ်။ 09444477129, 09964466290, 09774466290

**အများသိစေရန်ကြေညာခြင်း**

* Myanmar Consolidated Media Co.,Ltd. မှ ထုတ်ဝေဖြန့်ချိလျက်ရှိသော မြန်မာတိုင်းမ်ဂျာနယ်၊ မြန်မာတိုင်းမ်မြန်မာနေ့စဉ်သတင်းစာ၊ မြန်မာတိုင်းမ်အင်္ဂလိပ်နေ့စဉ်သတင်းစာ အပတ်စဉ်သတင်းစာများနှင့် NOW! ဖက်ရှင်မဂ္ဂဇင်းများ၏ ကြော်ငြာတာဝန်ခံများဖြစ်သော ဒေါ်ခင်မွန်မွန်ရည် ၁၂/အစန(နိုင်)၀၃၁၀၅၇၊ ဖုန်း-၀၉-၇၃၁၈၁၃၇၇ နှင့် ဒေါ်တိုးသန္တာအောင် ၁၂/လတန(နိုင်)၀၀၀၀၁၆ ဖုန်း-၀၉-၇၃၁၂၇၄၀၆ တို့အား မြန်မာတိုင်းမ်ကြော်ငြာကိစ္စများ၊ ကြော်ငြာခငွေကောက်ခံခြင်း အလုပ်တာဝန်များကို ၂၇-၂-၂၀၁၇ရက်မှစ၍ ရပ်စဲထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
* နောင်တွင် Myanmar Consolidated Media Co.,Ltd. မှ ထုတ်ဝေသော သတင်းစာ၊ စာစောင်များတွင် ကြော်ငြာထည့်သွင်းလိုပါက မြန်မာတိုင်းမ်ကြော်ငြာဌာန ဖုန်း-၀၁-၃၉၂၆၇၆၊ ၀၉-၄၄၄၈၁၁၁၄၀၊ ၀၉-၄၄၄၈၁၁၁၄၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
* ကြော်ငြာရှင်များအနေဖြင့် ကြော်ငြာခငွေပေးချေရာတွင် MCM.,Ltd. ၏ Official Receipt ဖြင့် ကောက်ခံမှသာ ငွေပေးချေရန် အသိပေးအပ်ပါသည်။

၁၇၅၀၀၀ sq-ft အကျယ်ရှိသော
စက်ရုံငှားရန်ရှိသည်။
အမှတ်(၄) လမ်းမပေါ်၊
ရွှေပြည်သာနှင့်မှော်ဘီကြား။
ဖုန်း-၀၁-၂၃၀၄၇၀၁၊
၀၉-၃၁၆၅၆၄၀၇

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 3K/8565 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ပဲခူး

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 1J/4337 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွှာသာကြီး)

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 7G/3747 Toyota Alphard MNH15 , Micro Bus(4×4)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၂/သဃက(နိုင်) ၀၂၄၁၅၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး၊ရန်ကုန်(အနောက်ပိုင်း)

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ်၉၄/၂၂၇၅၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

**ပျောက်ဆုံးကြောင်း**
ကျွန်တော် Zaw Myo Htet CDC-73460 ၏ CDC စာအုပ်အဟောင်း၊ All In One လက်မှတ်၊ SID စာအုပ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
Ph- 09 -253546508

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၄၂ယ/၅၈၂၇၅ ANBO125 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းမင်းဌေး ၁၄/ကကထ(နိုင်)၂၀၇၆၂၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)

**EXCELLENT**
**အနုပညာသင်တန်းကျောင်း**
ရုပ်ရှင် ဒါရိုက်တာ၊ဇာတ်ညွှန်း၊မော်ဒယ်၊သရုပ်ဆောင်
ဂီတ တေးရေးတေးဆို၊ကီးဘုတ်၊တယောစန္ဒယား၊ဂစ်တာ
ရိုက်ကူး
ဓါတ်ပုံ၊ ဗီဒီယို၊ရုပ်သံတည်းဖြတ်သင်တန်း
၆၀/အင်းစိန်လမ်းမ၊လှည်းတန်း၊စံရိပ်ငြိမ်၊ကမာရွတ်ရန်ကုန်
09788845507;095121467;0931452059

**မြေရောင်းမည်**
ငပလီကမ်းခြေဟိုတယ်ဇုန် အနောက်ဘက်၊ သံတွဲလေဆိပ်နှင့်နီးသော ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာရှိ ပေ ၄၀ × ပေ၆၀ မြေကွက်ရောင်းရန်ရှိသည်။
ဖုန်း-၀၉-၂၅၅၇၉၇၆၁၄၊
၀၉-၃၁၄၉၈၈၇၃

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**
ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ/အရှေ့ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၁၉ဟုခေါ်တွင်သော အကျယ်အဝန်း(၁၈ပေ×၃၇ပေ)ခန့်ရှိ ပထမထပ်+ ဒုတိယထပ်၊ ရေ၊ မီးအစုံအလင်ပါဝင်သော အခန်းနှစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင် လက်ဝယ်ထားရှိနေထိုင်ပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးကိုကိုလေး ၁၂/ဗဟန(နိုင်)၀၃၈၆၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက်ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာဆွေ(LL.M) တရားလွှတ်တော်ရှေ့နေ
အခန်းအမှတ်(၁၀၃/အေ+ဘီ)၊ တိုက်အမှတ်-၉/၁၁၊ ၃၆လမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၈၉၇၄၊ ၀၉-၃၀၂၀၇၀၅၈



# လက်စတာနှင့် ဂျူဗင်တပ်စ်တို့ ကွာတားဖိုင်နယ်တက်

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များကို မတ် ၁၅ ရက် (ဗုဒ္ဓဟူးနေ့ ) နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ လက်စတာက ဆီဗီလာကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဂျူဗင်တပ်စ်က ပေါ်တိုကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လက်စတာနှင့် ဆီဗီလာအသင်းသည် ပထမအကျော့ စပိန်မြေတွင် ယှဉ်ပြိုင်ခဲ့စဉ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အိမ်ရှင်ဆီဗီလာအသင်း အနိုင်ရရှိခဲ့သည်။ ဒုတိယအကျော့ အင်္ဂလန်မြေတွင် ယှဉ်ပြိုင်ခဲ့ရာ အိမ်ရှင်လက်စတာအသင်း ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဆီဗီလာအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းပွဲချိန် ၂၇ မိနစ်တွင် မာရက်ဇ်ဖန်တီးပေးမှုမှ တစ်ဆင့် နောက်တန်းကစားသမား မော်ဂန်က လက်စတာအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်း ၅၄ မိနစ်တွင် ကွင်းလယ်ကစားသမား အယ်ဘရိုက်တန်က လက်စတာအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၇၄ မိနစ်တွင် ဆီဗီလာကွင်းလယ်ကစားသမား နာဆရီသည် ဗာဒီနှင့် အချင်းများရာမှ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသည်။ မိနစ် ၈၀ တွင် ဆီဗီလာအသင်း ပယ်နယ်တီအခွင့်အရေးရရှိခဲ့ပြီး ကွင်းလယ်ကစားသမား စတီဗင်အန်ဇွန်ဇီ ကန်သွင်းခဲ့ရာ လက်စတာဂိုးသမား ရှမိုက်ကယ်လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ ဆီဗီလာအသင်းသည် ပွဲစဉ်တစ်လျှောက် ဖိအားပေးနိုင်ခဲ့ပြီး လက်စတာ၏ တန်ပြန်တိုက်စစ်ဂိုးများကြောင့် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ လက်စတာသည် ဥရောပအတွေ့အကြုံရှိ ဆီဗီလာအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်အဖြစ် ဂျူဗင်တပ်စ်နှင့် ပေါ်တိုတို့ပွဲ၌ ပထမပိုင်းပွဲချိန် ၄၂ မိနစ်တွင် ဒိုင်ဘာလာ၏ ပယ်နယ်တီသွင်းဂိုး-တစ်ဂိုးဖြင့် ဂျူဗင်တပ်စ်အသင်း အနိုင်ရရှိခဲ့သည်။ ဂျူဗင်တပ်စ်သည် နှစ်ကျော့ပေါင်း သုံးဂိုး-ဂိုးမရှိဖြင့် နောက်အဆင့်သို့တက်ရောက်ခဲ့သည်။

**သီဟ**

# မြန်မာ့လက်ရွေးစင်အသင်း မတ် ၁၇ ရက်တွင် ခြေစမ်းပွဲကစားရန် စီစဉ်

**ရန်ကုန် မတ် ၁၅**

အာရှဖလားခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၇ ရက်တွင် ခြေစမ်းပွဲကစားရန် စီစဉ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲအတွက် မတ် ၁၄ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲသွားရောက်မကစားမီ ခြေစမ်းပွဲကစားလိုနေခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲအဖြစ် မြန်မာယူ-၂၂ အသင်းနှင့် မတ် ၁၇ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးတင်မြင့်အောင်က “လက်ရွေးစင် အသင်းအနေနဲ့ ခြေစမ်းပွဲကစားဖို့ စီစဉ်နေတယ်ဆိုတာ ဟုတ်ပါတယ်။ ယူ-၂၂ အသင်းနဲ့ ကစားမှာပါ။ ယူ-၂၂ အသင်းကလည်း ဂျတ်ဖရိုင်းဒရစ်ပဲ ကိုင်တွယ်မှာဖြစ်တာကြောင့် နှစ်သင်းစလုံးအတွက် ပြင်ဆင်တဲ့အနေနဲ့ ကစားမှာပါ။ လက်ရွေးစင်အသင်းမှာ ယူ-၂၂ အသင်းက ကစားသမား ၁၀ ယောက်ကျော် ပါပါတယ်။ လက်ရွေးစင်အသင်းအတွက် ပြင်ဆင်တဲ့အနေနဲ့ ကစားတာပါ” ဟု ပြောကြားသည်။

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် အာရှ ယူ-၂၃ ခြေစစ်ပွဲ၊ (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာယူ-၂၂ အသင်းကိုလည်း နည်းပြချုပ်ဖြစ်ဂျတ်ဖရိုင်းဒရစ်ကိုသာ တာဝန်ပေးရန် ဆုံးဖြတ်ခဲ့ပြီး ယခင်က နည်းပြချုပ်အဖြစ် တာဝန် ပေးထားသည့် ဦးကြည်လွင်မှာ လက်ထောက်နည်းပြ အဖြစ်သာ ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစမ်းပွဲအပြီးတွင် အင်ဒိုနီးရှားအသင်းနှင့်ပွဲအတွက် အပြီးသတ်လူရွေးချယ်မည်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံသို့ မတ် ၁၉ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အင်ဒိုနီးရှား လက်ရွေးစင်အသင်းနှင့် မတ် ၂၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ခြေစမ်းပွဲကစားမည်ဖြစ်ပြီး အာရှဖလားခြေစစ်ပွဲအဖြစ် မတ် ၂၈ ရက်တွင် အိန္ဒိယလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



မြန်မာ့လက်ရွေးစင်အသင်းတိုက်စစ်မှူး အောင်သူ

**ပျောက်ဆုံးကြောင်း**

ကျွန်တော်များ Golden Auto Mobile CO.,Ltd ၏ ပို့ကုန်လိုင်စင် (MQEL 6 16-17 0952(23-1-17)) နှင့်ပို့ကုန်လိုင်စင်မူရင်းတို့သည် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၉၄၅၀၂၁**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်1G/4035 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8E/1730 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးရုံး(ပဲခူး)**

**မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1K/3117, Nissan Atlas APR 81, T(4×2)R(6010Kg) ယာဉ်လက်ဝယ်ရှိသူ ဦးအေးနိုင်လင်း ၇/ညလပ(နိုင်)၁၃၉၃၇၆က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး(ပဲခူး)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်(ရုံးချုပ်)**
**အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဈေးပြိုင်အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်ရှိ မော်တော်ကားတာယာ(အဟောင်း)များ၊ မော်တော်ဆိုင်ကယ်(အဟောင်း)များ၊ သစ်စက်ပစ္စည်း(အဟောင်း)များ၊ ဆီလှောင်ကန်(အဟောင်း)များ၊ ကွန်ပျူတာ(အဟောင်း)များ၊ ပရိဂျက်တာနှင့်ဆက်စပ်သည့်ပစ္စည်းများ၊ စက်လွှများ၊ အင်ဂျင်(အဟောင်း)များ၊ ထင်းအစားထိုးလောင်စာတောင့်ထုတ်စက်(အဟောင်း)၊ မိတ္တူကူးစက်(အဟောင်း)၊ စက်ဘီး(အဟောင်း)များ၊ လက်နှိပ်စက်(အဟောင်း)များ၊ Forkliftနှင့်ကရိန်းများ၊ Generator(အဟောင်း)များ၊ ပရိဘောဂပစ္စည်း(အဟောင်း)များ၊ စက်ရုံသုံးလွှစက်( အဟောင်း)များ၊ ရေပန့်(အဟောင်း)များအား မျက်မြင်အခြေအနေအတိုင်းဈေးပြိုင်အိတ်ဖွင့်တင်ဒါ(Open Tender)စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၁။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၃-၂၀၁၇ရက်မှ ၂၀-၃-၂၀၁၇ရက်အထိ
**ရုံးပိတ်ရက်များမှအပ** - နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း
၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီမံရေးဌာန၊ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်(ရုံးချုပ်)၊ အမှတ် ၅၂/၆၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၀-၃-၂၀၁၇ရက် ညနေ ၄နာရီ
၄။ **တင်ဒါဖွင့်လှစ်မည့်ရက်** - ၂၁-၃-၂၀၁၇ရက် မွန်းလွဲ ၁နာရီ

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အထက်ဖော်ပြပါလိပ်စာနှင့် ဖုန်း ၀၁-၉၀၁၀၇၃၄၊ ၀၉-၈၆၈၀၂၅၀၊ ၀၉-၇၃၂၅၀၀၅၀တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါရောင်းချရေးအဖွဲ့**

**ကန့်ကွက်နိုင်ပါကြောင်း**

တာမွေ မြို့နယ်၊ မအူကုန်း ရပ်ကွက်၊ (၁၃၇) လမ်း၊ တိုက်အမှတ်(၂၈)၊ အခန်း - မြေညီထပ် (အတွင်းထပ်ခိုးပါ) ၊အကျယ်အဝန်း(၂၅ပေ× ၄၅ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်သိန်း( BV-၀၁၄၃၃၅) (၉/မရမ (နိုင်)၀၂၀၃၀၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ အရောင်း အဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး LL.B, D.B.L, D.I.L, တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)
ဦးထိန်လင်းသန်း LL.B, D.B.L, D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
ဖုန်း - ၀၉၅၁၀၆၁၄၆ ၊ ၀၉၅၁၀၄၂၆၅

**ဖခင် အမည်မှန်**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် သရက်တပင်ကျေးရွာအုပ်စု၊ အထက(ခွဲ) သရက်တပင်ကျောင်း နဝမတန်း(က)မှ မောင်တင်ထွန်းအောင်၏ဖခင်အမည်မှာ ဦးကျော်ဌေး ၇/မလန(နိုင်)၀၆၇၁၁၇ ဖြစ်ပါကြောင်း။

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်း ၂၀)**
**မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တရားရုံးတော်၌**
**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၄၁**

ဒေါ်ပေါ် **နှင့်** ၁။ ဦးဖိုးကြာ
၂။ ဒေါ်ဌေး
၃။ ဦးဌေး (၎င်း၏တရားဝင်ကိုယ်စားလှယ်စာရသူများ)
(၁) မခင်စန်းဦး
(၂) မလှစန်းဝင်း
(၃) ကိုဇော်မင်း
(၄) မသီတာ
(၅) ကိုချမ်းချမ်း
(၆) ကိုဇော်ဇော်ထွန်း

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဗန္ဓုလရပ်ကွက်၊ ဆီမီးခုံကျေးရွာနေ ဦးဌေး (ဘ) ဦးမိုးအေး [၎င်း၏တရားဝင်ကိုယ်စားလှယ်စာရသူများ (၁) မခင်စန်းဦး၊ (၂) မလှစန်းဝင်း၊ (၃) ကိုဇော်မင်း၊ (၄) မသီတာ၊ (၅) ကိုချမ်းချမ်း၊ (၆) ကိုဇော်ဇော်ထွန်း] (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ပေါ်မှ အခွင့်နှင့်အခမဲ့ထားရှိသော ဝိုင်းမြေနှင့်နေအိမ်အတွင်းမှ ဖယ်ရှားထွက်ခွာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဧပြီ ၆ရက် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုတို့စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မတ် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(စန်းသီတာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြင်းခြံမြို့နယ်တရားရုံး**

## ဥက္ကလာဂေါက်ကွင်းတွင် တစ်ချက်တည်းကျင်းဝင်

ဥက္ကလာဂေါက်ကွင်းအနေဖြင့် နိုင်ငံတကာအဆင့်မီဂေါက်ကွင်းအဖြစ်ပြုပြင်ထားရှိပြီး အဆင့်မြင့်ဝန်ဆောင်မှုများပေးလျက်ရှိကာ ရန်ကုန်မြို့တွင်းနှင့်အနီးဆုံးနေရာတွင်တည်ရှိသောကြောင့် ဂေါက်သီးရိုက်အားကစားသမားအများအပြား လာရောက်ကစားလျက်ရှိရာ မတ် ၁၄ရက် ညနေ ၅နာရီ ၂၀မိနစ်ခန့်က ဂေါက်သီးရိုက်ကစားသမား ဦးဇော်ထွန်းသည် ကစားဖော်များဖြစ်သော ဦးကျော်စွာ၊ ဦးအေးသူ၊ ဦးဝင်းနိုင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ်ကျင်းအမှတ်(၇)၌ SERIXON No.3 အမျိုးအစားဘောလုံးကို TALARMADE Irom No.9 ဖြင့် ၁၄၇ကိုက်အကွာ အဝေးကိုရိုက်ရာ တစ်ချက်တည်း(Hole in One)ကျင်းဝင်သွားခဲ့သည်။

Hole im One ရရှိသော အဆိုပါကစားသမားကို Southern Infrastructureကုမ္ပဏီမှ CANDA 125အမျိုးအစားမော်တော်ဆိုင်ကယ် အသစ်တစ်စီး၊ ဥက္ကလာဂေါက်ကွင်းမှ ကြံ့တံဆိပ်ဘီလပ်မြေအိတ် ၂၀ နှင့် တစ်လအတွင်း အခမဲ့ဂေါက်သီးရိုက်ကစားခွင့် (၁၀)ကြိမ် လက်မှတ်များကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

ဥက္ကလာဂေါက်ကွင်းတွင် Hole in One ရရှိခြင်းမှာ ယခုအကြိမ်နှင့်ဆိုလျှင် (၁၀)ကြိမ်မြောက် ရရှိခြင်းဖြစ်ပြီး Hole in One ရရှိသော ကစားသမားများကို ထိုက်တန်သော ချီးမြှင့်မှုများပြုလုပ်ပေးလျက်ရှိပါသည်။

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ်(၈)နယ်မြေ၊ သာယာအေးရပ်ကွက်နေ ဦးသောင်းဝင်း-ဒေါ်ခင်ပြုံးကြည် (မဟာရန်ကုန် မျက်မှန်ဆိုင်)တို့၏သမီး၊ မဇူးဇူးသော် ၈/ခမန(နိုင်)၁၇၆၃၀၉သည် မိဘတို့၏ဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘ**
**ဦးသောင်းဝင်း ၉/မနမ(နိုင်) ၀၄၉၁၇၄**
**ဒေါ်ခင်ပြုံးကြည် ၉/မနမ(နိုင်) ၀၄၉၁၇၃**

# ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

***ယမန်နေ့မှအဆက်***

(က) လုပ်ကိုင်ခွင့်ရရှိသော ကျောက်မျက်ရတနာ လုပ်ကွက်မှတစ်ပါး အခြားလုပ်ကွက် သို့မဟုတ် နေရာတွင် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း၊

(ခ) ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း သို့မဟုတ် အမှန်တကယ်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံမတင်ဘဲ အခြားကျောက်မျက်ရတနာအရိုင်းဖြင့် လဲလှယ်၍ မှတ်ပုံတင်ခြင်း။

၄၅။ မည်သူမဆို ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကို ပြည်ပသို့ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ သယ်ဆောင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၄၆။ မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံးသုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည် -

(က) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်မရရှိဘဲ လုပ်ကိုင်ခြင်း၊

(ခ) ကျောက်မျက်ရတနာအရိုင်းကို ခွင့်ပြုချက်မရှိဘဲ ရှာဖွေခြင်း သို့မဟုတ် စမ်းသပ်တိုင်းတာခြင်း။

၄၇။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကျောက်မျက်ရတနာအရိုင်းကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် မညီဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်ရယူခြင်း၊ လွှဲပြောင်းခြင်း၊

(ခ) ပုဒ်မ ၂၅ ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရရှိဘဲ လုပ်ကိုင်ခြင်း။

၄၈။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ယင်းခွင့်ပြုမိန့်ရှိသူ၏ ကိုယ်စားစီမံအုပ်ချုပ်သူကဖြစ်စေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ဆ) နှင့် စပ်လျဉ်း၍ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၉။ မည်သူမဆို ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မြေအသုံးပြုခွင့်ပြုမိန့်ရရှိထားသည့် လုပ်ငန်းဧရိယာအတွင်း ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းစဉ်တစ်ရပ်ရပ်ကို ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်လမှ အများဆုံးသုံးလအထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၅၀။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်းပြုလျှင် သို့မဟုတ် ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၅၁။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုနှင့် သက်ဆိုင်သော ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့် ငွေကြေးကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ယာဉ်၊ ယန္တရား၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်း ကိရိယာတန်ဆာပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင် သည်။

**အခန်း(၁၄)**

**အထွေထွေ**

၅၂။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်ရာတွင်ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ရမည်။

(ခ) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို ပိတ်သိမ်းသည့်အခါ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်ရာဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၏ နှစ်ရာခိုင်နှုန်းထက် မနည်းသော ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိ ဆောင်ရွက်ရမည်။

(ဃ) အထက်ပါလုပ်ငန်းများ ဆောင်ရွက်ခြင်းကို စစ်ဆေးရာတွင် မြန်မာနိုင်ငံတွင်းထွက်သယံဇာတ အရင်းအမြစ်များ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး ( Myanmar Extractive Industries Transparency Initiative – MEITI ) အပါအဝင် ဒေသခံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၅၃။ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိသည် ဤဥပဒေအရ ရရန်ရှိသောငွေများကို တည်ဆဲဥပဒေများပါ ကော်လိတ်တော် အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အရကောက်ခံရမည်။

၅၄။ (က) ဤဥပဒေမပြဋ္ဌာန်းမီက တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ထုတ်ပေးထားသည့် သက်တမ်း မကုန်ဆုံးသေးသော လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်သည် သက်တမ်းကုန်ဆုံးသည့်နေ့အထိသာ အတည်ဖြစ်စေရမည်။

(ခ) ပုဒ်မခွဲ(က)အရ သက်တမ်းမကုန်ဆုံးသေးသော ကာလအတွင်း ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသော ဖက်စပ်လုပ်ငန်းများနှင့် ပုဂ္ဂလိက တစ်ဦးချင်း လုပ်ကိုင်နေသော လုပ်ငန်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအလို့ငှာ ဝန်ကြီးဌာနက ထုတ်ပြန်သော ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၅၅။ ဤဥပဒေအရတရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးကဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၅၆။ ဝန်ကြီးဌာနသည် ကျောက်မျက်ရတနာအချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာပြုလုပ်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာ၊ ကျောက်မျက် ရတနာဖြင့် ပြုလုပ်သောပစ္စည်းရောင်းချခြင်းလုပ်ငန်းကိုလည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၅၇။ ဝန်ကြီးဌာနသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို မိမိကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန သို့မဟုတ် လုပ်ငန်းအားလွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၅၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ စည်းကမ်းချက်များ သတ်မှတ်လျက် မည်သည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်ကိုမဆို ကျောက်မျက်ရတနာ ထွက်ရှိနိုင်သည့် ဒေသအတွင်း သင့်လျော်သည့်နယ်မြေတွင် ကျောက်မျက်ရတနာ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန် ခွင့်ပြုနိုင်သည်။

၅၉။ ဝန်ကြီးဌာနသည် ပြည်တွင်းဈေးကွက် လိုအပ်ချက်အရ ကျောက်မျက်ရတနာအရိုင်း သို့မဟုတ် အချောထည်ကို ပြည်တွင်းသို့ တင်သွင်းခြင်းအတွက် ထောက်ခံချက်ပေးနိုင်သည်။

၆၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သတ္တုတွင်းဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့သည် အမိန့်နှင့် ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

## မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ရှုံဝင်ကြေး အခမဲ့ ရန်ကုန် သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပမည်

**ရန်ကုန် မတ် ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ကြီးမှူး၍ Great Tiger Group (G.T.G) ၏ တစ်နှစ်ပြည့်နှစ်ပတ်လည် အထူးအစီအစဉ်အဖြစ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရှုံဝင်ကြေးအခမဲ့အဖြစ် မတ် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပမည်ဖြစ်ကြောင်း G.T.G ၏ တာဝန်ရှိသူ ဦးစိုးမင်းက ပြောသည်။

ယခု မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲသည် G.T.G ၏ စတုတ္ထမြောက်ပွဲစဉ်လည်းဖြစ်သည်။ ဝင်ကြေးအခမဲ့ဖြစ်သော်လည်း ပရိသတ်အကြိုက် နာမည်ကြီး ကစားသမားများကို သုံးလကြိုတင်၍ စာချုပ်ထားသည်ဟုလည်း သိရသည်။

ထိုးသတ်မည့်တွဲဆိုင်းများမှာ ငါးချီစိန်ခေါ်ပွဲ တိုင်းနှင့်ပြည်နယ် ရွှေတံဆိပ်ဆုရ ကျော်စွာဝင်း (United မန္တလေး)နှင့် လင်းထက်အောင်(တောင်ကလေး)၊ တိုင်းနှင့်ပြည်နယ် ရွှေတံဆိပ်ဆုရ ဒေါင်းဖြူ (Adventure)နှင့် ကျော်ဝင်းအောင်(အဖြူရောင်သွေးသစ်)၊ ရာဇာ (ရွှေမိုး ထိငြိမ်းချမ်းရေး)နှင့် ၂၀၁၆ ကရင်ပြည်နယ်နေ့ အောင်လံဆုရှင် သက်ဆိုးပေ (United)၊ ရွှေခါးပတ်ချန်ပီယံ မိုက်ရိုင်း (ရွှေဖူး)နှင့် နက္ခတ်အောင် (တောင်ကလေး)၊ စိုးထက်ဦး (S.T.L) နှင့် ၂၀၁၆ ကရင်ပြည်နယ်နေ့ အောင်လံဆုရှင် မင်းမောင်မောင်(တောင်ကလေး)၊ ရွှေခါးပတ်ချန်ပီယံရဲသွေးနီ(တောင်ကလေး)နှင့် ထွန်းလွင်မိုး (နဂါးမာန်၊ ရွှေခါးပတ် ချန်ပီယံ ထွန်းနိုင်ဦး (S.T.L) နှင့် မင်းထက်အောင် (တောင်ကလေး)၊ ရွှေခါးပတ်ချန်ပီယံ သားအသဲတစ်ပွင့် (ဗမာ့သွေး)နှင့် စောမင်းအောင် (တောင်ကလေး)၊ ရွှေခါးပတ်ချန်ပီယံ သွေးသစ်ဝင်းလှိုင် (Adventure)နှင့် ရွှေရာမာဉ် (Mandalay 1886)၊ ရွှေခါးပတ်ချန်ပီယံ စိုးလင်းဦး(ဒွိရိုးရာ)နှင့် ရွှေခါးပတ်ချန်ပီယံ ဖျံသွေး (ရွှေမိုးထိငြိမ်းချမ်းရေး)တွဲဆိုင်းများ ထိုးသတ်မည်ဖြစ်သည်။




တွဲဆိုင်းတိုင်းကို ပရိသတ်စိတ်ဝင်စားမှုများမည့် တွဲဆိုင်းများ ရွေးချယ်စီစဉ်ထားကြောင်း သိရသည်။ ပုံမှန်ထိုးသတ်ကြေးအပြင် နိုင်သူအား ထပ်လောင်းဆု အပိုချီးမြှင့်မည်ဖြစ်ပြီး ၂၀၁၆ မြန်မာ့ရိုးရာလက်ဝှေ့ထူးချွန်ဆုပေးအပ်ပွဲလည်း ပူးတွဲကျင်းပမည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## သမဝါယမအသင်းစုအချိန်ပိုင်း ဒါရိုက်တာအဖွဲ့ဝင်အစားထိုးရွေးချယ်

**အောင်လံ မတ် ၁၅**

အောင်လံမြို့နယ် သမဝါယမအသင်းစုလီမိတက် အချိန်ပိုင်းဒါရိုက်တာအဖွဲ့ဝင် အစားထိုးရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို မတ် ၁၀ရက်က မြို့နယ်သမဝါယမအသင်းစုရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် သဘာပတိအဖြစ် မကွေးတိုင်းဒေသကြီး တိုင်းသမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးဘိုအောင်နှင့် မကွေးတိုင်းသမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးကိုယ်စား ဒေါ်စန်းစန်းဝင်း ဦးစီးအရာရှိ(တိုင်း)တို့မှ အမှာစကားပြောကြားကြပြီး လစ်လပ်သည့်အချိန်ပိုင်း ဒါရိုက်တာနှစ်ဦး၏နေရာတွင် ရွှေပန်းတောမွေး/ထွေသမအသင်းတို့မှ အသင်းဝင်ကိုယ်စားလှယ် ဦးကျော်သူရနှင့် မြင်းကပိုင်မွေး/ထွေသမအသင်းမှ အသင်းဝင်ကိုယ်စားလှယ် ဦးစိုးမင်းအောင်တို့ကို အများဆန္ဒအရ တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်သက်အောင်(အောင်လံ)**

**မီးဖိုမီးအသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။

**မီးသတ်ဦးစီးဌာန**

## အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး ထိုးနှံ

**ဂွ မတ် ၁၅**

ဂွမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်း၊ ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဂွမြို့ထာဝရမေတ္တာ နာရေးကူညီမှုအသင်းတို့ပူးပေါင်း၍ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး ဒုတိယအကြိမ်ထိုးပေးခြင်းကို မတ် ၁၂ ရက်မှ ၁၃ ရက်အထိ ဂွမြို့သိမ်ကုန်းစေတီတော် ပရဝဏ်အတွင်းရှိ သာသနဗိမာန်တော်အတွင်း ထိုးပေးခဲ့ကြောင်း သိရသည်။ ထို့နောက် ဂွမြို့နယ်ကုသရေးဦးစီးဌာနမှ ဆရာ ဆရာမများက ဂွမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၀ အုပ်စုသို့ ကွင်းဆင်း၍ ဘီပိုးကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာ့ဝါးဖြင့် ထုတ်လုပ်နေသည့် လူသုံးကုန်ပစ္စည်းများ ပြည်ပဈေးကွက်သို့ထိုးဖောက်ရန် စီစဉ်နေ

**မန္တလေး မတ် ၁၄**

မြန်မာ့ထွက်ကုန် ဝါးပေါ်တွင် မြန်မာ့ရိုးရာလက်မှုပညာရပ်ဖြင့် ပေါင်းဖက်၍ စွန့်ဦးတီထွင် ဖန်တီးထုတ်လုပ်နေသည့် ဝါးပေါ်တွင် ဓါတ်ပုံ၊ စကတ်၊ ကရေကရာ၊ ပန်းချီပုံတင်ခြင်း၊ ဝါးဖြင့် လူသုံးကုန်ပစ္စည်းများ ပြုလုပ်ပုံဖော်၍ မန္တလေးမြို့တွင် အရောင်းပြခန်း ဖွင့်လှစ်နိုင်ရန်စီစဉ်နေပြီး နိုင်ငံခြားဈေးကွက်သို့ ဆက်လက်ထိုးဖောက်နိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်း ဘိုးသိကြားမင်း အနုပညာဖန်တီးထုတ်လုပ်ရေးလုပ်ငန်းမှ ဆရာ ဝင်းမော်ငြိမ်းက ပြောသည်။

ယခုနှစ် ဇန်နဝါရီလမှစ၍ ဝါးဖြင့်ပြုလုပ်သော မီးအိမ်များကို ဈေးကွက်သို့ စတင်ဖြန့်ချိနေပြီး ပြည်တွင်းအနေဖြင့် မော်လမြိုင်၊ ရန်ကုန်၊ နေပြည်တော်စသည့် မြို့များမှ မှာယူခြင်းများရှိကာ မီးအိမ်တစ်ခုလျှင် ၁၂၀၀၀ ဖြင့် ပြုလုပ်ပေးလျက်ရှိပြီး ယိုဒယား၊ ကူမင်းစသည့်မြို့များမှလည်း လာရောက်ချိတ်ဆက်ခြင်းများလည်းရှိကြောင်း သိရသည်။

"ဓာတ်ပုံပညာ၊ ပန်းချီပညာ၊ ပုံနှိပ်ပညာ အနှစ် နှစ်ဆယ်အတွေ့အကြုံနဲ့ ရင်းလိုက်တာပါ၊ အခုတော့ စွန့်ဦးတီထွင် အောင်မြင်သွားပြီး ဝါးပေါ်မှာဓါတ်ပုံတွေကို တင်တာ တခြားပုံနှိပ်လုပ်ငန်းတွေနဲ့ မတူဘူး ဆေးအသစ်တွေနဲ့ အမျိုးမျိုး စမ်းသပ်ပြီးတော့ အဆင့်တွေတော်တော် များများ လုပ်ရတယ် အောင်မြင်သွားတော့ ဝမ်းသာစရာ ကောင်းပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် အမရပူရမြို့နယ်တွင် အရောင်းပြခန်းဖွင့်လှစ်နိုင်ရန် စီစဉ်နေပြီး ယင်းပြခန်းကိုလည် ဝါးဖြင့် မြန်မာ့ရိုးရာ ရှေးဟောင်း ပညာများနှင့် ကမ္ဘာ့နည်းပညာများ ပေါင်းစပ်ကာ ပြုလုပ်မည်ဖြစ်ပြီး ၎င်းစွန့်ဦးတီထွင်းထားသော ဝါးဖြင့် ပြုလုပ်သည့် ပစ္စည်း အမျိုးအစား ၁၅ မျိုးကို ပြသမည်ဖြစ်ကာ နေ့စဉ်လူမှုအသုံးအဆောင်ဖြစ်သော အခန်းအတွင်း အလှဆင်ပစ္စည်းများ၊ ခုံးစက်တီ ဘီရိုကုတင် စသည့် အနုပညာပစ္စည်းများကို ခင်းကျင်းရောင်းချပြသသွားနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

ဝါးပေါ်မှာ ဓာတ်ပုံတစ်ပုံချင်စီတင်ရင် ကုန်ကျစရိတ်က တစ်သောင်းနီးပါးလောက် ဖြစ်သွားမယ်၊ ဒါကြောင့် ၁၀ ခုနှင့်အထက်ဆိုရင်တော့ တစ်ခုကို ၃၅၀၀ လောက်နဲ့ သင့်လျော်အောင်လုပ်ပေးမယ်လို စိတ်ကူးထားပါတယ်"ဟု ဘိုးသိကြားမင်း အနုပညာဖန်တီထုတ်လုပ်ရေးလုပ်ငန်း ဆရာဝင်းမော်ငြိမ်းက ပြောသည်။

လက်ရှိအသုံးပြုနေသည့် ဝါးအမျိုးအစားမှာ နီးအဖြစ် တင်းဝါး၊ မီးအိမ်ကို ပြုလုပ်သည့် ဝါးအမျိုးအစားမှာ ဝါးပိုးသက်ရင့်ဝါးဖြစ်ပြီး၍ ကြက်သောင်းဝါးကို ကြားညှပ်အသုံးပြုပြီး ဝါးကုန်ကြမ်းများကို သပိတ်ကျင်းမြို့၊ မေမြို့၊ တပ်ကုန်း၊ ပင်လောင်း စသည့် မြို့များမှ ရရှိပြီး ဝါးအမျိုးအစား မျိုးစိတ်အားဖြင့် ၁၅၀၀ ကျော်ရှိသော်လည်း လက်ရှိတွင် တကယ်အသုံးတည့်သည့် ဝါးအမျိုးအစားမှာ ၁၅ မျိုးရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မြန်မာ့အာမခံလုပ်ငန်း သိကောင်းစရာများဟောပြော

**လားရှိုး မတ် ၁၅**

မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင်မှ စေတနာယာဉ်မောင်းသင်တန်းကျောင်းရှိ သင်တန်းသား သင်တန်းသူများအား မြန်မာ့အာမခံလုပ်ငန်းအကြောင်း သိကောင်းစရာဟောပြောပွဲကို မတ် ၁၃ ရက်က အဆိုပါယာဉ်မောင်းသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဟောပြောပွဲတွင် မြန်မာ့အာမခံလုပ်ငန်း လားရှိုးခရိုင်ရုံးမှ ခရိုင်တာဝန်ခံ ဒေါ်နွယ်နီ က သူတစ်ပါးထိခိုက်မှုအာမခံ၊ အလုံးစုံမော်တော်ယာဉ်အာမခံနှင့် ခရီးသွားအာမခံအကြောင်း သိကောင်းစရာများကို အာမခံထားခြင်းဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများအား ရှင်းလင်းပြောခဲ့ကြောင်း သိရသည်။

**လားရှိုးကိုယ်ပွား**

# မဟာစည်မြဝတီသာသနာ့ရိပ်သာ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူပွဲကျင်းပ

**ရန်ကုန် မတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် မဟာစည်မြဝတီသာသနာ့ရိပ်သာ(၂၆)ကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြု၊ သာသနာ့နွယ်ဝင်သီရှင်ဝတ်ပွဲ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု (၁) သင်တန်းနှင့်ဝိပဿနာတရားအားထုတ်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို မတ် ၁၈ ရက် ညနေ ၃ နာရီတွင် ရဟန်းလောင်း၊ ရှင်လောင်းများ သင်္ကန်းဝတ်မည်ဖြစ်ပြီး မတ် ၁၉ ရက် နံနက် ၇ နာရီတွင် ရဟန်းလောင်းများသိမ်တက်ရဟန်းအဖြစ်ခံယူ၍ လည်းကောင်း၊ အမျိုးသမီးများ သာသနာ့အမွေခံယူပွဲကို ကျင်းပသွားမည်ဖြစ်သည်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုတစ်လသင်တန်းကို ဆရာတော်၊ သံဃာတော်၊ သီလရှင်ဆရာကြီးများက လိမ္မာယဉ်ကျေး ဗုဒ္ဓစာပေများသင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါ သာသနာ့အမွေခံယူချီးမြှောက်ပွဲ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနှင့် ဝိပဿနာတရား အားထုတ်ပွဲကို သဒ္ဓါအလျောက် ရဟန်းသင်္ကန်းပရိက္ခရာသော်လည်းကောင်း၊ သာမဏေအတွက် သင်္ကန်းပရိက္ခရာသီလရှင်ဝတ်စုံများနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းလိုပါက မြဝတီသာသနာ့ရိပ်သာ ဖုန်း ၀၁-၅၇၂၆၆၄၊ ၀၉-၄၂၀၀၇၈၄၁၄ တို့သို့ စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။**တင်ကြည်(သဃ်န်းကျွန်း)**

# လှိုင်သာယာဝန်ထမ်းကြီးအိမ်ရာကွင်းတွင် မကြာခဏလုယက်မှုဖြစ်ပွားလျက်ရှိ

**ရန်ကုန် မတ် ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၅) ရပ်ကွက် ရွှေလင်ပန်းချောင်းနံဘေးရှိ ဝန်ထမ်းကြီးအိမ်ရာကွင်းတွင် လူငယ်များမကြာခဏလုယက်ခံနေရသည့်အတွက် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များသည် ညနေပိုင်းနှင့်ညပိုင်းတွင် လှည့်ကင်း၊ ပတ်ကင်းများဆောင်ရွက်နေရကြောင်း သိရသည်။

"ဝန်ထမ်းကြီးအိမ်ရာမှာ လျှပ်စစ်မီးလည်းမရှိတော့ စက်ရုံဆင်းကလေးမလေးတွေနဲ့ လူငယ်စုံတွဲတွေ မကြာခဏလုယက်ခံနေရတယ်။ ညနေ နေဝင်ပြီးနဲ့ ညပိုင်းအချိန်တွေမှာ လူငယ်စုံတွဲတွေ အများဆုံး လုယက်ခံရတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းက တက္ကစီကားပေါ်က လူငယ်လေးဦးက စုံတွဲစီကနေ ဖုန်း၊ ငွေနဲ့ ဆိုင်ကယ်ကို ထိုးကြိတ်လုယက်သွားသေးတယ်။ညနေပိုင်းရောက်တာနဲ့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တွေ ဆိုင်ကယ်နဲ့ပတ်ပြီး ဒီနေရာတွေဟာ လုယက်မှုမကြာခဏဖြစ်လို့ မနေသင့်ကြောင်းပြောရင် နားလည်တဲ့ လူငယ်တွေရှိသလို ပြန်ပြီးပြဿနာရှာတဲ့ လူငယ်တွေလည်းတွေ့ရတယ်။ ဒီနေရာမှာ ပြောပြီးလို့ အခြားနေရာလှည့်ပြောနေစဉ်ပဲ ရှိသေးတယ်။ ခုနက လူငယ်အတွဲ ပစ္စည်းလုခံပြီးသွားပြီ"ဟု ဝန်ထမ်းကြီးကွက်တွင် လိုက်လံလုံခြုံရေးဆောင်ရွက်ပေးနေသော အမှတ်(၁၅) ရပ်ကွက်အုပ်ချုပ်ရေးရုံးမှ ဦးကြည်လွင်က ပြောသည်။

စက်ရုံဆင်းလူငယ်များနှင့် မြို့ခံလူငယ်များ စိတ်လက်အပန်းဖြေရန် လှိုင်သာယာတွင် ပန်းဥယျာဉ် အင်္ဂါနှင့်အညီ တည်ဆောက်ထားသော ပန်းခြံကြီးမရှိဘဲ (၄)ထိပ်မှတ်အနီးတွင်သာ ရပ်ကွက်ပန်းခြံတစ်ခုရှိပြီး ရုံးပိတ်ရက်တို့တွင် အောင်မြေသာယာစေတီတော်နှင့် ငွေပင်လယ်ဘုရားတို့တွင်သာ လူငယ်တို့အတွက် ခေတ္တအပန်းဖြေရာနေရာအဖြစ်ရှိသည်။လူငယ်များ လမ်းဘေးအကွယ်တို့တွင် တွေ့ဆုံစကားပြောသည်ကို အခွင့်ကောင်းအဖြစ် လုယက်သည့်သူများ ဆိုင်ကယ်၊ ကားတို့ဖြင့် လုယက်မှုများလာလျက်ရှိပြီး တနင်္ဂနွေနေ့တွင် အများဆုံးလုယက်ခံနေရလျက်ရှိကာ မတ် ၁၂ ရက် ည ၉ နာရီခွဲကလည်း ရွှေလင်ပန်းမီးသတ်ကန်လမ်းတွင် လူငယ်နှစ်ဦးစီးနင်းလာသော ဆိုင်ကယ်အား လူနှစ်ဦးမှ ထိုးကြိတ်၍ လုယက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ဒီဝန်ထမ်းအိမ်ရာမှာ လုယက်မှုမကြာခဏဖြစ်လို့ အုပ်ချုပ်ရေးနဲ့ ရဲတပ်ဖွဲ့ပေါင်းပြီး အင်တိုက်အားတိုက်လုပ်လည်း ခဏပဲ။ ရှေ့က သတိပေးပြောသွားရင် နောက်မှာဖြစ်နေပြီ။ ဒီအိမ်ရာဝင်းမှာ ဓာတ်တိုင်တွေ မီးလင်းစေချင်တယ်။ ပြီးတော့ ရဲကင်းတစ်ခုဆောက်နိုင်မယ်ဆိုရင် လုယက်မှုတွေပျောက်သွားမှာပါ"ဟု (၁၅)ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအေးကြိုင်က ပြောသည်။

လှိုင်သာယာတွင် ရုံးပိတ်ရက်နှင့်အလုပ်သမားများ လစာထုတ်ရက်ဖြစ်သော လကုန်ပြီးချိန်တို့တွင် အများဆုံး လုယက်မှုခံနေရကြောင်း သိရသည်။

(၁၆၄)

# စဉ်ဆက်မပြတ်တိုင်းရင်းဆေးပညာ စာတမ်းဖတ်ကြား

**ဘားအံ မတ် ၁၅**

ကရင်ပြည်နယ် ဘားအံမြို့၌ မြန်မာ့တိုင်းရင်းဆေး သမားတော်များနေ့ (တပေါင်းလပြည့်နေ့)နှင့် စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို မတ် ၁၂ ရက်က ခုတင် ၅၀ ဆံ့ တိုင်းရင်းဆေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ပြည်နယ်တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်းက ဆောင်ရွက်ပြီး သမားတော်များနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို တိုင်းရင်းဆေးပြည်နယ်ဒုတိယဦးစီးမှူး ဦးသန်းထွတ်က ရှင်းလင်းပြောကြားကာ မြိုင်ကြီးငူတိုင်းရင်းဆေးကုဌာနနှင့် ဘားအံတိုင်းရင်းဆေးရုံတို့မှ ခါးနာရောဂါနှင့် ပတ်သက်သည့် စာတမ်းကို ဖတ်ကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်တိုင်းရင်းဆေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော တိုင်းရင်းဆေးဆရာကြီးများ တက်ရောက်ခဲ့ကြပြီး အပူဇော်ခံဆရာကြီးများကို ကန်တော့ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဖျက်ပိုးများကာကွယ်ရန် အသိပညာပေး

**တောင်ငူ မတ် ၁၅**

နွေစပါးရာသီတွင် စိုက်ပျိုးကွင်းများအတွင်း လိပ်ပြာမျိုးရင်းဝင် ဖျက်ပိုးများ ကျရောက်မှုမှ ကာကွယ်ရန် တောင်ငူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးနိုင်မင်းလှိုင်နှင့် ဝန်ထမ်းများက ဘက်စုံသီးနှံကာကွယ်ရေး နည်းစနစ်ဖြင့် နဂိုဉကတ် ၁၂၀ ချထားခြင်းကို မတ် ၁၄ ရက်က တောင်ငူမြို့ မိုးကောင်းကျေးရွာရှိ တောင်သူ ဦးအေးလွင်၏ ဆင်းသုခ စပ်မျိုးစပါး စိုက်ခင်း၌ ပြုလုပ်ခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် တောင်သူများအား နွေစပါးစိုက်ကွင်းများအတွင်း ကျရောက်လေ့ရှိသော ကပ်ပါးကောင်များ၏ အန္တရာယ်များနှင့် ကာကွယ်ရမည့် နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# ဓာတ်ပုံနှင့်ရုပ်မြင်ကင်မရာရိုက်ကူးရေး သင်တန်းဖွင့်

**မော်လမြိုင် မတ် ၁၅**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးကြီးမှူးဖွင့်လှစ်သော ဓာတ်ပုံနှင့် ရုပ်မြင်ကင်မရာရိုက်ကူးရေး(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၇)နှင့် ဖမ်းဆီးနည်း(ဆင့်ပွား) သင်တန်း အမှတ်စဉ်(၄/၂၀၁၇) သင်တန်းဖွင့်ပွဲ အခမ်းအနားတို့ကို မော်လမြိုင်မြို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမနှင့် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲတို့၌ မတ် ၁၃ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲကို ပြည်နယ်ရဲတပ်ဖွဲ့မှူး (ကိုယ်စား) ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းတက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး သင်တန်းများအား တပ်ဖွဲ့ဝင်များ အရည်အချင်းတိုးတက်မြင့်မားလာစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် သင်တန်းကို ရက်သတ္တ နှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်ဖြူ**

# ဖရဲသခွားနှင့်ပတ်သက်သော နည်းပညာသင်တန်းများပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်

**မုံရွာ မတ် ၁၅**

အမေရိကန်နိုင်ငံ ဝင်းရော့အင်တာနေရှင်နယ်စီမံကိန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဖရဲသခွားစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အစုအဖွဲ့တို့ ပူးပေါင်း၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် မဟာဗျူဟာလုပ်ငန်းစဉ်များကို မတ် ၁၃ ရက်က ချောင်းဦးမြို့၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး ဖရဲသခွားစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအစုအဖွဲ့ရုံးခန်းဖွင့်ပွဲတွင် ချမှတ်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီး ဖရဲသခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလွင်ထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဖရဲသခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ရုံးခန်းကို မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းကြီးကိုယ်စား တိုင်းဒေသကြီး အသင်းခွဲဥက္ကဋ္ဌ ဦးစောမြင့်၊ စားသုံးသူရေးရာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့သည်။




ဖရဲသခွားနှင့် ပတ်သက်သော နည်းပညာ သင်တန်းများပေးနိုင်ရန် ပြည်တွင်းသာမက ပြည်ပနိုင်ငံများဖြစ်သော အာရှနှင့် ဥရောပပညာရှင်များ၏ နည်းပညာပေါင်းစုံကို စိုက်ပျိုးသူ တောင်သူတိုင်း၏ လက်ဝယ်ရောက်ရှိ တတ်မြောက်ကာ လက်တွေ့စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်း ချနိုင်ရန်အတွက် ဖွဲ့စည်းထားသော သင်တန်းရေးရာ ကော်မတီက ဆောင်ရွက်မည်ဖြစ်သလို တင်ပို့ရောင်းချရာတွင် တရုတ်နိုင်ငံနှင့်သာမက အခြားနိုင်ငံတကာဖြင့် ချိတ်ဆက်တင်ပို့ ရောင်းချနိုင်ရန်နှင့် ပြည်ပနှင့် ဖက်စပ်ပြသနိုင်သော နိုင်ငံတကာပြပွဲများအထိ ထိုးဖောက်ဝင်ရောက်နိုင်ရန်ကိစ္စများကို ကွင်းဆက်ချိတ်ဆက်ရေးကော်မတီက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တောင်သူအများစု၏ အဓိက လည်ပတ်လုပ်ကိုင်နေရသော ဖရဲသခွား သွင်းအားစုများဖြစ်သော ပိုးသတ်ဆေး မြေဆီမျိုးစေ့ စသည်တို့မှစ၍ ဖရဲသခွား ထုတ်စက္ကူပလတ်စတစ်များအပြင် ထွန်စက်နှင့်စိုက်ပျိုးသူ တောင်သူများ၏လိုအပ်သည်များကို ချိတ်ဆက်ဆောင်ရွက်ပေးမည့် ပုဂ္ဂလိကရေးရာကော်မတီကိုလည်း ဖွဲ့စည်းထားသလို စစ်ကိုင်းတိုင်းအတွင်းမှ စစ်ကိုင်း၊မုံရွာ၊ ချောင်းဦး၊ ဘုတလင်၊ အရာတော် စသည့်မြို့နယ် ခြောက်ခုတွင်ရှိသော မြို့နယ်ဖရဲသခွား စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ခွဲများကဲ့သို့ ကျန်မြို့နယ်များတွင် ဆက်လက်စည်းရုံးဖွဲ့စည်းမှုများကို ဆောင်ရွက်မည့် အစုအဖွဲ့ရေးရာကော်မတီကိုဖွဲ့စည်းကာ ကော်မတီလေးရပ်စုပေါင်းဆောင်ရွက်မှုကို ယခင်ကထက် အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေး

**စစ်တွေ မတ် ၁၅**
ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်စေရန် ရည်ရွယ်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဦးဆောင်သည့် အစိုးရအဖွဲ့ဝင်များနှင့် ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမှုကို မတ် ၁၃ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် ဂျပန်နိုင်ငံ NAKANISHI SANGYO ကုမ္ပဏီမှ ဥက္ကဋ္ဌ KAZUHIRO NAKANISHI က ဂျပန်နိုင်ငံတွင် စွန့်ပစ်ပစ္စည်းများအား ခေတ်မီနည်းပညာများဖြင့် ပြန်လည်ပြုပြင်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် လူအသုံးဆောင်ပစ္စည်းများပြုလုပ်ကာ အသုံးပြုနေမှုတို့ကို ရှင်းလင်းဆွေးနွေးသည်။ စွန့်ပစ်ပစ္စည်းများမှာ အဓိက အားဖြင့် ဖန်ပုလင်းများ၊ မှန်ပြားများနှင့် ပလတ်စတစ်ပစ္စည်းများဖြစ်ပြီး ယင်းပစ္စည်းများအား စနစ်တကျ ခွဲခြားစွန့်ပစ်တတ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်တွင် စက်ရုံများတည်ထောင်ပြီး သင်တန်းများ ပေးသွားမည်ဖြစ်ကြောင်း KAZUHIRO NAKANISHI က ဆက်လက်ဆွေးနွေးသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန် လာရောက်ဆွေးနွေးပေးသည့်အတွက် ကျေးဇူးတင်ကြောင်းနှင့် လိုအပ်ပါက ကူညီဆောင်ရွက်ပေးနိုင်ရေးဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း ကိုးရက်တာဖွင့်လှစ်

**မုံရွာ မတ် ၁၅**
မျိုးကောင်းမျိုးသန့်နှင့်ပတ်သက်၍ စိုက်ပျိုးသူ တောင်သူများ၏ လိုအပ်ချက်များလာခြင်းနှင့်အတူ လုံလောက်စွာ ထုတ်လုပ်ဖြန့်ချိပေးနိုင်မှု မရှိသေးသလို မျိုးစေ့နှင့်ပတ်သက်၍ မျိုးစေ့သီးသန့်ဈေးကွက်များလည်း ဖြစ်ထွန်းမှုနည်းပါးသည်ကိုတွေ့ရကြောင်း မတ် ၁၃ ရက်က မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ကျင်းပသော မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ညွန့်ကပြောကြားသည်။

"မျိုးကောင်းမျိုးသန့်တွေကို ဌာနပိုင်မျိုးသန့်ခြံတွေက စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးနေသလို မျိုးစေ့ထုတ် ကုမ္ပဏီတွေနဲ့ မျိုးစေ့ထုတ်တောင်သူများကလည်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးနေပါတယ်။ မျိုးကောင်းမျိုးသန့်နဲ့ ပတ်သက်ပြီး စိုက်ပျိုးသူ တောင်သူတွေရဲ့ လိုအပ်ချက်များလာတာနဲ့အတူ လုံလုံလောက်လောက် ထုတ်လုပ်ဖြန့်ချိပေးနိုင်တာ မရှိသေးပါဘူး။ ဒါ့အပြင် မျိုးစေ့နဲ့ပတ်သက်လို့ မျိုးစေ့သီးသန့်ဈေးကွက်တွေလည်း ဖြစ်ထွန်းမှုနည်းပါးသေးတာကို တွေ့ရပါတယ်။ မျိုးသန့်တွေ စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့်ပွားများထုတ်လုပ်နိုင်ဖို့ ဒီမှာ မျိုးစေ့ထုတ်ကုမ္ပဏီတွေ တည်ထောင်ဆောင်ရွက်တာနဲ့အတူ Seed Grower Association တွေ ဖွဲ့စည်းဆောင်ရွက်နိုင်ဖို့ကြိုးစားနေပါတယ်"ဟု ၎င်းက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတွင် Centre Of Development Innovation (CDI)Wageningen University And Research Centre; Netherland နှင့် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲတို့ပူးပေါင်းပြီး Netherland Fellowship Program(NFP)အထောက်အပံ့ဖြင့် ကိုးရက်ကြာဖွင့်လှစ်သင်ကြားနေသည့် Seed Business Management Training ကို ကိုးရက်ကြာ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။ မျိုးစေ့ဌာနဝန်ထမ်းများနှင့်အတူ စိုက်ပျိုးရေးပညာပေးဝန်ထမ်းများက ပညာပေးစည်းရုံးဆောင်ရွက်လျက်ရှိသလို မျိုးစေ့ထုတ်လုပ်ငန်းကို အောင်မြင်သော စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် စနစ်တကျဆောင်ရွက်နိုင်ရန် လိုအပ်နေကြောင်း ဦးခင်မောင်ညွန့်ထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပဲတီစိမ်းနှင့် စားအုန်းဆီဈေးကျ၊ ငရုတ်ဈေးငြိမ်

**ရန်ကုန် မတ် ၁၅**
မတ် ၁၃ ရက် ဘုရင့်နောင်ဈေးကွက်တွင်ရှမ်းကြက်သွန်ဖြူ စားအုန်းဆီ၊ ကုလားပဲခြမ်းမတ်ပဲ၊ ပဲစင်းငုံနီ၊ ပဲတီစိမ်းခရမ်းရွှေဝါ(ထိပ်စ)ဈေးနှုန်းများ ကျဆင်းနေသည်ဟု သိရသည်။

မတ် ၁၃ ရက်တွင် ရှမ်းကြက်သွန်ဖြူ တောင်ကြီးအမျိုးအစား လက်ကားတစ်ပိဿာ ငွေကျပ် ၂၁၀၀မှ ၃၁၀၀၊ အောင်ပန်း ငွေကျပ် ၂၃၀၀ မှ ၃၃၀၀အတွင်း၊ ကြူကုတ်ကြက်သွန်ဖြူ ငွေကျပ် ၄၂၀၀ မှ ၄၃၀၀အတွင်း ဈေးရှိရာ ရှမ်းကြက်သွန်ဖြူအလုံးသေး တစ်ပိဿာ ငွေကျပ် ၁၀၀၀၊ အလုံးကြီးငွေကျပ် ၇၀၀ ဈေးကျဆင်းလာပြီး ကြူကုတ် မှာ ဈေးပြောင်းလဲမှုမရှိဟု သိရသည်။

မတ် ၆ ရက်တွင် စားအုန်းဆီပြည်ပ FOB တစ်တန် ၇၂၇ ဒေါ်လာနှုန်း ပြည်ပပို့ကုန် ရငွေလဲနှုန်း ၁၃၅၉ ကျပ်၊ တစ်ပိဿာ အရင်းဈေး၊ ၁၈၃၀ဆီထုတ်ယူခွင့်စာရွက် လက်ကားတစ်ပိဿာငွေကျပ် ၁၈၇၀ ရှိခဲ့သည်။ သို့သော် မတ်လ ၁၃ ရက်တွင် ပြည်ပဈေးတစ်တန် ၇၂၀ ဒေါ်လာငွေလဲနှုန်း ၁၃၇၂ ကျပ်၊ အရင်းဈေးတစ်ပိဿာ ၁၈၂၉ ကျပ် ဆီထုတ်ယူခွင့်စာရွက်ဈေး ငွေကျပ် ၁၈၁၀ သာရှိသည်။ အလှယ်တစ်ပိဿာ ငွေကျပ် ၁၈၂၅ ကျပ်ရှိသည် အထိဈေးကျလာသည်ဟုဆီဈေးကွက်မှသိရသည်။

ပျော်ဘွယ်မိုးထောင်ငရုတ်အဝင်များသော်လည်း တစ်ပိဿာ ငွေကျပ် ၃၂၀၀ ရှိပြီး မြစ်ဝကျွန်းပေါ် ညောင်ရမ်းမိုးထောင်မှာ ငွေကျပ် ၃၅၀၀ ရှိသည်။ ဝါးခယ်မ၊ အိမ်မဲငရုတ်ရှည်တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀ မှ ၃၀၅၀ အတွင်း ဈေးနှုန်းရှိသည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် ပဲတီစိမ်း ခရမ်းရွှေဝါ ထိပ်စတစ်ပိဿာ ငွေကျပ် ၂၂၅၀ ၂၂၈၅ ကျပ်နှုန်းရှိခဲ့ရာမှ တစ်လကျော်ကာလအတွင်း တစ်ပိဿာ ငွေကျပ် ၄၀၀ ကျော် တစ်တန်ဆိုလျှင် ၂၄၀၀၀၀ ဈေးကျလာသည်။

ရန်ကုန်ဈေးကွက်တွင် ပဲမျိုးစုံနှင့် စားအုန်းဆီအရောင်းအဝယ်တွင် နေ့စဉ်ကုန်သည်အများစု စိတ်ဝင်စားမှု များနေသည်။ မတ် ၆ ရက်မှ ၁၃ ရက်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက် ခုနစ်ရက်တာကာလ မတ်ပဲ RC ကုန်သေတ္တာအလုံးရေ ၆၀၀ ဝန်းကျင် ပဲစင်းငုံနီအလုံးရေ ငွေကျပ် ၅၅၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု သိရသည်။

**ခင်ဆိုင်**



# ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိမ်(၂၀)မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့်လက်ရာများ ဖိတ်ခေါ်ထားသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်း ဖြစ်သည် -
  (က) လူသားတို့ကမ္ဘာ မပျက်သုဉ်းဖို့ အန္တရာယ်မူးယစ် ဆန့်ကျင်စို့
  (ခ) မူးယစ်ကင်းစင်ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုး စီးပွားတိုး
  (ဂ) အားကစားဖြင့် မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့
  (ဃ) သက်ရှည်ကျန်းမာလူသားကမ္ဘာ မူးယစ်ဆေးဝါး တိုက်ဖျက်ပါ
  (င) မူးယစ်စွဲသူဖေးမကူ ရောင်းချသူကိုအရေးယူ ပြိုင်တူဆောင်ရွက် တိုင်းပြည်တွက်
  (စ) ဦးစွာနားထောင်ပါ
  Listen Listening to children and youth
  FIRST is the first step to help them
  grow healthy and safe
(၂) ဝတ္ထုတိုနှင့် ဆောင်းပါးစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း နှစ်စောင်ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။
(၃) ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့်မိတ္တူပေါင်း နှစ်စောင်ပေးပို့ရမည်။ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ ၊ ( ပါဒ ၁၀၀ မှ ၂၀၀ ) အတွင်း ရှိရမည်။
(၄) တေးသီချင်းသည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ် ထိရောက်ရမည်။ အပြီးသတ်အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ မူရင်းတစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။
(၅) ဓာတ်ပုံသည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် Monochrome ဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့် လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး သုံးပုံမှ ငါးပုံအထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပုံငယ်များ၏ Original Files များနှင့် 12" ×18" အရွယ် ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။
(၆) ကွန်ပျူတာပိုစတာသည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား 7" x 9" အရွယ် A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။
(၇) ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ဟူ၍ (၃)ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (၃/၄ တန်း)၊ အလယ်တန်း အဆင့် (၅/၆/၇ တန်း)နှင့် အထက်တန်းအဆင့် (၈/၉/၁၀ တန်း) ဖြစ်ပါသည်။ ရေးဆွဲမည့် စက္ကူယူလာရန်မလိုပါ။ 15" x 20" အရွယ် ရေးဆွဲရမည်။ ခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန် သုံးနာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။
(၈) ကွန်ပျူတာပန်းချီပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (၅/၆/၇ တန်း) နှင့် အထက်တန်းအဆင့် (၈/၉/၁၀ တန်း)ဖြစ်ပါသည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသော ပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသော ပုံမပါစေရ။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်သည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်ရမည်။ ယှဉ်ပြိုင်သည့် ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။
(၉) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ပြိုင်ပွဲတို့တွင် ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူ တစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။
(၁၀) ဓာတ်ပုံပြိုင်ပွဲဝင်တစ်ဦးလျှင် 12" x 18" လက်မအရွယ် Photo Essay လေးပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ငါးကြောင်းခန့် ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် တစ်ဦးလျှင် ဆုကြီး တစ်ဆုနှင့် နှစ်သိမ့်ဆု နှစ်ဆု ခံစားခွင့်ရှိသည်။
(၁၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲဝင်များသည် အတန်းအထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။
(၁၂) ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ နှစ်ပုံ၊ အမည်ရင်း၊ ကလောင် အမည်၊ အမျိုးသား မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင် ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက် ပူးတွဲ ပေးပို့ရမည်။
(၁၃) ပြိုင်ပွဲဝင် စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး သို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုံးအမှတ်မှာ ၀၁-၅၀၅၂၆၁ ဖြစ်သည်။
(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| | | |
|---|---|---|
| (က) | တေးသီချင်း | ၃- ၅-၂၀၁၇ |
| (ခ) | ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၁၂- ၅-၂၀၁၇ |
| (ဂ) | ဓာတ်ပုံ | ၅- ၆-၂၀၁၇ |
| (ဃ) | ကွန်ပျူတာပိုစတာ | ၆- ၆-၂၀၁၇ |
| (င) | ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ | ၈- ၆- ၂၀၁၇ |

(၁၅) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု သုံးဆုရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်မည် ဖြစ်ပါသည်။ အလွတ်တန်း ပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည် ဖြစ်သည်။
(၁၆) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။
မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

# အင်ဂျင်နီယာလောကကို ဘယ်လိုအဆင့်မြှင့်တင်ကြမလဲ (အပိုင်း-၄)

**သိပ္ပံစာရေးဆရာကိုကိုအောင်**



ရန်ကုန် နည်းပညာတက္ကသိုလ်

အများပြည်သူအတွက် အသက် အိုးအိမ် စည်းစိမ်လုံခြုံရေးသည်သာ အခရာ (To hold paramount the safety, health & welfare of the public)ဟူသောဆောင်ပုဒ်ကို လက်ကိုင်ပြုထားသည့် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၇)အဖြစ် ပေါ်ထွက်ခဲ့သော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြန်မာနိုင်ငံ အင်ဂျင်နီယာ လောကတစ်ရပ်လုံးကို တစ်ပြေးညီအဆင့်မြှင့်တင်ပေးရေးအတွက် ဆောင်ရွက်နိုင်ရန် မဟာဗျူဟာမြောက်စင်တာ အဖြစ် Myanmar Engineering Council Office Tower ပေါ်ထွန်းလာခဲ့ပြီ ဖြစ်သည်။

နိုင်ငံတကာရှိ အင်ဂျင်နီယာအဖွဲ့အစည်းများနှင့်နှိုင်းယှဉ်လျှင် ဖြစ်တည်ပေါ်ပေါက်မှု အလွန်နောက်ကျနေသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ လုပ်ငန်းဆောင်တာများဖြစ်ကြသော စဉ်ဆက်မပြတ် အင်ဂျင်နီယာပညာ သင်ကြားပေးခြင်း၊ အရည်အသွေးစိစစ်ခြင်း၊ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်း၊ ကုမ္ပဏီနှင့် အဖွဲ့အစည်းများ၏ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အဆင့်အတန်း သတ်မှတ်ပေးခြင်းစသော ကြီးမား ကျယ်ပြန့်လှသည့် လုပ်ငန်းဆောင်တာကြီးများကို ရေရှည်လုပ်ကိုင်သွားနိုင်ရေးအတွက် ကောင်စီဝင်မဟုတ်သော ပြင်ပမှ ဝါရင့်အင်ဂျင်နီယာ ပညာရှင်ကြီးများကပါ ဝိုင်းဝန်းအားဖြည့်ကူညီလုပ်ကိုင်ပေးကြမည်ဆိုလျှင် လုပ်ငန်းများ ပိုမိုထိရောက်ကာ မြန်ဆန်သွက်လက်လာမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ အင်ဂျင်နီယာလုပ်ငန်းများဆိုင်ရာ သမိုင်းတစ်လျှောက်ကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် နိုင်ငံဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြမှုကြောင့် ရလဒ်ကောင်း အများအပြားရရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သလို အခြားတစ်ဖက်၌လည်း အင်ဂျင်နီယာလုပ်ငန်း ကျွမ်းကျင်မှုမရှိခြင်း၊ အင်ဂျင်နီယာလုပ်ငန်းများကို ကြီးကြပ်ထိန်းကွပ်ပေးမှုအားနည်းခြင်း၊ အင်ဂျင်နီယာ ပညာရှင်အဆင့်ဖြင့် တာဝန်ယူလုပ်ကိုင် ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများကို အင်ဂျင်နီယာမဟုတ်သော ကျွမ်းကျင်သူအဆင့်ဖြင့်သာ ဆောင်ရွက်ခဲ့ခြင်း၊ အရည်အသွေးစိစစ်မှု အလွန်အားနည်းခြင်း၊ ခေတ်နှင့်လျော်ညီသော ပညာရပ်များကို စဉ်ဆက်မပြတ် ခံယူလေ့ကျင့်မှုမရှိခြင်း၊ အင်ဂျင်နီယာဆိုင်ရာကျင့်ဝတ်စည်းမျဉ်းများကို စောင့်ထိန်းမှုမရှိခြင်း စသည်တို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ အမြောက်အမြား ဆုံးရှုံးခဲ့ရခြင်း၊ ငွေကြေးနှင့်လုပ်အား ဆုံးရှုံးမှု ပမာဏကြီးမားခဲ့ခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရခြင်း၊ ပတ်ဝန်းကျင်ကိုထိခိုက်ခြင်း၊ အသက်ဆုံးရှုံးခဲ့ရခြင်းနှင့် အသက်အန္တရာယ်ဖြစ်စေနိုင်လောက်သော ထိခိုက်မှုကြီးများ ကြုံတွေ့ခဲ့ရခြင်းတို့ကို တွေ့ရှိကြရမည်ဖြစ်သည်။

အလားတူပင် ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၌ဖြစ်စေ နိုင်ငံခြားသားများက အင်ဂျင်နီယာအဆင့်ဖြင့် ဝင်ရောက်လုပ်ကိုင်မှုအပေါ် အင်ဂျင်နီယာပညာရှင် ဟုတ် မဟုတ်ကိုလည်းကောင်း၊ အင်ဂျင်နီယာပညာကို အမှန်တကယ် တတ်မတတ်ကိုလည်းကောင်း၊ အင်ဂျင်နီယာလုပ်ငန်းများကို အမှန်တကယ် တာဝန်ယူလုပ်ကိုင်နိုင်ခြင်း ရှိ မရှိကိုလည်းကောင်း စိစစ်မှု မပြုနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံသားအင်ဂျင်နီယာများ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးခဲ့ကြရခြင်း၊ နိုင်ငံခြားသုံးငွေများ အလဟဿ ဆုံးရှုံးခဲ့ရခြင်း၊ နိုင်ငံပိုင်ဘဏ္ဍာငွေများနှင့် ပြည်သူ့ငွေကြေးများ ဆုံးရှုံးခဲ့ရခြင်းများကိုလည်း ကြုံတွေ့ခဲ့ရသည်။

ထိုကဲ့သို့သော နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အင်ဂျင်နီယာလောက ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဟန့်အတားဖြစ်စေသည့်ဖြစ်ရပ်တို့မှ ရှောင်လွှဲနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ အင်ဂျင်နီယာလောကကို ထိန်းကျောင်းတည့်မတ်ပေးမည့်အဖွဲ့အစည်းတစ်ရပ် မားမားမတ်မတ် ဖွဲ့စည်း တည်ရှိနေရန် လိုအပ်သည်။ ထိုအဖွဲ့အစည်းသည်ကား အင်ဂျင်နီယာလောက၏ ဦးသျှောင် အင်ဂျင်နီယာကောင်စီပင်တည်း။

မြန်မာနိုင်ငံသား အင်ဂျင်နီယာနှင့် နည်းပညာကျွမ်းကျင်သူများ၏ ဂုဏ်သိက္ခာ၊ ကျင့်ဝတ်နှင့် အရည်အသွေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်၊ နိုင်ငံတော်၏ သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များအား ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြင့် အကျိုးရှိစွာအသုံးချနိုင်မည့် နည်းလမ်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရန်၊ အင်ဂျင်နီယာပညာနှင့် နည်းပညာသင်ကြားမှု၊ သုတေသနပြုမှု၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် စံချိန်စံညွှန်းပြည့်မီရေးနှင့် နည်းစနစ် မှန်ကန်ရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျင့်ဝတ်သိက္ခာထိန်းသိမ်းရေးတို့ ပြည့်စုံမှုရှိစေရေးအတွက် စနစ်တကျ ကြီးကြပ်လမ်းညွှန်မှုနှင့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန်၊ အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်စသည့် ကောင်းမွန်မှန်ကန်သော ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းပေါ်ပေါက်လာသည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ စတင်သန္ဓေတည် အခြေပြုရာ အဖွဲ့အစည်းမှာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (Myanmar Engineering Society - MES) ပင် ဖြစ်သည်။

၁၉၉၅ ခုနှစ်ကတည်းက ပေါ်ပေါက်ခဲ့သော မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသည် ၂၀၁၀ ပြည့်နှစ်တွင် အာဆီယံ အင်ဂျင်နီယာအသင်းချုပ်ဖြစ်သော ASEAN Federation of Engineering Organization သို့ နိုင်ငံကိုယ်စားပြု အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ရာမှ အစပြု၍ မြန်မာနိုင်ငံ အင်ဂျင်နီယာများအား အာဆီယံအဆင့်သို့ မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းစဉ်နှစ်ရပ်ဖြစ်သည့် Mobility of Engineers နှင့် Liberalisation of Professional Services within ASEAN တို့ကို လေ့လာသိရှိခဲ့သည်။ အဆိုပါ လုပ်ငန်းစဉ်ကြီးများအား ဆောင်ရွက်နိုင်ရေးအတွက် အင်ဂျင်နီယာများအား ထိန်းချုပ်ကွပ်ကဲနိုင်မည့် စည်းမျဉ်း၊ ဥပဒေများ ပြဋ္ဌာန်းရန် လိုအပ်ကြောင်းကိုပါ တစ်ပါတည်း သဘောပေါက် နားလည်ခဲ့ကြသည့်အတွက် ၂၀၀၂ ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ ဥပဒေကြမ်းတစ်ခုကို စတင်ပြုစုခဲ့ကြသည်။

ထိုမှတစ်ဆင့် ၂၀၀၅ ခုနှစ်တွင် အင်ဂျင်နီယာဝန်ဆောင်မှု လုပ်ငန်းများအတွက် အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံ (ASEAN Mutual Recognition Arrangement on Engineering Services - MRA) ကို နိုင်ငံတော်အဆင့်ဖြင့် လက်မှတ်ရေးထိုးခဲ့သည်။ ထိုအစီအမံသည် အာဆီယံစီးပွားရေးအသိုက်အမြုံ ပေါ်ထွန်းလာရေးအတွက် လိုအပ်ချက်တစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ အစိုးရအဖွဲ့များမှ ကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာအသင်းများမှ ကိုယ်စားလှယ်များ စုပေါင်းပါဝင် ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။

အဆိုပါအစီအမံအရ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင် (Professional Engineer) အဖြစ် စိစစ် အသိအမှတ်ပြုရေး၊ နိုင်ငံခြားသား မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင် (Registered Foreign Professional Engineer) အဖြစ် စိစစ်အသိအမှတ်ပြုရေးနှင့် ပညာရှင်များ ကြီးကြပ်ထိန်းသိမ်းမှု အာဏာပိုင်အဖွဲ့ (Professional Regulatory Authority) ဖွဲ့စည်းရေးတို့ကို အမျိုးသားအဆင့်ဖြင့် ဆောင်ရွက်ရန် တောင်းဆိုခြင်း ခံခဲ့ရသည်။

ထို့ပြင် အဆိုပါအစီအမံအရ အင်ဂျင်နီယာပညာရှင်များအား ထိန်းချုပ်ကွပ်ကဲသည့် ဥပဒေနှင့် နည်းဥပဒေ (Law & Regulations) ရေးဆွဲရန်၊ အင်ဂျင်နီယာအချင်းချင်း နီးနှောဆက်သွယ်သည့် ပညာရှင် အသင်းအဖွဲ့ (Professional Association) ဖွဲ့စည်းရန်၊ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်အဖြစ် အရည်အချင်းပြည့်မီကြောင်း စိစစ်အသိအမှတ်ပြုသည့်စနစ် (Qualifying as a Professional Engineer) ဖော်ဆောင်ရန်နှင့် အင်ဂျင်နီယာပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ခွင့် (Setting-up an Engineering Practice) တည်ရှိရန်တို့ကိုလည်း မဖြစ်မနေ လိုအပ်လာခဲ့သည်။

ထိုကဲ့သို့သော လိုအပ်ချက်များအတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့်တကွ အခြားသော ဝန်ကြီးဌာနများမှ ကျွမ်းကျင်သူများနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ဝါရင့်အင်ဂျင်နီယာကြီးများက နိုင်ငံတကာရှိ အင်ဂျင်နီယာကောင်စီ ဥပဒေများကို ကိုးကားလျက် ဥပဒေကြမ်းတစ်ရပ်ကို ရေးဆွဲပြုစုခဲ့ကြသည်။

အခြားတစ်ဖက်တွင်လည်း အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ၊ နိုင်ငံတော်အစိုးရက ၂၀၀၇ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၌ အသက်မွေးဝမ်းကျောင်းဆိုင်ရာ စည်းမျဉ်းကြပ်မတ်ရေး အာဏာပိုင်အဖွဲ့ (Professional Regulatory Authority - PRA) ကို ဖွဲ့စည်းပေးခဲ့သည်။

ထိုအဖွဲ့က သတ်မှတ်အရည်အချင်း ပြည့်မီသော မြန်မာနိုင်ငံသား အင်ဂျင်နီယာ ပညာရှင်များကို အာဆီယံပဋိညာဉ်ခံ အင်ဂျင်နီယာ ပညာရှင်လက်မှတ် ရရှိရေးအတွက် စိစစ်ထောက်ခံ တင်ပြခြင်းနှင့် နိုင်ငံခြားသား အင်ဂျင်နီယာများ၏ မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်လက်မှတ် လျှောက်ထားမှုများကို စိစစ်ကာ မြန်မာနိုင်ငံအတွင်း၌ အင်ဂျင်နီယာပညာရှင်အဖြစ် လုပ်ကိုင်ခွင့်ပြုရေး၊ နိုင်ငံခြားသား မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာပညာရှင်များအား ဥပဒေနှင့်အညီ ကြီးကြပ်ကွပ်ကဲရေး၊ အင်ဂျင်နီယာ ဆိုင်ရာ လက်တွေ့လုပ်ငန်းများ၏ အဆင့်အတန်း မြှင့်တင်ထိန်းသိမ်းရေး၊ ဥပဒေပြဋ္ဌာန်းမှုကို လက်တွေ့ကျင့်သုံးသည့် လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စံနှုန်းများနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများမှ အင်ဂျင်နီယာများအကြား ဖလှယ်နိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ၊ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတော်အစိုးရက ကြီးကြပ်မှုကော်မတီ (Monitoring Committee-M.C) ကို ၂၀၁၁ ခုနှစ်တွင် လည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ စိစစ်ရေးဘုတ်အဖွဲ့ (Myanmar Board of Engineer)ကို ၂၀၁၂ ခုနှစ်တွင် လည်းကောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ဖွဲ့စည်းပေးခဲ့သည်။

ထိုကဲ့သို့ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်နေခဲ့ကြခြင်း၏ အကျိုးရလဒ်အဖြစ် ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် ၃၇ အဖြစ် ပေါ်ထွက်လာသော မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေအရ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်းက မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီကို ဖွဲ့စည်းနိုင်ခဲ့ကာ၊ ယခင်က ဆောက်လုပ်ရေးဝန်ကြီးဌာန၌ ဖွဲ့စည်းဆောင်ရွက်ခဲ့ကြသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စည်းမျဉ်းကြပ်မတ်ရေး အာဏာပိုင်အဖွဲ့၊ ကြီးကြပ်မှုကော်မတီနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ စိစစ်ရေးဘုတ်အဖွဲ့တို့၏ တာဝန်နှင့်ဝတ္တရားများကို လွှဲပြောင်းလက်ခံ ရယူခဲ့သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ ပထမအဆင့် မျှော်မှန်းချက်မှာ အာဆီယံအဆင့်ဖြစ်ပြီး ဒုတိယအဆင့် မျှော်မှန်းချက်မှာ အာရှပစိဖိတ်အဆင့်ဖြစ်ကာ၊ အန္တိမမျှော်မှန်းချက် အနေဖြင့်မူ နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်း မဟာမိတ်အဖွဲ့ဝင်အဖြစ် ပါဝင် လက်မှတ်ရေးထိုးနိုင်ရေးပင် ဖြစ်သည်။

အဆိုပါ မျှော်မှန်းချက်များအရ အာရှပစိဖိတ် အင်ဂျင်နီယာပညာရေးဆိုင်ရာ အဖွဲ့အစည်း၏ လမ်းညွှန်ချက်များနှင့်အညီ စိစစ်အသိအမှတ်ပြုနိုင်ရေး ဆွေးနွေးပွဲများနှင့် သင်တန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ၊ ပထမလုပ်ငန်းစဉ်အဖြစ် ရန်ကုန်နည်းပညာတက္ကသိုလ်၏ ဘွဲ့သင်တန်းခုနစ်ခုကို အရည်အသွေးစိစစ် အသိအမှတ်ပြုမှုများ ဆောင်ရွက်ခဲ့ပြီး ယာယီ အသိအမှတ်ပြုခဲ့သည်။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ စိစစ်အသိအမှတ်ပြုသည့် လုပ်ငန်းများအပေါ် အာရှပစိဖိတ် အင်ဂျင်နီယာပညာရေးဆိုင်ရာ အဖွဲ့အစည်းက လာရောက်စစ်ဆေးခဲ့ပြီး ပထမဆင့်အနေဖြင့် တိုင်းကျိုးပြည်ပြု (Nation Building) အဆင့်အဖြစ် အသိအမှတ် ပြုပေးခဲ့သည်။ ထိုကဲ့သို့စိစစ်ပြီးသော ဘွဲ့သင်တန်းများမှ အင်ဂျင်နီယာ ကျောင်းသားများ ၂၀၁၈ ခုနှစ်၌ ဘွဲ့ယူပြီးသည့်အခါ ထပ်မံလာရောက် စစ်ဆေးပြီးမှသာ အာရှပစိဖိတ်အဆင့် အသိအမှတ်ပြု ခံရနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ပေါ်ပေါက်လာပြီးနောက် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်နှင့် မှတ်ပုံတင် အကြီးတန်း အင်ဂျင်နီယာများ၊ မှတ်ပုံတင် အင်ဂျင်နီယာများကို မွေးထုတ်ပေးခဲ့ရာ ယခုအခါ မြို့ကြီးများ၌ လုံလောက်သော အရေအတွက် ရရှိနေပြီ ဖြစ်သည်။ ထိုမှတစ်ဆင့်ဆက်၍ အလုပ်သင်အင်ဂျင်နီယာ လက်မှတ်များထုတ်ပေးနိုင်ရန် ထပ်မံကြိုးပမ်းအားထုတ်ခဲ့ရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းက နည်းပညာတက္ကသိုလ်များမှ အင်ဂျင်နီယာဘွဲ့ရရှိခဲ့သူ ၅၇၄၀ အတွက် သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၏ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ညှိနှိုင်းကာ ရန်ကုန်ရုံးချုပ်အထိ လာရောက်ရန်မလိုဘဲ A.E.C လက်မှတ်များကို ထုတ်ပေးခဲ့သည်။

အဆိုပါ အင်ဂျင်နီယာဘွဲ့ရ မောင်မယ်များအတွက် ကနဦး အသက်မွေးဝမ်းကျောင်း ပညာရပ် ဖွံ့ဖြိုးမှု ( Initial Professional Development) ကို မှတ်တမ်းတင်ရန်အတွက် မှတ်တမ်းစာအုပ် (Log Book) များကို လည်းကောင်း၊ ဘွဲ့ရအင်ဂျင်နီယာ သက်သေခံကတ်ပြား (Identity Card)များကို လည်းကောင်း ထုတ်ပေးရန် စီစဉ်ထားပြီးဖြစ်သည်။ အဆိုပါ ဘွဲ့ရအင်ဂျင်နီယာ မောင်မယ်များအဖို့ လုပ်သက်လေးနှစ် ပြည့်မီသည့်အခါ မှတ်ပုံတင်အင်ဂျင်နီယာ (R.E) အဖြစ် စိစစ်အသိအမှတ်ပြု ခံနိုင်ကြမည်ဖြစ်သည်။

အင်ဂျင်နီယာဘွဲ့ရပြီးသော မောင်မယ်တို့အတွက် IPD အစီအစဉ်အရ သင်တန်းနှင့်ဆွေးနွေးပွဲများကို Myanmar Engineering Council Office Tower ၌ပင် ကျင်းပရန် စီစဉ်ပေးမည်ဖြစ်သည်။ ထို့အတူ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင်ရှိကြသော အင်ဂျင်နီယာများနှင့် အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ လုပ်ငန်းများအတွက် ကျယ်ပြန့်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံးခွဲများကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းရုံးခွဲများနှင့် တွဲဖက်ဖွင့်လှစ်ပြီး On-line Registration ပြုလုပ်နိုင်ရေး ကိုလည်း ဆောင်ရွက်ရန် စီစဉ်ထားသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ အနေဖြင့် အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ၊ နိုင်ငံခြားသား အင်ဂျင်နီယာများကို မှတ်ပုံတင်ကန့်သတ် အင်ဂျင်နီယာ ပညာရှင်လက်မှတ် (R.F.P.E) နှင့် မှတ်ပုံတင် ကန့်သတ် အင်ဂျင်နီယာလက်မှတ် (R.L.E) များ စိစစ်ထုတ်ပေးနိုင်ရေးကိုလည်း တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးနေသည့်အတွက် နိုင်ငံခြားသား အင်ဂျင်နီယာများကိုယ်တိုင် လာရောက် လျှောက်ထားလျက် ရှိနေပြီဖြစ်သည်။

နိုင်ငံခြားသား အင်ဂျင်နီယာများကို ထိုကဲ့သို့ စိစစ်ကြပ်မတ်ပေးနေသည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၌ မြန်မာနိုင်ငံသား အင်ဂျင်နီယာများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးရမှုကို ကာကွယ်ပေးနိုင်မည် ဖြစ်သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း MRA နှင့်အညီ ဆောင်ရွက်ပေးနိုင်မည် ဖြစ်သည်။

အင်ဂျင်နီယာ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတကာမှ အင်ဂျင်နီယာပညာရှင် (Professional Engineer) များအတွက် Washington Accord၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ (Engineering Technologist) များအတွက် Sydney Accord နှင့် နည်းပညာရှင် (Engineering Technician) များအတွက် Dublin Accord ဟူ၍ ကမ္ဘာတစ်ဝန်း၌ ပေါ်ထွန်းလာခဲ့ပြီး ဖြစ်သည်။ တစ်ဖက်တွင်လည်း အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဘွဲ့နှင့်ဒီပလိုမာသင်တန်းများ ပြီးဆုံးချိန်၌ တတ်မြောက်ရမည့် အရည်အချင်း (Graduate Attributes) ၁၂ ချက်ကို နိုင်ငံတကာ အင်ဂျင်နီယာလုပ်ငန်း မဟာမိတ်အဖွဲ့ (I.E.A) က ထုတ်ပြန်သတ်မှတ်ထားသည်။

၎င်းသည်တို့ကို အကြောင်းပြု၍ ဘွဲ့လွန်ကာလတွင် လုပ်ငန်းခွင်အသီးသီး၌ ဝင်ရောက် လုပ်ကိုင်နေကြသော အင်ဂျင်နီယာပညာရှင်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် နည်းပညာရှင်များအတွက် အရည်အချင်းသတ်မှတ်ချက် (Professional Competencies Agreements) များ ပေါ်ထွက်လာခဲ့သည်။ International Professional Engineers Agreement၊ International Engineering Technologists Agreement နှင့် Agreement for International Engineering Technicians တို့မှ အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာ အရည်အချင်း သတ်မှတ်ချက် ၁၂ ချက်စီ အသီးသီး ပေါ်ထွက်လာသည့် အားလျော်စွာ မြန်မာနိုင်ငံ၏ အင်ဂျင်နီယာလောကအတွက် ဘွဲ့လွန်ကာလ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အရည်အချင်း သတ်မှတ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော ဗဟိုဌာနကြီးတစ်ခု မရှိမဖြစ် လိုအပ်လာသည်။ အဆိုပါ ဗဟိုဌာနကြီးသည်ကား မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ရုံးချုပ် ဖြစ်သော Myanmar Engineering Council Office Tower ကြီးပင်ဖြစ်ပေတော့သည်။ ။

# ရီးရဲမက်ဒရစ်တို့အတွက် နိုင်ပွဲဖြစ်ပြီး ဗီလာရီးရဲတို့ ရှုန်းကန်ရမယ့် လာလီဂါပွဲစဉ် (၂၈)




လာလီဂါပွဲစဉ်(၂၈)ကို မတ် ၁၈ ရက်နဲ့ ၁၉ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ တန်းစီဇယားထိပ်ဆုံးက ရီးရဲမက်ဒရစ်တို့အတွက် အမှတ်ပြည့်ရယူဖို့ အားထုတ်ဦးမယ့်ပွဲဖြစ်ပြီး ဂိုးသွင်းအားကျဆင်းနေတဲ့ တိုက်စစ်မှူး စီရော်နယ်ဒိုအတွက်လည်း ဂိုးတွေသွင်းယူနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် တန်းဆင်းဇုန်ဖိအားဝင်နေတဲ့အသင်းတွေအတွက်ကလည်း နိုင်ပွဲရရေး အားကြိုးမာန်တက် ကြိုးစားကြရဦးမှာမို့ ကြည့်ကောင်းမယ့်ပွဲတွေ ဖြစ်ပါတယ်။

**ဘီလ်ဘာအိုနှင့် ရီးရဲမက်ဒရစ်**

ရီးရဲမက်ဒရစ် တိုက်စစ်မှူးတွေက ဂိုးသွင်းအားကောင်းအောင် ပြန်ကြိုးစားနေတာမို့ အခုပွဲမှာ ဘီလ်ဘာအို နောက်တန်းကို နေရာစုံက ထိုးဖောက်ဂိုးသွင်းနိုင်ရေး ကြိုးစားပါလိမ့်မယ်။ ရီးရဲမက်ဒရစ်မှာ စီရော်နယ်ဒို၊ ဂါရတ်ဘေးလ်တို့ စွမ်းအားပြည့် ပါဝင်ကစားနိုင်မှာဖြစ်တာမို့ ဘီလ်ဘာအိုတို့ ခံစစ်ကြောင်း ထိန်းနိုင်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ဘီလ်ဘာအိုရဲ့အားသာချက်က အိမ်ကွင်းမှာ အင်တိုက်အားတိုက် ကစားနိုင်ပြီး ပြိုင်ဘက်တွေကို အခက်တွေ့အောင် စွမ်းဆောင်နိုင်ပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲ တွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် ရီးရဲမက်ဒရစ်တို့ကချည်း နိုင်ပွဲတွေရရှိခဲ့တာမို့ အခုပွဲမှာလည်း ဘီလ်ဘာအိုတို့ ခံစစ်ကို ခိုင်မာအောင် ပြင်ဆင်ရပါလိမ့်မယ်။ ဘီလ်ဘာအိုတို့က ဒီနှစ်လာလီဂါမှာ အိမ်ကွင်း ၁၄ ပွဲမှာ တစ်ပွဲသာရှုံးခဲ့တာမို့ အခုပွဲဟာ ဘီလ်ဘာအိုတို့လည်း တစ်မှတ်မျှော်လင့်နိုင်တဲ့ပွဲပါပဲ။

**လက်စ်ပယ်မက်စ်နှင့် ဗီလာရီးရဲ**

ဒီနှစ်လာလီဂါမှာ အဝေးကွင်းသရေပွဲများနေတဲ့ ဗီလာရီးရဲတို့အတွက် အခုပွဲဟာ စိန်ခေါ်မှု တစ်ရပ်ပါပဲ။ လက်စ်ပယ်မက်စ်တို့က အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကစားနိုင်တဲ့အသင်းဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက် ရှင်သန်နေဆဲဖြစ်တဲ့ ဗီလာရီးရဲလ်တို့ကတော့ ဒီပွဲမှာ အနိုင်ရလဒ်ကိုပဲ ဦးတည်ပြီး ကစားပါလိမ့်မယ်။ ဒါပေမယ့် ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်ကို ကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားတာမို့ ဒီပွဲမှာလည်း သရေရလဒ်ထွက်ပေါ်သွားနိုင်ပါတယ်။

**အီဘာနှင့် အက်စ်ပန်းညို**

အီဘာတို့က အိမ်ကွင်းခြေစွမ်းကောင်းပြနိုင်တဲ့အသင်းဖြစ်ပြီး ခံစစ်ပိုင်း ချို့ယွင်းတဲ့ အားနည်းမှုရှိပါတယ်။ အက်စ်ပန်းညိုက အဝေးကွင်းမှာ ရလဒ်ကောင်းတတ်ပေမယ့်။ တိုက်စစ်၊ ခံစစ်ဟန်ချက်ညီအောင် ကစားနိုင်တဲ့အသင်းဖြစ်ပါတယ်။ အီဘာနဲ့ အက်စ်ပန်းညိုတို့ နောက်ဆုံးသုံးပွဲ တွေ့ဆုံခဲ့ရာမှာ တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ ဒါပေမယ့် အခုတလော အိမ်ကွင်းမှာ အားထည့်ကစားနေတဲ့ အီဘာတို့ပဲ ရလဒ်ကောင်းရယူသွားပါလိမ့်မယ်။

**အလာဗက်စ်နှင့် ဆိုစီဒက်**

အဝေးကွင်းမှာ နိုင်ပွဲရအောင် ထူးထူးခြားခြားခြေစွမ်းပြနေတဲ့ ဆိုစီဒက်တို့က အိမ်ကွင်းမှာ ခြေစွာတဲ့ အလာဗက်စ်တို့ကို ဘယ်လိုရင်ဆိုင်မလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်တောက်ပနေတဲ့ ဆိုစီဒက်တို့က အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရယူနိုင်ရေး အကောင်းဆုံးအခင်းအကျင်းနဲ့ ပွဲထွက်လာပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်ကို ကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားတာမို့ အခုပွဲဟာ ခြေရည်တူဖြစ်ပေမယ့် ဆိုစီဒက်ရဲ့ခြေစွမ်းကို ပိုပြီး ယုံကြည်ရမှာဖြစ်ပါတယ်။

**ဘက်တစ်နှင့် အိုဆာဆူနာ**

တန်းစီဇယား အောက်ဆုံးကိုရောက်ရှိနေတဲ့ အိုဆာဆူနာတို့က ဘက်တစ်ကို အဝေးကွင်းမှာ ခက်ခက်ခဲခဲရင်ဆိုင်ရမှာ သေချာပါတယ်။ ဘက်တစ်ရဲ့လောလောဆယ် ခြေစွမ်းက ဖိအားကင်းကင်းနဲ့ နိုင်ပွဲရရေးအားထုတ်နိုင်မယ့် အခွင့်အရေးရှိတာမို့ အိုဆာဆူနာတို့အတွက် မလွယ်ပါဘူး။ အိုဆာဆူနာရဲ့အဝေးကွင်း ၁၄ ပွဲမှာ နိုင်ပွဲတစ်ပွဲသာရရှိထားတဲ့ စွမ်းဆောင်မှုကလည်း အားရစရာမရှိပါဘူး။ ခံစစ်ပိုင်း တည်ငြိမ်မှုမရှိတဲ့ အိုဆာဆူနာတို့ဟာ ဘက်တစ်ရဲ့ကျော်ဖြတ်အနိုင်ယူမှုကို ခံရပါလိမ့်မယ်။ ။

❑ မိုးမြင့်လင်းလက် ❑




## အက်ဖ်အေဖလား ဆီမီးဖိုင်နယ်မှာ အာဆင်နယ်နဲ့ မန်စီးတီး တွေ့ဆုံ

အာဆင်နယ်အသင်းဟာ ဒီနှစ် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲစဉ်မှာ မန်စီးတီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရတော့မှာဖြစ်ပါတယ်။ အက်ဖ်အေ လက်ရှိချန်ပီယံဖြစ်တဲ့ မန်ယူကတော့ ကွာတားဖိုင်နယ်မှာ ချယ်လ်ဆီးကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ပြီး ပြိုင်ပွဲကထွက်ခဲ့ရပါတယ်။ မန်ယူကို နိုင်ခဲ့တဲ့ ချယ်လ်ဆီးကတော့ နောက်ဆုံးလေးသင်းအဆင့်ကို တက်လာနိုင်ခဲ့ပြီး ဆီမီးဖိုင်နယ်မှာ စပါးနဲ့ ကစားရမှာဖြစ်ပါတယ်။

အာဆင်နယ်၊ စပါး၊ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ဟာ ဝင်ဘလေကွင်းမှာကစားမယ့် ဆီမီးဖိုင်နယ်ပွဲအတွက် ဝင်ခွင့်နေရာတွေ ရခဲ့ကြပြီဖြစ်ပါတယ်။ ဒီလေးသင်းဟာ ပရီမီယာလိဂ်မှာလည်း ဇယားထိပ်ကိုရောက်နေတဲ့ အသင်းတွေဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ အဓိကပြိုင်ဘက်ဖြစ်တဲ့အသင်းတွေ အက်ဖ်အေဖလားမှာ လာရောက်တွေ့ဆုံပြီဖြစ်လို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြရတော့မှာဖြစ်ပါတယ်။ အခု ဆီမီးဖိုင်နယ်မှာ ဆုံတွေ့နေတဲ့ ချယ်လ်ဆီးနဲ့ စပါးတို့ဟာ ၂၀၁၂ ခုနှစ်က အက်ဖ်အေ ဆီမီးဖိုင်နယ်မှာလည်း တွေ့ဆုံခဲ့ကြဖူးပြီး အဲဒီပွဲမှာ ချယ်လ်ဆီးက ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိကာ ဗိုလ်လုပွဲကို တက်ရောက်သွားခဲ့ပါတယ်။

## အင်ဂိုလိုကန့်တီးဟာ ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားဟု လမ်းပတ်ချီးကျူး

ချယ်လ်ဆီးအသင်းနဲ့ မန်ယူတို့ အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲကစားစဉ် ချယ်လ်ဆီးအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့တဲ့ အင်ဂိုလိုကန့်တီးဟာ ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားလို့ စတမ်းဖို့ဒ်ဘရစ်ရဲ့ ကွင်းလယ်ကစားသမားဟောင်း လမ်းပတ် က ချီးကျူးပြောဆိုလိုက်ပါတယ်။ ဒီပွဲမှာ ကန့်တီးဟာ မန်ယူဘက်ကို အဝေးကနေ လှမ်းပြီး ကန်သွင်းခဲ့ရာမှာ လှပစွာ ဂိုးဝင်သွားခဲ့ပါတယ်။ ဒီဂိုးကြောင့်ပဲ ကန့်တီးဟာ ကမ္ဘာ့အကောင်းဆုံး ကွင်းလယ်ကစားသမားလို့ လမ်းပတ်က ချီးကျူးခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးဟာ ဒီနှစ်နွေရာသီမှာ ပြင်သစ်နိုင်ငံသား ကန့်တီးကို လက်စတာအသင်းကနေ ပေါင်သန်း ၃၀ နဲ့ ဝယ်ယူခဲ့တာဖြစ်ပါတယ်။ ကန့်တီးဟာ ပြီးခဲ့တဲ့နှစ်က လက်စတာနဲ့အတူ ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့သလို ဒီနှစ်မှာလည်း ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက်နိုင်မယ့်အနေအထား ရှိနေပါတယ်။







## အသက် ၅၀ အရွယ်အထိ ဂိုးသွင်းနိုင်ဆဲဖြစ်တဲ့ ဂျပန်ကစားသမား မီအူရာ

ကာဇူယိုရှိမီအူရာဟာ ဂျပန် ဂျေလိဂ်မှာ အသက် ၅၀ အရွယ်ရှိပြီဖြစ်သော်လည်း ဂိုးသွင်းနိုင်တဲ့ ကစားသမားဖြစ်လာခဲ့ပါတယ်။ မီအူရာဟာ ယိုကိုဟားမား အက်ဖ်စီက ဂျေလိဂ် ဒုတိယတန်းအသင်း ကုဆက်ဆုအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ကစားတဲ့ပွဲမှာ ဂိုးသွင်းယူခဲ့ပါတယ်။ ကျွန်တော်ဟာ အကောင်းဆုံး ကစားပြီး အကောင်းဆုံးဂိုးတွေ သွင်းယူပေးနိုင်ဆဲဖြစ်ပါတယ်လို့ ဂျပန်တိုက်စစ်မှူးဟောင်း မီအူရာက ကျိုဒိုနယူးကို ပြောကြားလိုက်ပါတယ်။ မီအူရာဟာ အသက် ၅၀ နှင့် ၁၄ ရက်ရှိသွားပြီဖြစ်ပါတယ်။ ဂိုးတွေကတော့ သွင်းယူနေဆဲဖြစ်ပါတယ်။ သူဟာ နိုင်ငံ့လက်ရွေးစင်အဖြစ် ၈၉ ပွဲကစားခဲ့ပြီး ၅၅ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ သူ့ကို ယိုကိုဟားမားအသင်းကလည်း ဇန်နဝါရီလက စာချုပ်သစ်ချုပ်ဆိုထားပါတယ်။ သူဟာ ဘရာဇီးမှာ ဘန်တို့စ်အသင်းနဲ့အတူ ကစားခဲ့သူဖြစ်ပါတယ်။ ၁၉၈၆ ခုနှစ်က ကြေးစားဘောလုံးသမားဘဝကို ဘရာဇီးမှာ စတင်ခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာ အီတလီကလပ် ဂျီနိုအာ၊ ခရိုအေးရှားက ဒိုင်နမိုဇာဂရက်ဗ်အသင်းတွေမှာလည်း ကစားခဲ့သူဖြစ်ပါတယ်။ တိုက်စစ်မှူးဟောင်းဟာ ၂၀၀၅ ခုနှစ်က အသက် ၃၈ နှစ်အရွယ်မှာ ယိုကိုဟားမားအသင်းကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။

**ကောင်းမြတ်သူ-စုစည်းသည်။**

# ရန်ကုန်-သန်လျင် အမှတ် (၂) တံတားကွန်ကရစ်ရက်မများနိမ့်ကျမှုကြောင့် အစားထိုးပြုပြင်

**ရန်ကုန် မတ် ၁၅**

ရန်ကုန်-သန်လျင် အမှတ်(၂) ဒဂုံတံတားမှ ကွန်ကရစ်ရက်မများနိမ့်ကျသွားမှုအား ဆောက်လုပ်ရေးဝန်ကြီးဌာန တာဝန်ရှိအဖွဲ့အစည်းများက စစ်ဆေးတွေ့ရှိသဖြင့် တံတားကြီးရေရှည် ကြံ့ခိုင်ရေးအတွက် တံတားဦးစီးဌာန တည်ဆောက်ရေး(၃) တံတားအထူးအဖွဲ့ (၁၁) သည် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၏ တာဝန်ပေးချက်အရ အကြီးစားပြင်ဆင်ထိန်းသိမ်းမှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါတံတားကြီးသည် ပင်မတံတားအရှည် ပေ ၄၅၄၀ ရှည်ပြီး ရန်ကုန်မြစ်ကိုဖြတ်၍ မူလရန်ကုန်-သန်လျင်တံတားအမှတ် (၁) အရှေ့ဘက်ဒဂုံဆိပ်ကမ်းမြို့နယ်မှ သန်လျင်မြို့နယ် ကုလားဝဲကျေးရွာကို ဖြတ်သန်းတည်ဆောက်ထားသဖြင့် ကုလားဝဲတံတား၊ ဒဂုံတံတားဟုလည်း ခေါ်ကြသည်။ ခြောက်လမ်းသွား သံကူကွန်ကရစ်တံတားကြီးဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၀၀ ပြည့်နှစ်အတွင်းက ပန္နက်ချတည်ဆောက်ခဲ့သော အလွန်တောင့်တင်းခိုင်ခံ့ကြီးမားသော တံတားကြီးဖြစ်သည်။

တံတားကြီး၏ ခွင့်ပြုခံနိုင်သော ဝန်အလေးချိန်မှာ ယာဉ်တစ်စီးခြင်း ၇၅ တန်ခွင့်ပြုနိုင်သော တံတားကြီးတစ်စင်းဖြစ်သော်လည်း သန်လျင်-ရန်ကုန် အမှတ်(၁)တံတားမှ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းခွင့်မပြုတော့သည့်အချိန်မှစ၍ ကျောက်တန်းသီလဝါ ဆိပ်ကမ်းသို့ သင်္ဘောတင်ပစ္စည်းများနှင့် သင်္ဘောချကုန်တင်ယာဉ်ကြီးများ၊ သစ်လုံးတင်ယာဉ်ကြီးများ၊ ကွန်တင်နာတင်ယာဉ်ကြီးများသည် တံတား၌ ကုန်ချိန်ကတ္တားမရှိသေးသည်ကို အခွင့်ကောင်းယူ၍ ယာဉ်ပေါ် ကုန်များအဆမတန်တင်ဆောင်ပြီး နေ့ရောညပါ ဖြတ်သန်းသွားလာနေခြင်း၊ ကုန်တင်ယာဉ်ကြီးများ အစုလိုက်အဖွဲ့လိုက် တံတားကြီးပေါ်၌ ညအိပ်ရပ်နားထားခြင်းတို့ကြောင့် တံတားကြီး၏ ရေလည်တိုင်အမှတ် ၁၃/၁၄ တွင်ရှိသည့် ကွန်ကရစ်ရက်မကြီး ၁၅ ခုမှာ နိမ့်ကျသွားခဲ့ရသည်။ သို့ဖြစ်၍ တံတားအထူးအဖွဲ့ (၁၁) သည် တံတားကြမ်းခင်းများခွာ၍ နိမ့်ကျနေသော ကွန်ကရစ်ရက်မများကို ဖယ်ထုတ်ပြီးရက်မအသစ်များ အစားထိုးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **ခရမ်းစိုးမြင့်**



ရေလယ်တိုင်ရက်မကြီးများကို အစားထိုးပြုလုပ်နေပုံကို အနီးကပ်တွေ့ရစဉ်

## စာအောင် ဆုနှင်းသဘင်ပွဲ ကျင်းပ

**ဖြူး မတ် ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ အုတ်ဖြတ်ရပ်ကွက် ဗိုလ်ချုပ်ရပ် အောင်ဇေယျပရိယတ္တိစာသင်တိုက်မှ အစိုးရပထမပြန် စာမေးပွဲနှင့် ဖြူးမြို့နယ် သြဝါဒါဆရာတော်ကြီးများ နှစ်စဉ်ကြီးမှူးကျင်းပသော ပရိယတ္တိမူလ စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်ခဲ့ကြသော သံဃာတော်အရှင်သူမြတ်တို့အား စာအောင်ဆုနှင်းသဘင်အခမ်းအနားကို မတ် ၁၂ ရက် ညနေ ၅ နာရီက ဖြူးမြို့အောင်ဇေယျပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် တက်ရောက်လာကြသည့် လူပရိသတ်များအား ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဖြူးမြို့နယ် ပရိယတ္တိမူလ စာမေးပွဲတွင် အကြီးတန်းတစ်ပါး၊ အလတ်တန်းတစ်ပါး၊ အငယ်တန်းသုံးပါးနှင့် အခြေပြုတန်းနှစ်ပါး၊ ဒုတိယဆင့်လေးပါး၊ တတိယဆင့်ငါးပါး၊ အစိုးရပထမပြန် စာမေးပွဲ၌ အကြီးတန်းတစ်ပါး၊ အလတ်တန်းလေးပါး၊ အငယ်တန်းတစ်ပါးတို့အား အဆင့်အလိုက် ဂုဏ်ပြုဆုများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချအမျှအတန်းပေးဝေကြကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

## ဘေးတွဲဆိုင်ကယ်များ စနစ်တကျမောင်းနှင်သွားလာရေး ညှိနှိုင်းဆွေးနွေး

**မြိတ် မတ် ၁၅**

မြိတ်မြို့နယ်အတွင်း မောင်းနှင် သွားလာလျက်ရှိသော ပုဂ္ဂလိကမော်တော်ယာဉ်များဖြစ်သည့် ဘေးတွဲဆိုင်ကယ်များအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ စနစ်တကျ မောင်းနှင်သွားလာကြရေးအတွက် စည်းကမ်းထိန်းသိမ်းကြပ်မတ်ရန် ညှိနှိုင်းဆွေးနွေးပွဲကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၁၁ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေးက မြို့နယ်အတွင်းတွင် စည်းကမ်းမဲ့စွာ မောင်းနှင်သွားလာလျက်ရှိသော ဘေးတွဲဆိုင်ကယ် များစွာတွေ့ရှိရကြောင်း၊ အချို့ ဘေးတွဲဆိုင်ကယ်များသည် စည်းကမ်းမဲ့သွားလာနေကြသဖြင့် ညအချိန်များတွင် ပိုမိုအန္တရာယ်များကြောင်း၊ သက်ဆိုင်ရာဌာနများ၏ ဥပဒေများနှင့် ထိန်းသိမ်း ကြပ်မတ်ရန်လိုအပ်ကြောင်း ဆွေးနွေးသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကမော်တော်ယာဉ် ထိန်းသိမ်းကြီးကြပ်ရေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဘေးတွဲဆိုင်ကယ်များ ဥပဒေနှင့်အညီ စနစ်တကျ မောင်းနှင်သွားလာရေးအတွက် မြို့တွင်းလမ်း စည်းမျဉ်း စည်းကမ်းများအရ ရပ်ကွက်များအတွင်း မဝင်ရလမ်းများ သတ်မှတ်ရေး၊ ဘေးတွဲဆိုင်ကယ်များ မောင်းနှင်ခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအတိုင်း စနစ်တကျ ထိန်းသိမ်းကြပ်မတ်ကြရေးတို့ကို ဆောင်ရွက်သွားကြရန် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခိုင်ထူး(မြိတ်)**

## ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်

**ဟသ်ာတ မတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်း ကျေးရွာများမှ ပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေစေရန်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ဒေသခံပြည်သူများ စုပေါင်းထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့သည့် ဒေါင့်တဲ-ထိန်သေးတော-ဇန်းမော် ကျောက်ချောလမ်းသစ်ကို မတ်လ ပထမပတ်အတွင်းက ဖွင့်လှစ်ခဲ့ပြီးနောက် ဒေသခံပြည်သူများ သွားလာရေးလွယ်ကူချောမွေ့လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒေါင့်တဲ-ထိန်သေးတော-ဇန်းမော် ကျောက်ချောလမ်းသစ်သည် အရှည်နှစ်မိုင်နီးပါး၊ အကျယ်ခြောက်ပေ ဒု၃ လက်မ ကျောက်ချောခင်းထားသည့်လမ်း ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၃၉ သိန်းနှင့် ဒေသခံပြည်သူများ ထည့်ဝင်ငွေ ကျပ် ၄၆ သိန်း စုစုပေါင်း ၈၅ သိန်းအကုန်ကျခံ၍ ခင်းကျင်းခဲ့ကြောင်း သိရသည်။ လမ်းမကြီး ပြီးစီးသွားမှုကြောင့် ပြာသာကျေးရွာအုပ်စု၊ ကရင်အင်းကျေးရွာအုပ်စုနှင့် မြို့ကွင်းကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာပေါင်း ၁၆ ရွာမှ ဒေသခံပြည်သူများ သွားလာရေးအတွက်သာမက ဒေသထွက်ကုန်များ တင်ပို့ရောင်းဝယ်ရေးတွင်လည်း မြန်ဆန်လွယ်ကူသွားပြီဖြစ်ကြောင်း သိရသည်။
**ကျော်ကျော်(မြန်/ဆက်)**

## လွိုင်ကော်မြို့နယ် ရေပေးဝေရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**လွိုင်ကော် မတ် ၁၅**

လွိုင်ကော်မြို့ သီရိမင်္ဂလာတံတား(ဘီလူးချောင်းရေစက်ရုံ)မှ နာနတ်တောရေပေးဝေရေးဇုန် ရေစုကန်အထိ ရေစုပ်တင် ဖြန့်ဝေပေးနေမှု အခြေအနေများကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ပြည်နယ်အစိုးရ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ မတ် ၁၃ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။



ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နာနတ်တောရေပေးဝေရေးဇုန်ရှိ ဂါလန် ၂၀၀၀၀ ဆံ့ မြေအောက်ရေကန်မှ ပေ ၆၀ အမြင့်ရှိ ဂါလန် ၁၂၀၀၀ ဆံ့ ရေစင်ပေါ်သို့ ရေစုပ်တင်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နာနတ်တောရပ်ကွက် ရေလုံလောက်စွာရရှိရေး Motor Pump ဖြင့် ရေစုပ်တင်ပေးဝေရာတွင် မီးအားပြည့်မီလုံလောက်မှုမရှိသဖြင့် ပုံမှန်ရေပေးဝေနိုင်ရန်အတွက် နာနတ်တောရေစုကန်အနီး၌ ၅၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ မြင်းကောင်ရေ ၂၀ အားရေပန့်တစ်လုံး တပ်ဆင်ရန်နှင့် ဘီလူးချောင်းရေ စက်ရုံတွင် မြင်းကောင်ရေ ၅၀ အား ရေပန့်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်နိုင်ရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်သည် မိုင်းလုံးရပ်ကွက်ရှိ ဂါလန် သုံးသိန်းဆံ့ ရေစစ်ကန် တည်ဆောက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေစစ်ကန်မှ စစ်ထုတ်ပြီးသည့်ရေများကို မြို့တွင်းသို့ ဖြန့်ဖြူးနိုင်ရေးအတွက် ရေစစ်ကန်မှ ယခင်ရေပေးဝေနေသည့် ပိုက်လိုင်းသို့ အမြန်ဆုံးဆက်သွယ်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ **(ပြည်နယ် ပြန်/ဆက်)**

## ကယားပြည်နယ်တွင် မဟာသင်္ကြန်ပွဲတော် စည်ကားစွာ ကျင်းပနိုင်ရေး ဆွေးနွေး

**လွိုင်ကော် မတ် ၁၅**

၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ကယားပြည်နယ်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၃ ရက်က လွိုင်ကော်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ကယားပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဆပ်ကော်မတီများအလိုက် ဆွေးနွေးတင်ပြခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုနှစ်တွင် ကယားပြည်နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်၍ မြို့နယ်တိုင်းအတွက် သင်္ကြန်ပွဲတော် ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန် လိုအပ်သော အကူအညီ အထောက်အပံ့များကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။
**(ခရိုင် ပြန်/ဆက်)**

## လောက်ကိုင်ဒေသမှ နေရပ်ပြန်မည့်ကြံခုတ်လုပ်သားများအား ထောက်ပံ့ငွေများပေးအပ်

**လားရှိုး မတ် ၁၅**

လောက်ကိုင်ဒေသမှ မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်ရန် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မန်ဆူရှမ်းကျောင်းတိုက်၌ ရောက်ရှိနေကြသော ကြံခုတ်လုပ်သားများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများ မတ် ၁၄ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

နေရပ်ပြန်ကြံခုတ်လုပ်သားများ မန်ဆူရှမ်းကျောင်းတိုက်၌ ခေတ္တနားခိုစဉ် အခက်အခဲမရှိစေရေးနှင့် နေရပ်ပြန်ရန်အတွက် လူမှုကူညီရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ကားများစီစဉ်ပေးကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကလည်း ဆန်အိတ် ၅၀ နှင့် လောက်ကိုင်ဒေသ ပစ်ခတ်မှုတွင် သေဆုံးသွားသော ဒေါ်ပြာမီးအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်ခဲ့သည်။

ရှမ်းပြည်နယ်အစိုးရမှ ပေးအပ်သည့် ထောက်ပံ့ငွေများကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးခွန်စိုင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ပြည်နယ်ဥပဒေချုပ် ဦးတင်ဦးတို့က နေရပ်ပြန်ကြမည့်လုပ်သားများထံ ပေးအပ်ခဲ့ကြပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလည်း လောက်ကိုင် ပစ်ခတ်မှုဖြစ်စဉ်တွင် သေဆုံးသွားသော ရဲတပ်ဖွဲ့ဝင်များအတွက် တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ရှစ်ဦးအတွက် ငွေကျပ် ရှစ်သိန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။
**ဟန်ဌေး(လားရှိုး)**

## ကျေးရွာချင်းဆက်လမ်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ပုလဲ မတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ နှစ်ရန်ပုံငွေ ကျပ် ၂၀၆ သန်းဖြင့် ရွှေမိုင်းခုတ်ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော သပြေရေ-ပေါက်သဖ ကျေးရွာချင်းဆက် မြေသားလမ်း အရှည် ၄ မိုင်တွင် အကျယ် ၁၂ ပေ၊ ဒု၉ လက်မ ကျောက်ချောခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းအရည်အသွေးပြည့်မီရေးအတွက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးအောင်နှင့် အင်ဂျင်နီယာများသည် မတ် ၁၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **မင်းခန့်စိုး(ဧယျာမြေ)**

## သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု အခြေခံသင်တန်း မြိတ်ခရိုင်၌ ဖွင့်လှစ်

**မြိတ် မတ် ၁၅**

မြိတ်ခရိုင်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများအား အခြေခံ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ပဏာမ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကို မြိတ်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မတ် ၁၂ ရက်နှင့် ၁၃ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြိတ်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာဒေါ်လွင်လွင်မော်က အမှာစကားပြောကြားပြီး သင်တန်းနည်းပြများအဖြစ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာကိုကိုမော်၊ ဒေါက်တာခင်မောင်၊ ဒေါက်တာခင်မျိုးဆင့်နှင့် ဒေါက်တာ မေဖြိုးလင်းတို့က သင်ကြားပို့ချခဲ့ကာ သင်တန်းသို့ အခြေခံကျန်းမာရေးဝန်ထမ်း ၂၅ ဦးနှင့် ပညာရေးဝန်ထမ်းငါးဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ခိုင်ထူး(မြိတ်)**

## မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**သံတွဲ မတ် ၁၅**

သံတွဲခရိုင်ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသည့် မူခင်းကျဆင်းရေးအသိပညာပေး ဟောပြောပွဲကို မတ် ၁၂ ရက် မွန်းလွဲပိုင်းက သံတွဲမြို့နယ် ရွှေလှေကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသောင်းထွန်းက အမှာစကားပြောကြားပြီး ရွှေလှေစခန်းမှူး ရဲအုပ်မောင်မောင်လေးနှင့် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကျော်မျိုးထက်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးကြသည်။ ယင်းနောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်စိုးက ရဲလုပ်ငန်းများဆိုင်ရာ သိကောင်းစရာများ၊ လူကုန်ကူးမှုအန္တရာယ် ကာကွယ်တားဆီးရေး၊ မူးယစ်သောက်စားမှုကြောင့် ဖြစ်ပေါ်လာရသည့် ပြဿနာဆိုင်ရာများ၊ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးဆိုင်ရာတို့ကို ဟောပြောဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ ပြန်လည်မေးမြန်းဆွေးနွေးမှုများကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်စိုးက ပြန်လည်ဆွေးနွေးဖြေကြားပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။ **သန့်ဇင်(ပြန်/ဆက်)**



**မတ် ၁၂ ရက်က ပျော်ဘွယ်မြို့နယ် မြေနီကုန်းအုပ်စု မဲဒီးကျေးရွာမြောက်ဘက် အမြင့်ပေ ၃၀၀ ခန့်ရှိ မှင်လုံတောင် ဣစ္ဆာသယအောင်တော်မူ ဆုတောင်းပြည့် မဟာမြတ်မုနိစေတီအနီး သီတင်းသုံးနေထိုင်နေ ကြသည့် ဆရာတော် ဦးဥတ္တမနှင့် သံဃာတော်များ သောက်သုံးနိုင်ရန် သောက်ရေသန့်ဘူးကြီး ၁၅၀ (ဂါလန် ၇၅၀) အား ပျော်ဘွယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးဦးနှင့် တပ်ဖွဲ့ဝင်များ သွားရောက်လှူဒါန်းစဉ်** ကိုရဲ

## အိန္ဒိယသို့တင်ပို့မည့် ကွမ်းသီးအိတ် သိန်းနှင့်ချီ၍ ရိခေါဒါရ်၌ သောင်တင်နေ

**ရိခေါဒါရ် မတ် ၁၅**



မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေး လမ်းကြောင်းတစ်ခုဖြစ်သည့် ရိခေါဒါရ် နယ်စပ် ဂိတ်ပေါက်မှ အိန္ဒိယဘက်သို့ တင်ပို့မြဲဖြစ်သော ကွမ်းသီးတင်ပို့မှုများကို ခေတ္တပိတ်ပင်ထားသောကြောင့် ကွမ်းသီးများကို အိန္ဒိယနိုင်ငံအထိ တင်ပို့နိုင်ခြင်းမရှိဘဲ ရိခေါဒါရ်မြို့တွင် ကွမ်းသီးအိတ်ပေါင်းသိန်းချီ၍ သောင်တင်နေပြီး ကွမ်းသီးကုန်သည်များ အခက်ကြုံနေရကြောင်း သိရသည်။

ကွမ်းသီးအိတ်များ သောင်တင်နေသည့် ကုန်သည်တစ်ဦးက "ကျွန်တော်တို့ ကွမ်းသီးတွေဟာ မြန်မာပြည်တွင်း ကသာမက အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ ဗီယက်နမ်နိုင်ငံဘက်ကပါ တင်ပို့လာရတာဖြစ်တယ်။ ဒါကြောင့် ကုန်ပစ္စည်းတွေဟာ တင်ပို့ရာလမ်းကြောင်း ရှည်လျားစွာနဲ့ ကလေးမြို့ကို ရောက်ရှိလာပါတယ်။ ကလေးမြို့ကနေ တစ်ဆင့် ရိခေါဒါရ်နယ်စပ်အထိကို ကားတန်ဆာခအဖြစ် ကွမ်းသီးတစ်ကီလိုဂရမ်ကို ငွေကျပ် ၈၀ ပေးဆောင်ရပြီး ကွမ်းသီး အိတ်တစ်အိတ်မှာ ၈၀ ကီလိုဂရမ်ခန့် ရှိပါတယ်။ ရိခေါဒါရ်မြို့မှာ ကွမ်းသီးတွေ ယာယီသိုလှောင်ထားရှိပြီး ဂိုဒေါင်ငှားရမ်းခအဖြစ် ကွမ်းသီးအိတ်တစ်အိတ်ကို ငွေ ၂၀၀ ကျပ်နဲ့ ငှားရမ်းသိုလှောင်ထားရပါတယ်"ဟု ပြောသည်။

အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် နယ်စပ်ရွာဖြစ်သည့် ဇိုခေါထာရ်ရွာရှိ ပြည်သူများနှင့် ကုန်တင်ကုန်ချအသင်းများ အကြား သဘောထားကွဲလွဲမှု ပြဿနာကြောင့် ကွမ်းသီးတင်ပို့မှုများကို ခေတ္တပိတ်ပင်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ခေတ္တဆိုပေမယ့် အခုဆိုရင် တစ်လနီးပါးလောက် ကြာနေပါပြီ။ ဒါနဲ့ ကွမ်းသီးတွေကလည်း ရောက်ရှိလာတာများတော့ ဂိုဒေါင်တွေမှာလည်း မဆံ့နိုင်တော့လို့ ကွင်းပြင်တွေမှာပါ အဆင်ပြေသလို စုပုံထားရပါတယ်။ အခုရက်ပိုင်းဆိုရင် မိုးကလည်း အနည်းအကျဉ်းရွာချလာတော့ ကွမ်းသီးတွေ ပျက်စီးကုန်မှာလည်း စိုးရိမ်နေရပြီး တော်တော်ကို အခက်ကြုံနေရပါတယ်"ဟု အဆိုပါ ကွမ်းသီးကုန်သည်က လက်ရှိအခက်အခဲ အခြေအနေကို ရှင်းပြသည်။

ကွမ်းသီးတင်ပို့မှု ယာယီပိတ်ပင်ထားသည့် အခြေအနေမှာ တစ်လနီးပါး ကြာလာချိန်အထိ ထူးခြားပြောင်းလဲမှု မရှိသေးဘဲ ဆက်လက်တင်ပို့နိုင်ခြင်းမရှိသဖြင့် ကွမ်းသီးများမှာ ရိခေါဒါရ်မြို့တွင် သောင်တင်နေဆဲဖြစ်ရာ လက်ရှိအချိန်တွင် ရိခေါဒါရ်မြို့၌ ကွမ်းသီးအိတ်ပေါင်း သိန်းနှင့်ချီ၍ သောင်တင်နေပြီး ကုန်သည်များမှာလည်း အဆင်ပြေသလို စုပုံသိုလှောင်ထားနေရကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## ရေး-ခေါဇာလမ်းပေါ်ရှိတံတားကို ကွန်ကရစ်တံတားအဖြစ် တည်ဆောက်နေ

**ရေး မတ် ၁၅**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ရေး-ကလော့-ဟံဂံ-ခေါဇာ လမ်းပေါ်ရှိ ဘေလီတံတားကို ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ်သန်းပေါင်း ၇၀၀ အကုန်အကျခံကာ ခေါဇာမြို့ လမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိရာ မတ်လအတွင်း ပြီးစီးအောင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ခေါဇာမြို့ လမ်းဦးစီးဌာနမှ သိရသည်။

တံတားသည် အရှည် ပေ ၂၀၀၊ အကျယ် ပေ ၃၀ နှင့် ခွင့်ပြုတန်ချိန် ၆၀ ဖြစ်ပြီး ရေကင်းလွတ်ခွင့် ၁၇ ပေ ၆ လက်မရှိကာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။ တံတားကို ဇန်နဝါရီလအတွင်းက စတင်တည်ဆောက်ခြင်းဖြစ်ပြီး ယခုအချိန်တွင် ၅၀ ရာခိုင်နှုန်းခန့်သာ ပြီးစီးသေးကြောင်း၊ မတ်လအတွင်း ရာနှုန်းပြည့်ပြီးစီးရန် တာဝန်ယူ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း ခေါဇာမြို့လမ်းဦးစီးဌာနမှ အင်ဂျင်နီယာ ဦးသိန်းထိုက်က ပြောသည်။

အဆိုပါတံတားသည် ယခင်က သစ်သားကြိုးတံတားဟောင်းဖြစ်ပြီး လက်ရှိ ဘေလီတံတားကို ၁၉၉၇ ခုနှစ်က နတလအစီအစဉ်ဖြင့် တည်ဆောက်ခဲ့ကြောင်း၊ ယခုအခါ သံကူကွန်ကရစ်တံတားအသစ်ကို နိုင်ငံတော်အစီအစဉ်ဖြင့် တည်ဆောက်ပေးခြင်းဖြစ်၍ ယခင်ကကဲ့သို့ မိုးရာသီရောက်တိုင်း ရေကြီးရေလျှံကာ သွားလာရေး ခက်ခဲမှုများမရှိတော့ဘဲ အဆင်ပြေစွာ သွားလာနိုင်မည်ဖြစ်ကြောင်း ဟံဂံကျေးရွာအုပ်ချုပ်ရေးမှူးဟောင်း ဦးခင်မောင်သောင်းက ပြောသည်။

အဆိုပါတံတားသည် ရေး-ကလော့-ဟံဂံ-ခေါဇာ လမ်းတစ်လျှောက်ရှိ ကျေးရွာပေါင်း ၂၀ ခန့်မှ လူဦးရေနှစ်သောင်းကျော်၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် သာမက ကဗျာဝပင်လယ်ကမ်းခြေ ခရီးသွားလာရေးလုပ်ငန်းအတွက်လည်း အထောက်အကူပြုကာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ချိတ်ဆက်သွားလာနိုင်သည့် လမ်းပေါ်မှ တံတားဖြစ်ကြောင်းလည်း သိရသည်။

**နေမျိုးထွန်း(ရေး)**



# IKBZ Insurance

## အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ

ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်နှင့် အနာဂတ်ဘဝ အာမခံချက်ရှိစေရန်

**IKBZ Insurance** (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံ) ၏

# ကမ္ဘာအေးရုံးခွဲ

ကို ၁၅.၃.၂၀၁၇ (ဗုဒ္ဓဟူးနေ့) တွင် ရန်ကုန်မြို့၌
စတင်ဖွင့်လှစ်ပြီ ဖြစ်ပါကြောင်း နှင့်
အာမခံလုပ်ငန်းဝန်ဆောင်မှုများကို နေ့စဉ်ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

## IKBZ Insurance ကမ္ဘာအေးရုံးခွဲ ဖွင့်ပွဲအထူးအစီအစဉ်

ဖွင့်ပွဲနေ့မှ ၁၀ ရက်အတွင်း အာမခံလာရောက်ထားရှိသူများနှင့်အာမခံကိုယ်စားလှယ်များအား အထိမ်းအမှတ်လက်ဆောင်များအားပေးအပ်သွားမည် ဖြစ်ပါသည်။

**"ယုံကြည်အားထား IKBZ အာမခံစွမ်းအား"**

### ဆက်သွယ်ရန်လိပ်စာ

**IKBZ Insurance- ကမ္ဘာအေးရုံးခွဲ**
အမှတ် (၅၆)၊ Mahar Land Office Tower ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း 01-2307000 _ Ext ( 600, 601 )
ဖက်စ် 01-2307126

ရုံးချုပ်။ ။အမှတ်(၅၃) Strand Square၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်။
Phone : 01-2307000, 378842, Fax : 01-2307126, www.facebook.com/ikbzinc , www.i-kbz.com


SAMSUNG
Galaxy C9 Pro
Big Performance.
Sleek Design.
6 GB RAM
SAMSUNG
SAMSUNG
64 GB ROM
16 MP Front &
Back Camera
6 inch Display
Full HD
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
SAMSUNG

# ကျေးဇူးတင်လွှာ




၉.၃.၂၀၁၇ ရက် နံနက်တွင် ဖွဲ့ထက်စိန်ရွှေရတနာဆိုင် အမှတ်(၅)ဖွင့်ပွဲကို မဟာဗန္ဓုလလမ်း ၂၂×၂၃ကြား မောင်ခိုင်လမ်းထောင့်တွင် အောင်မြင်စည်ကား သိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ရာတွင် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ အောင်သန်းထွဋ် (ငြိမ်း) နှင့်ဇနီး ၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဘဘဦးသူတော် ( အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း) ၊ ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း နာယက ဦးဘသန်း (ဘသန်း BT ရွှေသန့်စင်လုပ်ငန်း)၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များ အသင်း အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံ ရွှေဆိုင်)၊ ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ခိုင်သင်းကြည်၊ ထပ်ဆင့်အကယ်ဒမီ အိန္ဒြာကျော်ဇင် ၊ရုပ်ရှင်သရုပ်ဆောင် ယုသန္တာတင် ၊ ရုပ်ရှင်အဆိုတော် သရုပ်ဆောင် နန်းစုရတီစိုး ၊ နန်းသူဇာ ၊ ဆန်းသစ်လ ၊ နန်းမြတ်ဖြိုးသင်း ၊သရုပ်ဆောင် စုအိမ်စံ ၊ အဆိုတော် အန်တီမေရှက်ဝါ ၊ အစီအစဉ်ကြော်ငြာပေးသော မော်ဒယ်အေးချမ်းမိုး တို့နှင့် ဖွင့်ပွဲအခမ်းအနား သို့တက်ရောက်ချီးမြှင့် ပေးကြပါသော ရန်ကုန်တိုင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း ၊ဗိုလ်မှူးကြီး မျိုးချစ် (ငြိမ်း) နှင့်ဇနီး ၊ စစ်ဘက်နယ်ဘက်မှဧည့်သည်တော်ကြီးများ၊ ရွှေလုပ်ငန်းရှင်များ ၊ဆရာလင်းသိုက်ညွှန့် (မြန်မာ့မြေ)၊ ယဉ်သူထိုက်ပိုးထည်မှ ငယ်ငယ် ၊ တစ်ခဲနက် ဝယ်ယူအားပေးကြပါသော Customer များ ၊ Skynet ၊ MITV ၊ MRTV-4 ၊ MRTV Entertainment ၊ မြဝတီရုပ်သံလိုင်းများ ၊ ပတ္တမြား FM ၊ City FM ၊ သဇင် FM တို့အပြင် စာနယ်ဇင်းအဖွဲ့ သားများအားလုံး၊ လူကိုယ်တိုင်မလာရောက်နိုင်၍ ရပ်ဝေးရပ်နီးမှ ဂုဏ်ပြုပန်းခြင်းများ ၊ ဂုဏ်ပြုလက် ဆောင်များ ပေးပို့ ချီးမြှင့်ပေးပါသော သူငယ်ချင်းမိတ်ဆွေများ အားလုံး အားလုံး နှင့်ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်းနှင့် စိန်ရွှေရတနာများလည်း ဆထက်ထမ်းပိုး တိုးပွားကြပါစေလို့ "ဖွဲ့ထက်" မိသားစုမှ ဆုတောင်းမေတ္တာပို့ သလိုက်ပါသည်။

ဦးဆန်းဝင်း+ဒေါ်ဝင်းမာ

**(ဖွဲ့ထက်စိန်ရွှေရတနာဆိုင်)**








**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် FF/9375 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့် ၉/မရတ(နိုင်)၁၂၁၆၂၆ က ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/ 4503 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှာသာကြီး)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/ 4509 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှာသာကြီး)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/ 4512 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှာသာကြီး)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/ 4506 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှာသာကြီး)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/ 4502 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှာသာကြီး)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 1J/ 4505 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွှာသာကြီး)

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ပါမောက္ခချုပ် (၁၉၅၉-၁၉၆၁) ဒေါက်တာလှမြင့်**

**အသက်(၉၆)နှစ်**

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် ၁၉၅၉ခုနှစ်မှ ၁၉၆၁ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ပါမောက္ခဆရာကြီး ဒေါက်တာလှမြင့်သည် ၉-၃-၂၀၁၇ရက် နံနက် ၄နာရီတွင် ဘန်ကောက်မြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်**
**ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဗိုလ်မှူးဇင်မော်ကြည် (ငြိမ်း)၊ အသက်(၅၈)နှစ်**

သူငယ်ချင်း ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

(မင်းကမပြောမဆို၊ ကျန်တဲ့ငါတို့တစ်တွေလည်း အချိန်မရွေး)

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄) သီဟတပ်ခွဲမှ**
**သူငယ်ချင်းမိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ခင်သန်း**

**အသက်(၇၃)နှစ်**

ဗိုလ်ကြီးသန်းထွန်းအောင်(ငြိမ်း)၊ ဒေါ်လဲ့လဲ့စိုးတို့၏မိခင်ဖြစ်သူ ဒေါ်ခင်သန်း အသက်(၇၃)နှစ်သည် ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့) ည ၇း၅၀နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်စံပြရပ်ကွက်၊ (၁)လမ်း၊ အမှတ် ၃ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၇)ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များ**

---

**ဦးအေးကြိုင် (ရူပဗေဒ)**

**IGCSE (Physics)**

**ဘူမိဗေဒအရာရှိ(ငြိမ်း)၊ ဘ·ဓ·ရ**

**B.Sc (Geology) 1972**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ကျွန်းတောလမ်း(အလယ်)ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ် ၂၉၊ လေးလွှာနေ [ဦးမောင်မောင်မိုး(တက္ကသိုလ်ညိုညိုလေး)-ဒေါ်လှမြင့်]တို့၏သား၊ ဒေါ်မာလာမြင့်(ဌာနခွဲမှူး၊ ငြိမ်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)၊ ဒေါက်တာဒေါ်ဝေဝေမြင့်(ကလေးအထူးကုဆရာဝန်ကြီး)၊ ဦးအောင်သာ (ဦးစီးမှူး၊ ငြိမ်း၊ ပြန်/ဆက်ဦးစီးဌာန)-ဒေါ်သူသူတင်(J.A.T အမက-၂၊ စမ်းချောင်း)၊ (ဦးမျိုးဟန်)၊ ဒေါ်ရွှေစင်မြင့်(အထက-၂၊ မရမ်းကုန်း၊ ငြိမ်း)၊ ဦးအောင်သူ(ယခင်)ဦးစီးအရာရှိ(အား/ကာ)၊ ဦးမြင့်တိုး(ဒု-မန်နေဂျာ၊ AGD Bank H.O)၊ဦးနန္ဒကျော်(2nd Mate F.G)-ဒေါ်သဇင်မိုးမြင့်(လောကနတ်)တို့၏အစ်ကို၊ ဗိုလ်ကြီးထိုက်အောင်ကျော်(လ/ထကထိက၊ ကွန်ပျူတာနည်းပညာဌာန၊ စစ်တက္ကသိုလ်)-မအိသူသူအောင် AGD Bank(မြေနီကုန်း)၊ မအေးသူသူအောင် (KBZ Bank ဖျာပုံလမ်းဘဏ်ခွဲ)၊ မခိုင်သီရိသော်[Grade-8 (K) TTC]၊ မောင်ထက်မြက်အောင်[Grade -4 (G) HTTC]တို့၏ဘကြီးသည် ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၄း၄၃နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးထိန်လင်း (ပန်းတနော်၊ ဇရပ်လှကြီး)**

**BOSUN (CDC-17967)**

**ပုလဲနှင့်ငါးလုပ်ငန်း(ငြိမ်း)**

**အသက်(၆၀)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ ဆင်စွယ်လမ်း၊ အမှတ် ၂၄ (သုံးလွှာ-ဝဲ)နေ (ဦးဝမ်ယုံ-ဒေါ်ကျင်သန်း)တို့၏သား၊ (ဦးလှစိန်)-ဒေါ်တင်ပုတို့၏သားသမက်၊ ဒေါ်ငွေငွေရီ၏ခင်ပွန်း၊ မောင်ဖြိုးဝေလင်း (3/E F.G)၊ မဆုပြည့်လင်း (Mo Asia Co.,Ltd., DUMEX)တို့၏ ဖခင်သည် ၁၄-၃-၂၀၁၇ရက်(အင်္ဂါနေ့)ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဦးကျော်နိုင်လင်း**

**အသက်(၅၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပြည်လမ်း၊ ၆မိုင်ခွဲ၊ ၃၂ (M)၊ ၃၂ရိပ်သာနေ ဒေါက်တာဦးခင်ဖေလင်း-(ဒေါက်တာဒေါ်အမာစိန်)တို့၏သား၊ (ဗိုလ်ကြီးမောင်တင်-ဒေါ်ခင်အေးကြည်)၊ (ဒေါ်ခင်အေးစီ)၊ ဗိုလ်မှူးခင်မောင်သွင်(ငြိမ်း)-ဒေါ်ချိုချိုအေးတို့၏တူ၊ ဦးထွန်းဦး-ဒေါက်တာတင်နွယ်ဦး၊ ဦးတင်အောင်ဝင်း၊ ဒေါက်တာငွေဝင်း-ဒေါက်တာတင်နွယ်အေး၊ ဒေါက်တာတင်အောင်လင်း-ဒေါ်သင်းသင်းဝါတို့၏ညီ/မောင်၊ ဒေါက်တာသဲမြတ်သွင်၊ ဦးနန္ဒသွင်-ဒေါ်ကေဇင်သွယ်၊ ဦးနေမင်းဦး-ဒေါ်စုထွေးသွင်တို့၏အစ်ကိုသည် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ကိုထွေးမြတ်ဇော်(ခ)ကိုထွန်း အသက်(၃၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ(ဦးစောရှိန်)-ဒေါ်အုန်းသင်တို့၏မြေး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြလမ်း၊ ရတနာအိမ်ရာ၊ အမှတ် ၈၅ (တိုင်းရင်းသားကျေးရွာအနီး)နေ ဗိုလ်မှူးကြီးမြင့်ဦး[(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စက်မှု-၁၊ ဆေးဝါး)]-ဒေါ်ငွေရီတို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ ဦးမြင့်ဆွေ-ဒေါ်ခင်ဝင်းတို့၏သားသမက်၊ မသန္တာဆွေ၏ချစ်လှစွာသောခင်ပွန်း၊ မဆွိရတီထွန်း၏ချစ်လှစွာသောဖခင်၊ ဒုတိယဗိုလ်မှူးကြီးကျော်စွာထွန်း-ဒေါ်မေမျိုးဇော်(မြဝတီဘဏ်လီမိတက်)၊ ကိုရဲဝင့်ဇော်-မနန်းနွေးနွေးစိုးတို့၏ညီ/မောင်၊ မချိုထွေးဇော်၏အစ်ကို၊ မောင်ကောင်းဇော်ဟိန်း၊ မောင်ခန့်ဇင်ဟိန်း၊ မဆုဝင့်သံစဉ်တို့၏ဦးလေးသည် ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၅း၁၀နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၇ရက်(ကြာသပတေးနေ့)ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအားအကြောင်းကြားအပ်ပါသည်။[ရတနာအိမ်ရာမှ မွန်းလွဲ ၂း၃၀နာရီနှင့် လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ မယ်ဇီကုန်းတို့မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာမည်ဖြစ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဦးထွန်း(ခ)ဦးထွန်းဦး**

**(တောင်စွန်း)**

**အထက(တောင်စွန်း)**

**အထက(၁)လသာ**

**လ/ထ သုတေသနအရာရှိ(ငြိမ်း)**

**ပညာရေးသုတေသနဌာန**

**အသက်(၉၀)**

မွန်ပြည်နယ်၊တောင်စွန်းမြို့၊မင်းလမ်းနေ (ဦးချစ်ဦး - ဒေါ်ခင်ဥ)တို့၏သား၊ (ဒေါ်ဖွားရှင်)၊ (ဒေါ်တင်ညွန့်)တို့၏မောင်၊ (ဦးထွန်းရီ)၊ (ဦးစိုးကြည်)၊ (ဦးအုန်းမောင်)တို့၏အစ်ကို၊ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အိမ်ကြီးလမ်းသွယ်၊ အမှတ် ၄၆/၂ (ပထမထပ်)နေ [ဒေါ်လှလှသန်း(ထ-၆၊ ဗိုလ်တထောင်-ငြိမ်း)၏ခင်ပွန်း၊ ဦးနေဝင်းအောင်-ဒေါ်စိုးစိုးမြင့်တို့၏ဖခင်သည်၁၄-၃-၂၀၁၇ရက် ညနေ ၃း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ချင်ဝိန်ယု(ခ)ဦးစိန်**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ၂၁လမ်းထောင့်၊ အမှတ် ၆၄၈ (စိန်ရတနာရွှေဆိုင်)နေ ဒေါ်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်နှင်းယု-ဒေါက်တာငွေလွင်၊ ဦးမြအေး-ဒေါ်မြင့်မြင့်အေး၊ ဦးမြထွေး(ခ)အမိုင်း-ဒေါ်မြင့်မြင့်လွင်၊ [ဦးမြသွေး(ခ)ဗလကြီး]-ဒေါ်အေးအေးနိုင်၊ ဒေါ်မာမာယု-(ဦးဝင်းနိုင်)၊ ချင်ရွှေကင်း-Waing Ho၊ ဦးခင်မောင်ဝင်း(ခ)အဝါး-ဒေါ်သန္တာအေး၊ ဒေါ်စန္ဒာယု(ခ)ရွှေမိ-ဦးမောင်မောင်မြင့်တို့၏ဖခင်၊မြေး ၁၈ယောက်တို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၂း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၃-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဒေါ်ရှုရင် အသက်(၈၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တော်လတီကျေးရွာနေ (ဦးထိယာ-ဒေါ်ရှာဟင်)တို့၏သမီး၊ (ဦးကြီးယား - ဒေါ်အုံးခင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဦးတင်ဦး(ခ)ဦးကွန်ကွန်း-ဒေါ်ဝင်းဝင်းမြင့်၊ တိုက်ကြီးမြို့နယ်နေ ဦးစိုးဝေ(ခ)ဦးအရှင်း - ဒေါ်ခင်မာဝင်း(ခ)ဒေါ်ပို့ပို့၊ တော်လတီကျေးရွာနေ ဦးသိန်းထွန်းအောင်-ဒေါ်ခင်မာအေး(ခ)ဒေါ်လိန်လိန်း၊ ဦးရန်နိုင်(ခ)ဦးဖိုးစင်း - ဒေါ်သန်းငွေ၊ ဦးရန်အောင်(ခ)ဦးတူတူး-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်မင်းထွန်း-ဒေါ်ခင်မာချို(ခ)ဒေါ်ဘိဘိတို့၏မိခင်၊ မြေး ၁၆ယောက်၊မြစ်လေးယောက်တို့၏အဘွား၊ (ဦးယုံ)၏ဇနီးသည် ၁၄-၃-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၇ရက် (စနေနေ့)တွင် တော်လတီကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဦးနေမျိုးဆွေ**

**ဒုတိယဦးစီးမှူး(ပ/၅၉၅၃)**

**တာမွေမြို့နယ် အထွေထွေ**

**အုပ်ချုပ်ရေးဦးစီးဌာန**

**အသက်(၂၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ကျောက်ပန်းတောင်းမြို့၊အောင်မင်္ဂလာရပ်ကွက်၊ကုန်းတော်ကြီးလမ်းနေ ဦးသိန်းအောင်-ဒေါ်သန်းကြည်၊ ဦးကြီးလှ-ဒေါ်ရီတို့၏မြေး၊ (ဦးမြင့်ဆွေ) - ဒေါ်မာမာဦးတို့၏သား၊ ဦးသိန်းထွဋ်-ဒေါ်နှင်းဝင့်ဝင့်ဆွေဦးဇော်မြင့်ဦး-ဒေါ်လဲ့လဲ့ဆွေ၊ ဦးဟိန်းထက်-ဒေါ်ဇင်မာဆွေတို့၏မောင်၊ မသင်းသင်းဆွေ၊မောင်မျိုးဝင်းဆွေ၊မောင်အောင်မျိုးဆွေတို့၏အစ်ကိုသည် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ရက်(သောကြာနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်ခန်းမ(၁)သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (တာမွေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဘဒ္ဒန္တကုသလ (မဟာသဒ္ဓမ္မဇောတိကဓဇ)**

**ဧရာဝတီတိုင်းဒေသကြီး၊ သံဃနာယက(တွဲ)၊ အကျိုးတော်ဆောင်**

**ပုသိမ်မြို့၊ ဘုရားကြီးကုန်းကျောင်းတိုက် ဦးစီးပဓာနဆရာတော်**

**သက်တော်(၈၀)၊ သိက္ခာတော်(၆၀)**

ပုသိမ်မြို့၊ ပေါက်ကုန်းကျေးရွာအုပ်စု၊ ဘုရားကြီးကုန်းကျေးရွာနေ ခမည်းတော် ဦးပျား-မယ်တော် ဒေါ်ဗျော့တို့၏သားရဟန်းဖြစ်တော်မူသော ဘုရားကြီးကုန်းကျောင်းတိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တကုသလ (မဟာသဒ္ဓမ္မဇောတိကဓဇ) မထေရ်မြတ်သည် (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) ၁၄-၃-၂၀၁၇ရက်(အင်္ဂါနေ့) ည ၁၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက်) ၁၈-၃-၂၀၁၇ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် စံကျောင်းချပူဇော်မည်ဖြစ်ပြီး (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁ရက်) ၂၈-၃-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဘုရားကြီးကုန်းကျေးရွာ ထန်းပင်ကွင်းသို့ပင့်ဆောင်ပြီး ဗိမာန်လောင်တိုက်သွင်း၍ မီးသင်္ဂြိုဟ်ပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဦးစန္ဒသူရိယ**

**(မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဓမ္မကထိက)**

**စန္ဒဂုဏ်ရည် မိုးကုတ်ဝိပဿနာကျောင်းတိုက်**

**အောင်ချမ်းသာ(၂)၊ မဥ္ဇူ ၁၃လမ်း၊ သန်လျင်မြို့**

**သက်တော်(၄၅)နှစ်၊ သိက္ခာတော်(၂၅)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ လမ်းမတော်မြောက်နေ ဦးချစ်ဆွေ-ဒေါ်မြသွေးတို့၏သားတော်၊ ရန်ကုန်မြို့၊ ဇနိတာရာမ မိုးကုတ် ဝိပဿနာကျောင်းတိုက်၊ ဦးဇောတိက၊ မင်္ဂလာဒုံ ကျိုက္ကလော့ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသတို့၏တူ၊ သား၊ တပည့် ဦးစန္ဒသူရိယ သန်လျင်မြို့ စန္ဒဂုဏ်ရည် မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော်သည် (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၃ရက်) ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်) ၁၇-၃-၂၀၁၇ရက် (သောကြာနေ့) ညနေ ၃နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ အန္တိမအင်္ဂါဈာပန ကျင်းပမည်ဖြစ်ပါကြောင်း။ (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက်) ၂၁-၃-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြင်မေ အသက်(၉၅)နှစ်**

**မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး**

ပဲခူးတိုင်းဒေသကြီး၊ အိုးသည်ကုန်းမြို့နေ (ဦးမိုင်တီး-ဒေါ်ကျင်လှိုင်)တို့၏ သမီး၊ မင်းလှမြို့၊ ဈေးချိုတန်းလမ်းနေ(ဦးစီကွေး)၏ဇနီး၊ ပြည်မြို့ ဦးသော်တာဝေ-(ဒေါ်ကျင်နွဲ့)၊ မင်းလှမြို့ ဒေါ်ဝေလှ၊ ရန်ကုန်မြို့ ဦးယား-ဒေါ်လှမြင့်တို့၏ အစ်မကြီး၊ ဒေါက်တာဦးအောင်ကြည်-ဒေါ်ခင်စော(ဟောင်ကောင်)၊ ဦးသောင်းတင့်-ဒေါ်ကြည်ကြည်သင်း၊ ဦးဖုန်းတင့်-ဒေါ်မူမူဆွေ၊ ဦးမျိုးတင့်-ဒေါ်နုနုဝင်း၊ ဦးဉာဏ်တင့်-ဒေါ်မာလာဝင်း၊(ဒေါ်ထားထား)၊ ဦးစိန်ဝင်း-ဒေါ်သင်းတို့၏မိခင်၊ မြေး ၁၇ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွား၊ ရန်ကုန်မြို့၊ အမှတ် ၇၀၊ ၁၄ လမ်း၊ လမ်းမတော်မြို့နယ်နေ ဒေါ်ကြင်မေသည် ၁၃-၂-၂၀၁၇ရက် ညနေ ၆ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင်စတင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး**

**ဒေါ်ကြင်မေ**

**မင်းလှမြို့(ပဲခူးတိုင်းဒေသကြီး)**

**အသက်(၉၅)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ အိုးဖိုမြို့၊ အိုးသည်ကုန်းမြို့နေ (ဦးမိုင်ကီး-ဒေါ်ကျင်လှိုင်)တို့၏သမီးကြီး၊ (ဦးထန်စူ-ဒေါ်ဟိုဝှာ)၊(ဦးကျောက်စိန်-ဒေါ်ကြည်)၊ ဦးဝင်းမြင့်-ဒေါ်နုနု၊ ဦးမြင့်ဆွေ-ဒေါ်စန်းစန်းတို့၏အစ်မ ဒေါ်ကြင်မေသည် ၁၃-၃-၂၀၁၇ရက် ညနေ ၆နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် စတင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဦးတင်မောင်ငွေး**

**(တက်မရွာ) ညောင်ဦး**

**အသက်(၃၆)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တက်မရွာနေ ဦးအောင်မြိုင်-ဒေါ်သောင်းကြည်တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးမိုးကျော်အောင်-ဒေါ်ကျော့ကျော့ခိုင် (နန်းလှုံကဖီး)၊ ဦးတင်မောင်ဦး-ဒေါ်ခင်ဝင်းနိုင် (နန်းလှုံ ကဖီး)၊ ဦးဆန်းလင်း-ဒေါ်အေးအေးခိုင်(နန်းလှုံ ကဖီး)၊ မစန်းစန်းရီ၊ မသန်းငွေးခိုင်တို့၏ညီ/မောင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊နတ်မောက်လမ်း၊ အမှတ် ၁၇၅၄နေ ဒေါ်မီမီအောင်၏ ခင်ပွန်း၊ မောင်အာကာမင်း၏ဖခင်သည် ၁၅-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၇ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ကျိုက္ကအအေးတိုက်မှ ကျိုက္ကသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဒေါ်မြင့်မြင့်လွင်(ခ)မလုံး**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း၊ ၃လမ်း၊ အမှတ် ၁၀၃နေ ဦးမောင်လွင် - (ဒေါ်တင်ကြည်)တို့၏ သမီး၊ ဦးအုန်းမောင်-ဒေါ်ခင်အေးတို့၏ သမီးချွေးမ၊ဦးသန်းလွင်၏ဇနီး၊ (ဦးကျော်နောင်)-ဒေါ်ကြည်ကြည်ဝင်းတို့၏ညီမ၊ ဦးဝင်းမောင်-ဒေါ်ချိုချိုဝင်း၊ ဦးသိန်းငွေအောင်-ဒေါ်မူမူမြင့်၊ဒေါ်မာမာလွင်၊ (ဦးတင်ဝင်း-ဒေါ်သီတာ)၊ ဦးမျိုးဇော်-ဒေါ်ခင်မို့မို့လွင်(ခ)လေးလေးတို့၏အစ်မ၊ ကိုကျော်ဝဏ္ဏထွန်း-မအေးသီတာလွင်၊ ကိုဟိန်းဇင်-မစိုးသီတာလွင်တို့၏ မိခင်သည် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားပါ၍ ၁၇-၃-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၃-၂၀၁၇ရက် (အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယိကာမကြီး**

**ဒေါ်လှလှသိန်း အသက်(၆၀)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊(၁၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၂၂၃(ပထမထပ်)နေ ဦးမြင့်အောင်၏ဇနီး၊ ဒေါ်ခင်သန်းစိုး၊ ဦးခင်မောင်သိန်း-ဒေါ်ကြူကြူသင်း၊ ဦးစည်သူအောင်-ဒေါ်ငြိမ်းအိစံတို့၏မိခင်၊ မောင်ထွဋ်ခေါင်လင်း၏အဘွားသည် ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့) ည ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၃-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၃-၂၀၁၇ရက်(တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပဓာနနာယကဆရာတော်**

**ဘဒ္ဒန္တဉာဏမဥ္ဇူ မဟာထေရ်**

**(သာသနဇောတိကဓဇ၊ ဓမ္မာစရိယ၊ သိရောမဏိ၊ အဂ္ဂမဟာပဏ္ဍိတ၊ အမျိုးသားအဂ္ဂပထမကျော်၊ ဆဋ္ဌသံဂီတိ ပါထေယျပါဠိဘာဏက၊ ဆဋ္ဌသံဂီတိကာရက၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်(ဟောင်း)(ကျောက်ဖြူ)**

**သက်တော်(၉၀)၊ သိက္ခာတော်(၇၀)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ လဋ္ဌီပေသလ၊ သိက္ခာကာမ၊ ဝိနယဂရုက ဖြစ်တော်မူသော ဘဒ္ဒန္တဉာဏမဥ္ဇူ မဟာထေရ်မြတ်သည် (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၂ရက်) ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၀၀း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက်) ၂၀-၃-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်၍ အန္တိမအင်္ဂါဈာပန ပူဇာသဘင်ကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ရဟန်းသံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

**ဈာပနကျင်းပရေးကော်မတီ**
**မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဓမ္မပီယကျောင်းတိုက်(ငန်းတေးအနောက်ကျောင်း)**

**ဦးစီးပဓာနနာယကဆရာတော်**

**ဘဒ္ဒန္တအာစာရ မဟာထေရ်**

**သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ ဓမ္မပီယကျောင်းတိုက် (ငန်းတေး၊ အနောက်ကျောင်း)၊ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအာစာရ မဟာထေရ်သည်(၁၃၇၈ခုနှစ် တပေါင်းလပြည့်နေ့) ၁၂-၃-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၅း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၈ခုနှစ် တန်ခူးလဆန်း ၆ရက်) ၂-၄-၂၀၁၇ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ငန်းတေးသုသာန်သို့ ပင့်ဆောင်၍ အန္တိမအင်္ဂါဈာပနပူဇာကျင်းပမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့် ရဟန်း သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ဈာပနဖြစ်မြောက်ရေးကော်မတီ**
**ဓမ္မပီယကျောင်းတိုက်(ငန်းတေးအနောက်ကျောင်း)**
**(ငန်းတေးရပ်၊ မော်လမြိုင်မြို့)**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

**ဦးကျော်စိန် အသက်(၉၂)နှစ်**

ညောင်လေးပင်မြို့၊ အာဇာနည်လမ်းနေ (ဦးကွန်းနား-ဒေါ်ကြည်ကြည်)တို့၏သား၊ (ဒေါ်ထွေး)၏ခင်ပွန်း၊ ဒေါ်ယဉ်ယဉ်နွဲ့(တွဲဖက်ပါမောက္ခ၊ ဓာတု၊ ငြိမ်း)၊ (ဦးလှထွန်း)၊ဒေါက်တာဝင်းကို-ဒေါက်တာကြူကြူဝင်း(ဝင်းအထူးကုဆေးခန်း၊ ညောင်လေးပင်၊ ကျောက်တံခါး၊ ဒိုက်ဦး)၊ ဗိုလ်မှူးကြီးခင်ဇော်-ဒေါက်တာကြူကြူအေး(နေပြည်တော်)၊ ဦးဉာဏ်ထွန်း(Director- IGS CO.,Ltd) -ဒေါ်နန်းခမ်းဟိန်း[B.A(Eco)-(ရန်ကုန်)]တို့၏ချစ်လှစွာသောဖခင်၊ ဒေါက်တာမြတ်သူဝင်း (MD-KWSC-NWSC-DKWSC)၊ ကိုဖြိုးပြည့်စုံဇော်(5yr IT)၊ မအိအိန္ဒြာဇော်(5yr Civil)၊ မောင်ကောင်းစံထွန်း၊ မောင်စစ်ဟန်ထွန်းတို့၏ဘိုးဘိုးကြီးသည် ၁၄-၃-၂၀၁၇ရက်(အင်္ဂါနေ့)တွင် ကျောက်တံခါးမြို့၊ ဗိုလ်ချုပ်လမ်း၊ ဝင်းအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျွန်းကုန်းတောရ ဝေနေယျသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ကျောက်တံခါးမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဦးရွှေသိန်း (ဗဟိုစည်)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့နေ (ဦးဘိုးဝင်း-ဒေါ်ညွန့်)တို့၏သား၊ (ဦးထွန်းမောင်-ဒေါ်ရွှေ)တို့၏သားသမက်၊ (ဒေါ်လွန်းစိန်)၏ခင်ပွန်း၊ ဦးအုန်းကျော်-ဒေါ်အေးအေးကြည်၊ ဦးကျောက်ခဲ - ဒေါ်လှသန်း၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်ကြည်၊(ဦးငွေလွင်)-ဒေါ်လှလှသွေး၊ (ဦးမြတ်လွင်)၊ ဒေါ်ခင်ခင်ထွေးတို့၏ဖခင်၊ မြေး ၁၀ ယောက်၊ မြစ် သုံးယောက်တို့၏အဘိုးသည် ၁၅-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၇-၃-၂၀၁၇ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

**ဒေါ်ကေထုမိုင် အသက်(၆၃)နှစ်**

**သူနာပြုအုပ်**

**အလုပ်သမားဆေးရုံ(ငြိမ်း)**

ဇန်းမော်မြို့၊ ကချင်စုနေ [ဦးကရိန်တူး (ယစ်မျိုးတိုက်ပိုင်)-ဒေါ်ထန်လွမ်] တို့၏သမီး၊ (ဦးကေထွဲဝါ-ဒေါ်နန်းစိမ်းကိုင်ဘရန်) (ပညာရေး၊ ငြိမ်း)၊ ဒေါ်ကေနဂျန် - ဦးဘမြင့် (ဒုအရာခံဗိုလ်၊ ငြိမ်း)၊ ဒေါ်ကေရွယ်နှောင်း(ပညာရေး၊ ငြိမ်း)တို့၏ညီမ၊ ဒေါ်ကေကိုင်ဂျာ(ဓမ္မဆရာမ)၊ ဦးအာရမ်(သင်းအုပ်ဆရာ)၊ ဦးယောဟန် - ဒေါ်ကေခါးဂျန်တို့၏ အစ်မ၊ (ဦးသောင်းညွန့်)၏ ချစ်လှစွာသောဇနီး၊ ဦးသန်းထွဋ်စိုး-ဒေါ်ကေခိုင်နု၊ (ဦးချမ်းငြိမ်းဇော်)၊ ဦးတင်မျိုးဇော်-ဒေါ်မိချို၊ (သီရိကေခိုင်)၊ မောင်မင်းခန့်ဇော်တို့၏မိခင်၊မြေးနှစ်ယောက်တို့၏အဘွားသည် ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၃-၂၀၁၇ရက် (သောကြာနေ့)တွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [သဃ်န်းကျွန်းမြို့နယ်၊(ဆ/က)ရပ်ကွက်၊သမဓိ ၃လမ်း၊ အမှတ် ၁၅ နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

**ဦးခင်ရွှေ**

**(လ/ထညွှန်မှူး၊ ငြိမ်း)**

**(မီးသတ်ဦးစီးဌာန)**

**အသက်(၇၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ ငှက်ပျောတောကျေးရွာနေ (ဦးမြအေး-ဒေါ်အုန်းစိန်)တို့၏သား၊ (ဦးအုန်းငွေ-ဒေါ်ကျင်သိန်း)တို့၏သားသမက်၊ ဦးတင့်ဟန်-ဒေါ်တင်ကြည်၊ တပ်ကြပ်သောင်းလွင်(ငြိမ်း)-ဒေါ်မြနွဲ့၊ ဗိုလ်ကြီးသိန်းနွဲ့(ငြိမ်း)-ဒေါ်တင်တင်စိန်တို့၏ အစ်ကို၊ တာမွေနယ်မြေမီးသတ်စခန်းနေ ဦးယဉ်ထွေး[မြန်မာတိုင်း(မ်)] - ဒေါ်နီလာဝင်း (ဒုဦးစီးမှူး၊ အရှေ့ပိုင်းခရိုင်၊ မီးသတ်ဦးစီးဌာန)၊ တပ်ကြပ်ကြီးကျော်ဇော မောင်(ခလရ ၂၆၂)-ဒေါ်နန္ဒာစုမွန်တို့၏ ဖခင်၊မြေးသုံးယောက်တို့၏အဘိုး၊(ဒေါ်ဝင်းကြည်)၏ခင်ပွန်းသည် ၁၄-၃-၂၀၁၇ရက်(အင်္ဂါနေ့)ည ၇း၃၀နာရီတွင် စံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၃-၂၀၁၇ရက် (တနင်္လာနေ့) နံနက်တွင် သမိန်ဗရမ်းလမ်း၊ တာမွေမီးသတ်စခန်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

**ဦးဝင်းဇော် (ပုလောမြို့)**

**အသင်းဝင်အမှတ်-၂၂၂၃**

**အသက်(၅၆)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၂)ရပ်ကွက်၊ နှင်းဆီလမ်းနေ ဒေါ်ခင်တီဆွေ၏ ခင်ပွန်းသည် ၁၄-၃-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

# ပြန်လည်စွန့်လွှတ်မြေများအား မူလတောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်

**နေပြည်တော် မတ် ၁၅**

လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်ခန်းမ၌ ကျင်းပသည့် စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့အတွင်းမှ ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလတောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအတွင်းရေးမှူးက စဉ့်ကူးမြို့နယ်နှင့် မတ္တရာမြို့နယ်တို့အတွင်းမှ မူလတောင်သူများထံ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)များ ပေးအပ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက စဉ့်ကူးမြို့နယ် ညောင်ဝန်းကျေးရွာ မူလတောင်သူများကိုယ်စား တောင်သူ ဦးစောအောင်ထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို ပေးအပ်သည်။


ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ တိုင်းဒေသကြီးဝန်ကြီး ဒေါက်တာစိုးသန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပေါခင်နှင့် အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းတို့က

*စာမျက်နှာ ၅ ကော်လံ ၁* ✻



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မူလတောင်သူများကိုယ်စား တောင်သူတစ်ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)များ ပေးအပ်စဉ်**
(သတင်းစဉ်)

# လောက်ကိုင်နှင့် နှစ်နိုင်ငံနယ်စပ် ရန်လုံကျိုင်း လမ်းကြောင်းကို စိုးမိုးသည့် ပွိုင့်-၁၂၆၉ တောင်ကုန်းကို တပ်မတော်က သိမ်းပိုက်ရရှိ




**နေပြည်တော် မတ် ၁၅**

လောက်ကိုင်နှင့် နှစ်နိုင်ငံနယ်စပ် ရန်လုံကျိုင်းသို့ ဆက်သွယ်ထားသော လမ်းကြောင်းအား စိုးမိုးနေသည့် တောင်ကုန်းများ၌ အခြေပြုထားသော MNDAA လက်နက်ကိုင်အဖွဲ့များကို တပ်မတော်စစ်ကြောင်းများက လက်နက်ကြီးပစ်ကူပစ်အား ရယူ၍ ရှပ်ရှပ်ချွံချွံတိုက်ခိုက်ခဲ့ရာ ယနေ့ နံနက် ၁ နာရီတွင် ပွိုင့်-၁၂၆၉ တောင်ကုန်းကို သိမ်းပိုက်ရရှိခဲ့ပြီး အလောင်း သုံးလောင်းနှင့် အာရ်ပီဂျီ နှစ်လက်အပါအဝင် လက်နက်မျိုးစုံ ရှစ်လက် သိမ်းဆည်းရရှိကာ မိမိ အရာရှိ၊ စစ်သည်အချို့ကျဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရရှိခဲ့**

လောက်ကိုင်မြို့နှင့် နှစ်နိုင်ငံနယ်စပ်ကြား၌ မတ် ၆ ရက်မှစတင်၍ MNDAA လက်နက်ကိုင်အဖွဲ့များ ဝင်ရောက်နေရာယူထားသော ပွိုင့်-၁၂၆၉၊ ပွိုင့်-၁၀၈၈၊ ဘီပီ-၁၂၆ နှင့် ဘီပီ-၁၂၇ အနီးတစ်ဝိုက်တွင် တပ်မတော်စစ်ကြောင်းများက နယ်မြေအေးချမ်းတည်ငြိမ်ရေး ရှင်းလင်းဆောင်ရွက်ခဲ့ရာ မတ် ၆ ရက်မှ ၁၄ ရက်အထိ တိုက်ပွဲကြီး/ငယ် ၅၇ ကြိမ် ဖြစ်ပွားခဲ့ပြီး အလောင်း ၁၇ လောင်းနှင့် လက်နက် ၂၇ လက် သိမ်းဆည်းရရှိခဲ့ပြီးဖြစ်သည်။

**ဆက်လက်ရှင်းလင်း**

ထိုသို့ ပွိုင့်-၁၂၆၉ တောင်ကုန်းကို သိမ်းပိုက်ရရှိမှုကြောင့် လောက်ကိုင်- ရန်လုံကျိုင်းလမ်းကြောင်းကို ထိန်းချုပ်နိုင်ခဲ့ပြီး လောက်ကိုင်အရှေ့ခြမ်းနယ်မြေ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် တပ်မတော်စစ်ကြောင်းများက MNDAA လက်နက်ကိုင်အဖွဲ့များကို ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**စက်သုံးဆီအရောင်းဆိုင်၌ ဆီလှယ်ရာမှ မီးလောင်မှုဖြစ်ပွား၊ ယာဉ်နှစ်စီးဆုံးရှုံး** စာ - ၁၃

**မြန်မာ့လက်ရွေးစင်အသင်း မတ် ၁၇ ရက်တွင် ခြေစမ်းပွဲကစားရန် စီစဉ်** စာ - ၁၄

## ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၇ ရက် သတင်းစာတွင် ပါရှိမည်

**ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၇ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။**
(မြန်မာ့အလင်း)

## နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေး

**နေပြည်တော် မတ် ၁၅**

နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မတ် ၁၅ ရက်တွင် ကြိုတင်သတိပေးနှိုးဆော်ချက် ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအရပ်ရပ်၌ နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက် တိမ်များဖြစ်ထွန်း၍ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်၌ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီး လက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ကြောင်း၊ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း ဖော်ပြထားသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များကို အထူးဂရုပြုနေထိုင်သွားကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြိုတင်သတိပေးနှိုးဆော်ထားကြောင်း သိရသည်။ (မြန်မာ့အလင်း)



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
ကြာသပတေး၊ မတ် ၁၆၊ ၂၀၁၇

**ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် စက်မှုဝန်ကြီးဌာန

● သတင်းဆောင်းပါး - မောင်ဆွေ



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို

စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသည် ကြွယ်ဝချမ်းသာပြီး လူနေမှုအဆင့်အတန်း မြင့်မားကြသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဆက်ဆက်တို့ ကြိုးစားဆောင်ရွက်လျက်ရှိသည်။ အစိုးရသစ်သည် နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား ပိုမိုအောင်မြင်စေရန် ဆောင်ရွက်သည့်အနေဖြင့် စက်ရုံများတွင် သုတေသနနှင့် ဆန်းသစ်တီထွင်မှုများပြုလုပ်ပြီး ထုတ်လုပ်အရည်အသွေး တိုးတက်ကောင်းမွန်စေရေး၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ထုတ်ကုန်များ ပူးပေါင်းဆောင်ရွက်ရေး၊ အရောင်းမြှင့်တင်ရေး၊ နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများအား အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဆိုင်ရာ ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ရေးနှင့် လယ်ယာသုံးစက်ပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို ပြည်သူများ စိတ်ချလုံခြုံဘေးကင်းစွာ အသုံးပြုနိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး စနစ်တကျ စစ်ဆေးဆောင်ရွက်ရေးလုပ်ငန်းများကို အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက "စက်မှုဝန်ကြီးဌာနရဲ့ အကြီးမားဆုံးစိန်ခေါ်မှုကတော့ အများပြည်သူတွေ စိတ်ဝင်စားနေကြတဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနက အကောင်အထည်ဖော်ရတဲ့ သံမဏိစက်ရုံစီမံကိန်းတွေထဲက အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) ရယ်၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ရယ် စက်မှုစီမံကိန်းနှစ်ခု အကောင်အထည်ဖော်မှုကိုပဲ တင်ပြရမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကြီးတွေကို ကာကွယ်ရေးဝန်ကြီးဌာနကနေ စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလမှာ ကျွန်တော်တို့ ဝန်ကြီးဌာနကို လွှဲပြောင်းရယူခဲ့ပြီး ဆက်လက်အကောင်အထည်ဖော်ရတဲ့ စက်မှုစီမံကိန်းတွေ ဖြစ်ပါတယ်။ ဒီစီမံကိန်းတွေဟာ ရင်းနှီးမြှုပ်နှံမှု ပမာဏအလွန်ကြီးမားတဲ့အတွက် မိမိတို့နိုင်ငံဟာလည်း နိုင်ငံတော်ဘတ်ဂျက်ကို ဦးစားပေးပြီး ကဏ္ဍအလိုက်ခွဲဝေအသုံးပြုနေရတဲ့အခါမှာ မူလသတ်မှတ်ချက်အတိုင်း အချိန်မီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ဖို့အတွက် အခက်အခဲအချို့ရှိခဲ့ပါတယ်။ နှစ်စဉ်ရရှိတဲ့ ဘတ်ဂျက်ထဲကနေ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ စီမံကိန်းအကောင်အထည်ဖော်ဖို့ ပြည်ပနိုင်ငံများနဲ့ စာချုပ်ချုပ်ဆို ဆောင်ရွက်ထားရှိရတဲ့အခါမှာ စာချုပ်ပါ ကတိကဝတ်များအတိုင်း ပီသစွာ အကောင်အထည်ဖော်နိုင်ရေးအတွက်ကလည်း အခက်အခဲအချို့ ရှိနေပြန်ပါတယ်"ဟု ဆိုသည်။

## ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်

နိုင်ငံပိုင် စက်ရုံအလုပ်ရုံများအား အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဖော်ဆောင်နေမှုများမှာ နိုင်ငံပိုင်စက်ရုံများအား ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ နည်းပညာနှင့် အရင်းအနှီးများ ထပ်မံထည့်ဝင်စေပြီး ပုဂ္ဂလိက စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ စက်မှုဝန်ကြီးဌာန၏ ကြီးကြပ်မှုအောက်တွင် စက်ရုံပေါင်း ၁၁၈ ရုံရှိသည့်အနက် စက်ရုံ ၅၉ ရုံအား ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်ရန် စက်ရုံ ၁၇ ရုံအား စိတ်ဝင်စားမှု အဆိုပြုလွှာများတင်ပြရန် ဖိတ်ခေါ်ထားပြီးဖြစ်သည်။ ထင်ရှားသိသာသည့် လုပ်ငန်းများအနေဖြင့် ဘိလပ်မြေစက်ရုံ (ကျောက်ဆည်) အား Myanmar Conch Cement Co; Ltd နှင့် BOT စနစ်ဖြင့် အကျိုးတူပူးပေါင်း၍ နိုင်ငံတကာစံနှုန်းများနှင့်အညီ အရည်အသွေးမြင့်မားသည့် ဘိလပ်မြေများကို တစ်ရက်လျှင် တန်ချိန် ငါးထောင် ထုတ်လုပ်လျက်ရှိပြီး အဖိုးနှုန်းချိုသာစွာဖြင့် လုပ်ငန်းခွင်အရောက် ပို့ဆောင်ပေးလျက်ရှိသည်။





## ယွန်း၊ ကနုတ်၊ ပန်းပုများဖြင့် ပေါင်းစပ်

မှန်စက်ရုံ (ကျောက်ဆည်) ကိုလည်း Myanmar International Glass Co; Ltd နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် မှန်အမျိုးမျိုးကို ထုတ်လုပ်ပေးလျက်ရှိသည်။

**အချပ်ပို (ခ)သို့**

**စက်မှုဝန်ကြီးဌာနအနေနဲ့ အစိုးရသစ် ပထမတစ်နှစ်အတွင်းမှာ ဝန်ကြီးဌာနမှာရှိတဲ့ စက်ရုံများအနေနဲ့ အရည်အသွေးကောင်းမွန်တဲ့ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနဲ့ ဆန်းသစ်တီထွင်မှုကို ပြုလုပ်ခဲ့ပြီး SME ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စက်မှုကဏ္ဍအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရေးအစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို




မြွေဆိပ်ဖြေဆေးများ ထုတ်ယူထုပ်ပိုးနေစဉ်

**သုတေသနနှင့် ဆန်းသစ်တီထွင်မှုများပြုလုပ်ပြီး ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် စက်မှုဝန်ကြီးဌာန ဆေးဝါးစက်ရုံများအနေဖြင့် အစိုးရသစ်တာဝန်ယူသည့် ပထမနှစ်အတွင်း ဆေးဝါးအမယ်သစ် ၁၂ မျိုးကို စမ်းသပ်ထုတ်လုပ်ခဲ့သည်။ သိုး၏သွေးအရည်ကြည်မှ ထုတ်လုပ်သည့် မြွေပွေးအဆိပ်ဖြေဆေးကို စမ်းသပ်စစ်ဆေးမှုများအောင်မြင်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ခွင့်ပြုချက်ဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိ**

**အချပ်ပို(က)မှ**
စက်ရုံမှ ထွက်ရှိလာ သည့် အရည်အသွေးမြင့်မှန်ကို အသုံးပြုပြီး မြန်မာမှုလက်ရာ ယွန်း၊ ကနုတ်၊ ပန်းပုများဖြင့် ပေါင်းစပ်ကာ မှန်စားပွဲနှင့် ပရိဘောဂများကိုလည်း Handmade အနေဖြင့် ထုတ်လုပ်ရောင်းချလျက်ရှိသည်။ အများပြည်သူသယ်ယူပို့ဆောင်ရေး ကဏ္ဍတွင် လိုအပ်မည့် ဘတ်စ်ကားများကို ကိုရီးယားနိုင်ငံ နည်းပညာနှင့် ထုတ်လုပ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက "စက်မှုဝန်ကြီးဌာနအနေနဲ့ အစိုးရသစ် ပထမတစ်နှစ်အတွင်းမှာ ဝန်ကြီးဌာန၌ရှိတဲ့ စက်ရုံများအနေနဲ့ အရည်အသွေးကောင်းမွန်တဲ့ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနဲ့ ဆန်းသစ်တီထွင်မှုကို ပြုလုပ်ခဲ့ပြီး SME ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စက်မှုကဏ္ဍသတ်မှတ်အပူချိန်၊ စိုထိုင်းဆများအတိုင်း ထိန်းညှိသိုလှောင်ထိန်းသိမ်းခြင်း Good Storage Practice (GSP)၊ ကောင်းမွန်သည့် ထုတ်လုပ်မှုစနစ် Good Manufacturing Process (GMP) နှင့်အညီ ထုတ်လုပ်ခြင်းစသည့် အရည်အသွေးထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို တိတိကျကျ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထုတ်လုပ်ပြီး ကုန်ချောများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ထိန်းသိမ်းထားရှိပြီး ကျန်းမာရေးဝန်ကြီးဌာန၏ လိုအပ်ချက်နှင့်အညီ ဆေးရုံများသို့ တိုက်ရိုက်ဖြန့်ဖြူး ပို့ဆောင်ပေးလျက်ရှိသည်။

ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု အနေဖြင့်လည်း ဈေးကွက်ထဲမှာ ရောက်ရှိနေသည့် BPI အမှတ်တံဆိပ် ဆေးဝါးအတုများ၊ သက်တမ်းလွန်ဆေးဝါးများကို ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း ရှာဖွေစစ်ဆေး၊ အရေးယူမှုများ ပြုလုပ်ခဲ့သည်။ BPI တံဆိပ်ဆေးဝါးအတု ၄၄ မျိုး၊ သက်တမ်းလွန်ဆေးဝါး မြွေပွေးအဆိပ်ဖြေဆေးကို စမ်းသပ်စစ်ဆေးမှုများ အောင်မြင်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ခွင့်ပြုချက်ဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ FDA မှ ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားဆဲ ဆေးလေးမျိုးရှိပြီး Stability Test စမ်းသပ်ဆဲ ဆေး ၇ မျိုးရှိသည်။ ကင်ဆာဝေဒနာရှင်များအတွက် နာကျင်ကိုက်ခဲမှု သက်သာစေသော ဆေးဖြစ်သည့် Morphine Sulfate Syrup နှင့် Morphine Sulfate Tablet ကိုလည်း Stability Test စမ်းသပ်နေပြီး HIV နှင့် Hepatitis B ရောဂါဝေဒနာရှင်များအတွက် ကုသဆေးဖြစ်သည့် Tenofovir (300 mg) ဆေးအသစ်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

"အခုလို ဆေးဝါးများကို စံချိန်စံညွှန်းပြည့်မီစွာနဲ့ တိုးချဲ့ထုတ်လုပ်ရောင်းချပေးနိုင်ခဲ့တဲ့အတွက် တစ်ဖက်မှာ ပြည်သူလူထုရဲ့ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခဲ့သလို ဝန်ကြီးဌာနအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ် ပေးရေးအစီအစဉ်များကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေထဲက ပြည်သူလူထုအတွက် အထိရောက်ဆုံးနဲ့ အောင်မြင်မှုအရှိဆုံး တစ်ခုကို ရွေးထုတ်တင်ပြရမယ်ဆိုရင် ကျန်းမာရေးကဏ္ဍအတွက် ပံ့ပိုးပေးနိုင်ခဲ့မှုကို ဦးစားပေးတင်ပြရမှာ ဖြစ်ပါတယ်" ဟု ပြောသည်။


စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သော ဆေးဝါးများ ထုပ်ပိုးနေစဉ်


မြွေဆိပ်ဖြေဆေး အဆင့်ဆင့်ထုတ်ယူမှုကို တွေ့ရစဉ်

**အရည်အသွေးထိန်းသိမ်း**

ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် စက်မှုဝန်ကြီးဌာန၏ ဆေးဝါးစက်ရုံများတွင် ကုန်ကြမ်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံသတ်မှတ်ချက်များနှင့်အညီ ၄၈ မျိုးနှင့် သံသယဖြစ်ဖွယ် ဆေးဝါး ၂၀ မျိုးကို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းစစ်ဆေးအရေးယူခြင်း၊ ဆေးဝါးအတုများကို ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

**ဆေးဝါးအမယ်သစ် ၁၂ မျိုး**

သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ပြီး ထုတ်ကုန်အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် စက်မှုဝန်ကြီးဌာန ဆေးဝါးစက်ရုံများအနေဖြင့် အစိုးရသစ်တာဝန်ယူသည့် ပထမနှစ်အတွင်း ဆေးဝါးအမယ်သစ် ၁၂ မျိုးကို စမ်းသပ်ထုတ်လုပ်ခဲ့သည်။ သိုး၏ သွေးအရည်ကြည်မှ ထုတ်လုပ်သည့် အနေနဲ့လည်း ဝင်ငွေတိုးတက်ရရှိတဲ့အတွက် မြန်မာ ဆေးဝါးလုပ်ငန်းက အရင်က အရှုံးအချိုနဲ့ ရင်ဆိုင်ရပေမယ့် အခုအချိန်မှာ အကျိုးအမြတ်ရရှိပြီး စီးပွားရေးအရ အောင်မြင်စွာ လည်ပတ်ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပြောသည်။

**အေးခဲခြောက်ပုံစံ**

ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် အိမ်သုံးဆေးဝါးအမျိုးမျိုးကို တိုးမြှင့်ထုတ်လုပ်လျက်ရှိပြီး ပြည်သူများ အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန အရောင်းဆိုင်များတွင် ရောင်းချပေးလျက်ရှိသည်။ ထို့ပြင် မြွေဆိပ်ဖြေဆေးတိုးမြှင့်ထုတ်လုပ်ရေး အဆောက်အအုံကို ၂၀-၅-၂၀၁၆ ရက်နေ့တွင် ဆေးဝါးစက်ရုံ(အင်းစိန်)တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ လျှပ်စစ်မီး မရရှိသည့် ကျေးလက်ဒေသများတွင် သာမန်အခန်းအပူချိန်၌ ဆေးသက်တမ်း ငါးနှစ်အထိ ထားရှိနိုင်သော အေးခဲခြောက်ပုံစံဖြင့် မြွေဆိပ်ဖြေဆေးများကို ထုတ်လုပ်နိုင်ခဲ့သည်။

ထိုးဆေးအမျိုးအစား ၁၀ မျိုးကို တစ်နှစ်လျှင် သန်း ၂၀ ထုတ်လုပ်နိုင်မည့် Small Volume Production Plant နှင့် တစ်နှစ်လျှင် ငါးသန်းထုတ်လုပ်နိုင်မည့် Cephalporin Injection Plant တို့ကို ၁၈-၂-၂၀၁၇ ရက်နေ့တွင် ဆေးဝါးစက်ရုံ (အင်းစိန်)တွင် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ပြည်သူလူထုအတွက် လိုအပ်သည့် ဆေးဝါးများကို ထပ်မံတိုးချဲ့ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

အထည်အလိပ်ထုတ်ကုန်များ ဈေးကွက်ဝင် ထုတ်လုပ်နိုင်ရေးအတွက်လည်း လိုအပ်သည့် အနံ့ကြီးပိတ်များ ထုတ်လုပ်

**အချပ်ပို(ဂ)သို့**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



အချပ်ပို(ခ)မှ

ပေးနိုင်သည့် ရက်ကန်းစက်များကို ပြုပြင်တီထွင်နိုင်ခဲ့သည်။ ယခင်က အနံ ၄၈ လက်မသာ ထုတ်လုပ်ပေးနိုင်သည့် ရက်ကန်းစက်များကို အနံချဲ့ရန်၊ ဒီဇိုင်းပုံစံထုတ်ခြင်း၊ လိုအပ်သည့် စက်အစိတ်အပိုင်းများအား မွမ်းမံခြင်း၊ အသစ်တီထွင်၍ အစားထိုးလဲလှယ်ခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အနံ ၁၇ လက်မ တိုးပြီး ၆၅ လက်မအထိ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည်။

### တီထွင်ပြုပြင်ပြောင်းလဲ

ပထမအဆင့်အနေဖြင့် ရက်ကန်းစက် အလုံး ၅၀ ကို တီထွင်ပြုပြင်ပြောင်းလဲလျက်ရှိပြီး ဈေးကွက်ဝင် ရုပ်အကျီအနံကြီးပိတ်များ ထုတ်လုပ်သွားရေးအတွက် ထုတ်လုပ်မှုလိုင်းများ ထပ်မံတိုးချဲ့ရေးကိုလည်း စီမံဆောင်ရွက်နေသည်။

ပြည်တွင်းတွင် လိုအပ်နေသည့် ဈေးကွက်ဝင်အဆင့်မြင့် ၁/၄၀ စီ ချည်ကို အိန္ဒိယနည်းပညာဖြင့် ပုဂ္ဂလိကနှင့် ပူးပေါင်းပြီး စမ်းသပ်ထုတ်လုပ်အောင်မြင်သည့်အတွက် ၂၀၁၆ ခုနှစ် စက်တင်ဘာလမှစတင်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

နိုင်ငံပိုင်ဆေးရုံများတွင် အသုံးပြုနိုင်ရန် ဆေးရုံသုံး ခုတင်၊ ပရိဘောဂနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများ Medical Grade နှင့်အညီ စတီးပစ္စည်းများဖြင့် ထုတ်လုပ်၍ ကျန်းမာရေးဝန်ကြီးဌာနသို့ ဖြန့်ဖြူးပေးလျက်ရှိပြီး Locker တွဲဆက်ထားသည့် ဆေးရုံသုံးခုတင်နှင့် Medicine Cupboard တို့ကို စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။ ဈေးကွက်ဝင် စတီးပိုက်များ၊ အိမ်သုံးစတီးပစ္စည်းများ၊ ပလတ်စတစ်ပုံးများနှင့် ပလတ်စတစ်ပစ္စည်းများ၊ ကုန်တင်ပို့ရာတွင် အသုံးပြုသည့် Plastic Pallet များကိုလည်း ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

စိုက်ပျိုးရေးကဏ္ဍအတွက် လယ်ယာသုံးစက်နှင့် စက်ကိရိယာပစ္စည်းများကို တောင်သူများ၏ လိုအပ်ချက်နှင့်အညီ တီထွင်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။ ဇွဲလယ်ထွန်စက်များ၏ Hydraulic System နှင့် Clutch ပိုင်းဆိုင်ရာများ ပြုပြင်ပြောင်းလဲခြင်း၊ ရော (၁) လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်နှင့် ဆန်စက်ငယ်များအား စွမ်းဆောင်မှုပိုမိုရရှိစေရန် ပြုလုပ်တီထွင်မှုများပြုလုပ်ပြီး ဈေးကွက်တွင် ရောင်းချနိုင်ခဲ့သည်။

### ၂၈၀ ဒသမ ၄၁၁ သန်း

အရောင်းမြှင့်တင်ရေးလုပ်ငန်းများအတွက် လယ်ယာသုံးစက်နှင့် စက်ကိရိယာပစ္စည်းများအား ကျေးရွာဒေသအသီးသီးသို့ နှစ်နှစ်ဆိုင်း အရစ်ကျစနစ်ဖြင့် အရောက်ပို့ပြီး ရောင်းချခြင်း၊ အရောင်းပြခန်းများ၊ အရောင်းကိုယ်စားလှယ်များ ထားရှိရောင်းချခြင်း၊ After Sale Service ဆောင်ရွက်ပေးခြင်းတို့ဖြင့် အစိုးရသစ်လက်ထက်တွင် လယ်ယာသုံးပစ္စည်းတန်ဖိုးငွေကျပ် ၂၈၀ ဒသမ ၄၁၁ သန်း ရောင်းချပေးနိုင်ခဲ့သည်။ ထို့အတူ မြန်မာနိုင်ငံတွင် လာရောက်ကျင်းပသည့် နိုင်ငံတကာနည်းပညာပြပွဲနှင့် စက်မှုပြပွဲများတွင်လည်း စက်မှုဝန်ကြီးဌာန၏ ထုတ်ကုန်များအား ဝင်ရောက်ပြသရောင်းချခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဆေးဘက်ပညာသင်များနှင့် သူနာပြုများ ဝတ်ဆင်မည့် ဝတ်စုံအသစ်များကို ချုပ်လုပ်ပေးလျက်ရှိပြီး ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများအတွက် ကျောင်းစိမ်းလုံချည်များကိုလည်း ထုတ်လုပ်ပေးလျက်ရှိသည်။



အမှတ်(၇)အထည်စက်ရုံ(မြစ်သား)၌ ထုတ်လုပ်လျက်ရှိသော ဈေးကွက်ဝင် အဆင့်မြင့် ၁/၄၀ ချည် ထုတ်လုပ်မှုကို တွေ့ရစဉ်

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအနေဖြင့် စက်မှုဝန်ကြီးဌာနမှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို လည်းကောင်း၊ ၂၀၁၅ ခုနှစ် ဧပြီလတွင် ဥပဒေကို လည်းကောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နည်းဥပဒေကိုလည်းကောင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကိုလည်း နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တွဲဖက်ဥက္ကဋ္ဌတို့ဖြင့် ၂၀၁၆ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းထားပြီး ဖြစ်သည်။

### ရင်းနှီးလည်ပတ်မှုအားကောင်း

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SME)အား ငွေကြေးအရင်းအနှီးရရှိစေရန် ပံ့ပိုးပေးနိုင်ရေးအတွက် နိုင်ငံတော်၏ချေးငွေဖြင့် လုပ်ငန်းရှင် ၄၅၆ ဦး၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေဖြင့် လုပ်ငန်းရှင် ၁၈၉ ဦး



စက်မှုသင်တန်းကျောင်းများတွင် သင်တန်းသားများ မော်တော်ယာဉ်အစိတ်အပိုင်းများဖြင့် လေ့ကျင့်နေစဉ်



စက်မှုသင်တန်းကျောင်း၌ သင်တန်းသား သင်တန်းသူများ စက်မှုနည်းပညာများ လက်တွေ့လေ့ကျင့်နေစဉ်

တို့အား ချေးငွေ ထောက်ပံ့ပေးနိုင်ခဲ့သည်။ ဗဟိုဘဏ်ဥပဒေအရ ချေးငွေကာလမှာ တစ်နှစ်ဖြစ်သော်လည်း နိုင်ငံတော်အထူးချေးငွေ၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေတို့ဖြင့် ငါးနှစ်ကာလအထိ ထုတ်ချေးပေးနိုင်ခဲ့ပြီး လုပ်ငန်းရှင်များ၏ ရင်းနှီးလည်ပတ်မှုအားကောင်းလာစေရန် ပံ့ပိုးပေးနိုင်ခဲ့သည်။

အပေါင်ပစ္စည်း မရှိသည့်လုပ်ငန်းများအတွက် ချေးငွေအာမခံလုပ်ငန်း Credit Guarantee Insurance – CGI စနစ်ဖြင့် ချေးငွေရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိရာ CB Bank ၊ မြန်မာ့အာမခံလုပ်ငန်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့ ပူးပေါင်း၍ လုပ်ငန်းရှင် ၁၂ ဦးအား CGI စနစ်ဖြင့် ချေးငွေထုတ်ပေးနိုင်ခဲ့ပြီး ချေးငွေရရှိရေးအတွက် လုပ်ငန်းရှင် ၆၄၈ ဦးအား ထောက်ခံချက်ပေးပြီးဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် CB Bank တစ်ခုတည်းသာ CGI စနစ်ကို စတင်ကျင့်သုံးခဲ့သော်လည်း ကမ္ဘောဇဘဏ်နှင့် SMIDB ဘဏ်တို့က CGI စနစ်ကို ကျင့်သုံးလိုသဖြင့် တွေ့ဆုံညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ထိုင်းနိုင်ငံ KASIKORN Bank ကလည်း မြန်မာနိုင်ငံ၏ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင် ရွက်ရန် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

### ဈေးကွက်ချဲ့ထွင်

SME လုပ်ငန်းများအား နည်းပညာ၊ ဈေးကွက်ချဲ့ထွင်ရေးစသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများကိုလည်း ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့်

အချပ်ပို(ဃ)သို့




စက်မှုဝန်ကြီးဌာနအောက်ရှိ မြွေဆိပ်ဖြေဆေးစက်ရုံကို တွေ့ရစဉ်

အချပ်ပို(၈)မှ

ပူးပေါင်း၍ ဖွင့်လှစ်ပေးလျက်ရှိသည်။

"စက်မှုဝန်ကြီးဌာနအနေနဲ့ စက်မှုလုပ်ငန်းများနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ အားပေးမြှင့်တင်နေသလို အခြားတစ်ဖက်မှာလည်း စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးနဲ့ အတူ စက်မှုစွန့်ပစ်အညစ်အကြေးများကြောင့် ဖြစ်ပေါ်လာမယ့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဖို့အတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးနဲ့ ပူးပေါင်းပြီး ခာတုဗေဒနဲ့ စက်မှုပစ္စည်းများ ထိန်းချုပ်ရေးလုပ်ငန်းများနဲ့ စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍမှာပါ တိုးချဲ့ဆောင်ရွက်သွားဖို့ ရှိနေပါတယ်"ဟု ပြောသည်။

စက်မှုဆိုင်ရာ ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးမှုအနေဖြင့် ဝန်ကြီးဌာနကြီးကြပ်မှုအောက်၌ စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းကို ဖွင့်လှစ်၍ လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိသည့်အပြင် ပြင်ပပညာရှင်များနှင့် ပူးပေါင်းပြီး ပြင်ပလုပ်ငန်းခွင်များတွင် လိုအပ်လျက်ရှိသည့် သင်တန်းများကိုလည်း လက်တွေ့ကျကျ သင်ကြားပေးလျက်ရှိသည်။

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(National Skill Standards Authority – NSSA)၏ Testing Center များအဖြစ် အသိအမှတ်ပြုလက်မှတ်ရရှိရေး ဆောင်ရွက်လျက်ရှိရာ အစိုးရသစ်ကာလအတွင်း Machine Tool Operator (Machinist) အတွက် အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)အား လည်းကောင်း၊ Small Engine Mechanic အတွက် အမှတ်(၂) စက်မှုသင်တန်းကျောင်း(မန္တလေး)အား လည်းကောင်း၊ Metal Arc Welding အတွက် အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)နှင့် အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)တို့အား လည်းကောင်း၊ Gas Welding အတွက် အမှတ်(၄) စက်မှုသင်တန်းကျောင်း(ပခုက္ကူ)တို့အား လည်းကောင်း NSSA ၏ အသိအမှတ်ပြု စစ်ဆေးရေးဌာန Testing Center များအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

**နည်းပညာလွှဲပြောင်း**

စက်မှုသင်တန်းကျောင်းများ အဆင့်မြှင့်တင်ရာတွင် စက်မှုသင်တန်းကျောင်း (ဆင်တဲ)ကို ဂျာမနီနိုင်ငံ GIZ နှင့် KfW အဖွဲ့အစည်းတို့နှင့်ပူးပေါင်း၍ စံပြသင်တန်းကျောင်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲခြင်း၊ ဘာသာရပ်အသစ်များ တိုးချဲ့သင်ကြားရန် စက်ပစ္စည်းနှင့် နည်းပညာလွှဲပြောင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်း အစီအစဉ်များဖြင့် ကျေးလက်ဒေသများအရောက် သွားရောက်သင်ကြားပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ခဲ့သည်။ အလားတူ စက်မှုဇုန်များသို့လည်း သွားရောက်လေ့ကျင့် သင်ကြားပေးခဲ့ပြီး စက်မှုဇုန်လုပ်သားများ၏ ကျွမ်းကျင်မှု Skill ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

လယ်ယာသုံးစက်ပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို ပြည်သူများ စိတ်ချလုံခြုံဘေးကင်းစွာ အသုံးပြုနိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။ စက်မှုလယ်ယာကဏ္ဍသို့ ပြောင်းလဲဖော်ဆောင်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် လယ်ယာသုံးစက်ပစ္စည်းများနှင့် ယာဉ်၊ ယန္တရားများကို ပြည်သူများ စိတ်ချလုံခြုံဘေးကင်းစွာ အသုံးပြုနိုင်ရေးအတွက် မော်တော်ယာဉ်နှင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးအဖွဲ့အား နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့သည်။




ကားကိုယ်ထည်အစိတ်အပိုင်းများကို တပ်ဆင်နေစဉ်



ဘေထုပ်ကြီးစက်

**လုံခြုံစိတ်ချ**

ထိုအဖွဲ့အနေဖြင့် စက်ပစ္စည်းများအား စနစ်တကျ တပ်ဆင်အသုံးပြုထားခြင်း ရှိ/မရှိ၊ သတ်မှတ်ထားသော ထုတ်လုပ်မှုနည်းစနစ်အတိုင်း သင့်လျော်သော စက်ပစ္စည်းများ အသုံးပြု၍ ထုတ်လုပ်ထားခြင်းရှိ၊မရှိနှင့် စံချိန်စံညွှန်းများအတိုင်း လုံခြုံစိတ်ချရ၍ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်မှု ရှိ/မရှိတို့ကို စနစ်တကျစစ်ဆေးပြီးနောက် စံသတ်မှတ် ချက်များနှင့် ကိုက်ညီမှုရှိလျှင် စစ်ဆေးပြီး လယ်ယာသုံးယာဉ်နှင့် မော်တော်ယာဉ်များကို Certificate of Approval ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် အစိုးရသစ်တာဝန်ယူပြီး တစ်နှစ်တာကာလအတွင်းတွင် ကုန်ထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်ခြင်း၊ ဈေးကွက်ဝင်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် ဆန်းသစ်တီထွင်မှုများ ပြုလုပ်ခြင်း၊ ဈေးကွက်ရရှိရေးအတွက် Marketing အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့သည်။

အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ခဲ့ပြီး စက်မှုဆိုင်ရာအသက်မွေးပညာရပ်များ လေ့ကျင့်သင်ကြားပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့သည်။

**တီထွင်ဆန်းသစ်**

တီထွင်ဆန်းသစ်မှုလုပ်ငန်းများ ဆောင်ရွက်သည့် ဝန်ထမ်းများ၊ ဝန်ကြီးဌာန၏လုပ်ငန်းများ အောင်မြင်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းသည့် ဝန်ထမ်းများကို ရာထူးအဆင့်တိုးပေးခြင်း၊ ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ခြင်းတို့ဖြင့် ဝန်ထမ်းများ၏ တီထွင်ဖန်တီးလိုစိတ်၊ ကြိုးပမ်းဆောင်ရွက်လိုစိတ်များကို မြှင့်တင်ပေးခဲ့သည်။

ကာလရှည်ကြာ မပြေမလည်ဖြစ်နေသည့် ပလိတ်ချည်မျှင်အထည်စက်ရုံ၏ အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား ပဋိပက္ခကိုလည်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ငြိမ်းငြိမ်းချမ်းချမ်းဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။







ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်း

# နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွင်း ရိုးဖြောင့်မှု၊ စိတ်အားတက်ကြွမှု၊ တာဝန်ကျေပွန်မှု၊ အရည်အချင်းကို အခြေခံဆောင်ရွက်မှုနဲ့တန်းတူအခွင့်အလမ်းရှိမှုတွေ တိုးတက်လာမယ်

● တွေ့ဆုံမေးမြန်း - ကျော်သူထက်

**လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍကို ဘယ်လိုအလေးထားမြှင့်တင်နေသလဲ၊ ဘာတွေပြုပြင်ပြောင်းလဲမှုလုပ်နေသလဲ၊ အရည်အသွေးပိုင်း၊ နည်းပညာပိုင်း၊ စိတ်ဓာတ်ပိုင်းဆိုင်ရာများအတွက် ဘယ်လိုမြှင့်တင်ပေးနေသလဲ၊ ဝန်ထမ်းများကို ဘယ်လိုရွေးချယ်ပြီး ဘယ်လိုလေ့ကျင့်ပေးနေသလဲစသည်တို့ကို သိရှိနိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည် -**

မေး ။ လက်ရှိအစိုးရလက်ထက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့အနေနဲ့ ဘယ်လိုမူဝါဒ၊ ဘယ်လိုရည်မှန်းချက်တွေချမှတ်ပြီး ပြည်သူ့ဝန်ထမ်းတွေကို လေ့ကျင့်ပျိုးထောင်နေသလဲ ဆိုတာကို ပြောပြပေးစေလိုပါတယ်ခင်ဗျာ။

ဖြေ ။ နိုင်ငံတော်အစိုးရအဖွဲ့ရဲ့ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေအပေါ် မူတည်ပြီး ပြည်သူ့ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်ပိုမိုမြှင့်တင်နိုင်ဖို့၊ ပြည်သူ့ဝန်ထမ်းတစ်ဦးရဲ့ အဓိက စံတန်ဖိုးတွေဖြစ်တဲ့ ရိုးသားခြင်း၊ ဖြောင့်မတ်သမာဓိရှိခြင်း၊ ဓမ္မဓိဋ္ဌာန်ကျစွာပြုမူခြင်း၊ ဘက်မလိုက်ခြင်း ဒါတွေကို ခံယူကျင့်သုံးတန်ဖိုးထားတတ်စေဖို့၊ ပြည်သူ့ဝန်ထမ်းတွေအနေနဲ့ ပြည်သူ့ဝန်ကိုထမ်းမည့်သူ၊ ပြည်သူများရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့်သူဆိုတဲ့ စိတ်ဓာတ်မျိုးထားရှိဖို့၊ ပြည်သူကို ဝန်ဆောင်မှုပေးတဲ့အခါမှာ အရည်အသွေးရှိဖို့၊ ပြည်သူရဲ့ လိုအပ်ချက်ကို အမြန်ဆုံးဝန်ဆောင်မှုပေးဖို့၊ ပြည်သူ့လိုအပ်ချက်ကို မဆိုင်းမတွ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်ပေးဖို့၊ ဝန်ဆောင်မှုပေးရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့ဆိုတဲ့အချက်တွေကို အခြေခံပြီးတော့ လေ့ကျင့်ပျိုးထောင်ပေးဖို့ ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ ဦးတည်ချက်ကိုလည်း နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်၍ စွမ်းရည်ပြည့်ဝသော၊ ယှဉ်ပြိုင်မှုရှိ၍ စည်းကမ်းကောင်းသော နိုင်ငံ့ဝန်ထမ်းဖြစ်စေရေး တည်ဆောက်ပျိုးထောင်ရန်ဆိုပြီး ပြင်ဆင်ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။

## တက္ကသိုလ်၏ အမှတ်တံဆိပ်အသစ်

**မေး ။ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေရဲ့လေ့ကျင့်သင်ကြားတဲ့ ပုံစံတွေကို နိုင်ငံတကာ ပြည်သူ့ဝန်ထမ်းကျောင်းတွေနည်းတူ ပြုပြင်ပြောင်းလဲခဲ့တယ်လို့ သိရပါတယ်။ ဘာတွေကို ပြုပြင်ပြောင်းလဲခဲ့သလဲဆိုတာ သိပါရစေ။**

ဖြေ ။ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေရဲ့ လေ့ကျင့်သင်ကြားပေးတဲ့ပုံစံတွေကို နိုင်ငံတကာ ပြည်သူ့ဝန်ထမ်းကျောင်းတွေနည်းတူ ခေတ်နဲ့လျော်ညီအောင် ပြုပြင်ပြောင်းလဲဖို့ အစိုးရသစ်ရဲ့ရက် (၁၀၀)စီမံချက်မှာ ထည့်သွင်းအကောင်အထည်ဖော်ခဲ့ပါတယ်။

ဗဟိုဝန်ထမ်းတက္ကသိုလ်တွေရဲ့ မူလအမှတ်တံဆိပ်အစား ပြည်သူ့ဝန်ထမ်းတွေ စွမ်းဆောင်ရည်ပိုမိုမြှင့်တင်နိုင်ဖို့၊ ပြည်သူ့ဝန်ထမ်းတစ်ဦးရဲ့ အဓိက စံတန်ဖိုးတွေဖြစ်တဲ့ ရိုးသားခြင်း၊ ဖြောင့်မတ် သမာဓိ ရှိခြင်း၊ ဓမ္မဓိဋ္ဌာန်ကျခြင်း၊ ဘက်မလိုက်ခြင်း တို့ကို ပိုမိုခံယူကျင့် သုံး တန်ဖိုးထားတတ်စေဖို့နဲ့ ဝန်ထမ်းတစ်ဦးရဲ့ စွမ်းဆောင်ရည်မူဘောင်ရဲ့ အခြေခံအုတ်မြစ်တွေဖြစ်တဲ့ စရိုက်လက္ခဏာ၊ ကိုယ်ကျင့်တရား၊ တန်းတူညီမျှရှိမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု စတဲ့ဂုဏ်ပုဒ်တွေကို ထင်ဟပ်ဖော်ကျူးထားတဲ့ တက္ကသိုလ်ရဲ့ အမှတ်တံဆိပ်အသစ်နဲ့ ပြင်ဆင်ပြောင်းလဲခဲ့ပါတယ်။

နောက်တစ်ခါ နိုင်ငံတော်က ချမှတ်ပေးထားတဲ့ မူဝါဒတွေအတိုင်း အဖွဲ့အစည်းရဲ့ ရည်မှန်းချက်တွေကို ပြည်သူနဲ့အတူ လက်တွဲပြီး အောင်မြင်ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်ဖို့အတွက် "နိုင်ငံတော်တည်ထောင်မှု ပြည်သူနှင့်ဝန်ထမ်း လက်တွဲပြု" (Cooperation of the Civil Service and Public Creates a Nation) ဆိုတဲ့ ဆောင်ပုဒ်အသစ်ကို ချမှတ်ခဲ့ပါတယ်။

အခု တက္ကသိုလ်တွေမှာ အခြေခံစစ်ပညာသင်ကြားမှု မပြုတော့ပါဘူး။ စစ်ပညာပို့ချချိန်တွေမှာ စာပေပညာဘာသာရပ်တွေကို အစားထိုး ပို့ချပါတယ်။ အရင်က ဖွဲ့စည်းထားတဲ့ ပညာရပ်ဌာန (၆) ခုအနက်က စစ်ပညာဌာနကို ချန်လှပ်ခဲ့ပါတယ်။ စီမံခန့်ခွဲမှု ပညာဌာန၊ စီးပွားရေးပညာဌာန၊ နိုင်ငံရေးသိပ္ပံ ပညာဌာန၊ လူမှုရေးသိပ္ပံပညာဌာန၊ ဥပဒေပညာဌာနစတဲ့ ပညာရပ်ဌာန (၅) ခုအပြင် အင်္ဂလိပ်ဘာသာပညာဌာနနဲ့ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာ (ICT) ဌာနတွေကို တိုးချဲ့ပြီး စုစုပေါင်းပညာဌာန(၇)ခုအဖြစ် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

## ပြည်သူ့ဝန်ထမ်းအကယ်ဒမီ

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် နေ့မှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သမိုင်းမှတ်တိုင်သစ်တစ်ခုအနေနဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) နဲ့ (အထက်မြန်မာပြည်) မှာ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy- CSA) အသီးသီးကို တစ်ပြိုင်တည်း အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်လှစ်တဲ့နေ့မှာပဲ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်း **အချပ်ပို (စ) သို့**



**"ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သမိုင်းမှတ်တိုင်သစ်တစ်ခုအနေနဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) နဲ့ (အထက် မြန်မာပြည်) မှာ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy- CSA) အသီးသီးကို တစ်ပြိုင်တည်း အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်"**



ဒုတိယသမ္မတ ဦးမြင့်ဆွေ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရှိ ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်ပွဲ၌ ဗဟိုဝန်ထမ်းတက္ကသိုလ်စာကြည့်တိုက်တွင် ကြည့်ရှုလေ့လာစဉ်

**အချပ်ပို(င)မှ**

အမှတ်စဉ်(၁) (Post-Graduate Diploma in Civil Service Management (PGDCSM) ကို စတင်ဖွင့်လှစ် ပို့ချလျက်ရှိပါတယ်။

**မေး။ ။ PGDCSMသင်တန်းအမှတ်စဉ်(၁)မှာ သင်တန်းသား ဘယ်လောက် တက်ရောက်သင်ကြားနေပါသလဲ။ PGDCSM သင်တန်းအပြင် တခြားပို့ချပေးမယ့် သင်တန်းတွေ ရှိပါသလား ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အနေနဲ့ ဒီ PGDCSM သင်တန်းမှာ သင်တန်းသား စုစုပေါင်း ၆၁ ဦး (ကျား ၃၁၊ မ-၃၀)၊ သင်တန်းသားတွေထဲမှာ ပုဂ္ဂလိကဝန်ထမ်း သင်တန်းသားခြောက်ဦး ပါဝင်တက်ရောက်နေပါတယ်။ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှာတော့ သင်တန်းသားစုစုပေါင်း ၅၈ ဦး (ကျား ၈၊ မ-၅၀)၊ ပုဂ္ဂလိက ဝန်ထမ်းသင်တန်းသားတစ်ဦး ပါဝင်တက်ရောက်လျက်ရှိပါတယ်။

ပြန်တမ်းဝင်အရာရှိတွေအတွက် ဘွဲ့လွန်ဒီပလိုမာ၊ အလယ်အလတ်အဆင့်အရာထမ်းတွေ (ဒုတိယညွှန်ကြားရေးမှူးနဲ့ လက်ထောက်ညွှန်ကြားရေးမှူးများ) အတွက် အဆင့်မြင့်ဒီပလိုမာနဲ့ အဆင့်မြင့်အရာထမ်းများ (ညွှန်ကြားရေးမှူးနဲ့အထက်) အတွက် မဟာဘွဲ့သင်တန်းတွေ ဖွင့်လှစ်ပို့ချသွားမှာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်မှာ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းကို စတင်ခဲ့ပြီး တစ်နှစ်နှစ်ကြိမ်ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဇွန်လမှာ အဆင့်မြင့်ဒီပလိုမာသင်တန်း (Advanced Diploma) နဲ့ မဟာဘွဲ့သင်တန်း (Master Degree) ဖွင့်လှစ်နိုင်ဖို့လည်း ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွေမှာ နိုင်ငံ့ဝန်ထမ်းတွေနဲ့အတူ ပုဂ္ဂလိက ဝန်ထမ်းတွေကိုပါ လက်ခံသင်ကြားပေးရတဲ့ ရည်ရွယ်ချက်ကို သိလိုပါတယ်။**

ဖြေ။ ။ နိုင်ငံတော်ရဲ့စီးပွားရေးမူဝါဒ (၁၂)ရပ်မှာ ခေတ်မီဖွံ့ဖြိုးသောစီးပွားရေးကို ဖြစ်ထွန်းနိုင်စေတဲ့ လူ့အရင်းအမြစ်တွေ မွေးထုတ်ပေးနိုင်ဖို့နဲ့ ပညာရပ်ပိုင်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့၊ ပြည်တွင်းနေ နိုင်ငံသားတွေနဲ့ နိုင်ငံရပ်ခြားက ပြန်လည်ရောက်ရှိလာတဲ့ မြန်မာနိုင်ငံသားတွေအားလုံးအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ထုတ်ပေးနိုင်ဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းမြင့်မားတဲ့ စီးပွားရေးလုပ်ငန်းတွေကို ကာလတိုအတွင်း ပိုမိုဦးစားပေးဆောင်ရွက်ဖို့ဆိုတဲ့ အချက်တွေကို အတိအလင်းချမှတ်ထားပါတယ်။

အဲ့ဒီချမှတ်ထားတဲ့အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ အခုဆိုရင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီတွေမှာ နိုင်ငံ့ဝန်ထမ်းတွေနဲ့အတူ ပုဂ္ဂလိကဝန်ထမ်းတွေကိုပါ လက်ခံသင်ကြားပေးပါတယ်။ ဒီလို လက်ခံလေ့ကျင့်သင်ကြားပေးတဲ့အတွက် ဝန်ထမ်းတွေအကြား အတွေ့အကြုံကောင်းတွေဖလှယ်နိုင်ဖို့၊ တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိနိုင်ဖို့၊ ပြည်သူကိုရိုသေလေးစားစွာနဲ့ ဝန်ဆောင်မှုပေးဖို့အတွက် ပိုမိုသစ်လွင်ကောင်းမွန်တဲ့ နည်းလမ်းတွေကို ရှာဖွေဖော်ထုတ်တီထွင်ရာမှာ ပုဂ္ဂလိကကဏ္ဍရဲ့ ဆန်းသစ်မှုတွေကို ရရှိနိုင်ဖို့၊ ပြည်သူပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိကပိုင်ကဏ္ဍအကြားမှာ တာဝန်ဝတ္တရားတွေကို ပွင့်လင်းမြင်သာစွာနဲ့ ပိုင်းခြားဆောင်ရွက်နိုင်ဖို့စတဲ့ အကျိုးကျေးဇူးတွေ မလွဲဧကန်ရရှိလာမှာဖြစ်ပါတယ်။

**လေ့ကျင့်သင်ကြားမှုပုံစံ**

**မေး။ ။ နိုင်ငံတကာ ပြည်သူ့ဝန်ထမ်းကျောင်းများနည်းတူ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေရဲ့ လေ့ကျင့်သင်ကြားမှုပုံစံပြုပြင်ပြောင်းလဲဖို့ ဘာတွေကို စတင်ဆောင်ရွက်ခဲ့ရပါသလဲ။**

ဖြေ။ ။ ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီးရဲ့ ကွပ်ကဲမှုအောက်မှာ ပြည်သူ့ဝန်ထမ်း အကယ်ဒမီတစ်ခုစီကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလကစတင်ပြီး ဖွင့်လှစ်နိုင်ဖို့ ရည်မှန်းချက်ချမှတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ဖွင့်လှစ်ဖို့အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ တွဲဖက်ထားရှိတဲ့ ရဲတပ်ဖွဲ့ဝင်တွေကို ပြည်ထဲရေးဝန်ကြီးဌာနကို လွှဲပြောင်းပေးပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာနကို လက်နက်ခဲယမ်းတွေ အပ်နှံတယ်။ ပညာရှင်နည်းပြတွေခန့်အပ်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေနဲ့ညှိနှိုင်းတယ်။ သင်ရိုးညွှန်းတမ်း၊ သင်ရိုးဇယားပြုစုရေးဆွဲတယ်။ နည်းပြလက်စွဲပြုစုရေးသားတယ်။ သင်တန်းသား သင်တန်းသူတစ်ဦးကို အိပ်ခန်းတစ်ခန်း၊ သင်တန်းခန်းမမှာ တစ်ဦးကို ထိုင်ခုံတစ်ခုံ၊ စားပွဲတစ်လုံးနဲ့ သင်ကြားမှု၊ သင်ယူမှုပုံစံပြောင်းလဲဖို့ စတင်ပြင်ဆင်ခဲ့ပါတယ်။

**ခံစားခွင့်ရပိုင်ခွင့်**

**မေး။ ။ နိုင်ငံ့ဝန်ထမ်းများရဲ့ ခံစားခွင့်ရပိုင်ခွင့်နဲ့ ပတ်သက်ပြီး ဆောင်ရွက်နေတာရှိရင် သိလိုပါတယ်။**

ဖြေ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)ကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့မှာ တင်သွင်းခဲ့ပါတယ်။ နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုးပြီး ၉-၁၂-၂၀၁၆ ရက်မှာ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ဥပဒေရဲ့ ပုဒ်မပေါင်း အခု၂၀ ကို ပြင်ဆင်ခဲ့ပါတယ်။

နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းလိုက်တဲ့အတွက် ဝန်ထမ်းရဲ့အရည်အချင်းနဲ့ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှုအပေါ်မူတည်ပြီး ရာထူးတိုးမြှင့်ခံစားပိုင်ခွင့်ရှိတဲ့အကြောင်း ပွင့်လင်းမြင်သာစွာ သိရှိလာစေမှာဖြစ်ပါတယ်။ ပင်စင်ခံစားရာမှာလည်း နိုင်ငံတော်အတွက် လုပ်သက်နှစ် ၃၀ အထိ တာဝန်ကျေပွန်စွာနဲ့ ထမ်းရွက်ပေးခဲ့ကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အသက် ၅၅ နှစ် ပြည့်ပြီးသူဖြစ်ရမည်ဆိုတဲ့ အသက်ကန့်သတ်ထားမှုကို ပယ်ဖျက်ခဲ့တဲ့အတွက် ၎င်းတို့ရဲ့မိသားစုပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာလိုအပ်ချက်တွေကို ဆောင်ရွက်နိုင်ဖို့ အခွင့်အလမ်းတွေကိုရရှိလာစေမှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ(မူကြမ်း)ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ကပြုစုပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့သဘောထားမှတ်ချက် တောင်းခံထားပါတယ်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းပြီးရင် ရာထူးတိုးမြှင့်ခန့်ထားရေးဆိုင်ရာ လုပ်ငန်းစဉ်တွေကို ပိုမိုရှင်းလင်းစွာ ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။ လုပ်သက်ခွင့်ကိုလည်း နှစ်လအထိ ဆက်လက်စုဆောင်းခွင့်ပြုမှာဖြစ်တဲ့အတွက် ဝန်ထမ်းတွေအနေနဲ့ ပြက္ခဒိန်နှစ်စမှာ လုပ်သက်ခွင့်ခံစားဖို့ အခက်အခဲ မရှိနိုင်တော့ဘဲ ဝန်ထမ်းတွေရဲ့ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍတွေကို ထိရောက်စွာ ပံ့ပိုးကူညီနိုင်မှာဖြစ်ပါတယ်။

**ကလေးပြုစုစောင့်ရှောက်ခွင့်**

ဇနီးသည် ဝန်ထမ်းမဟုတ်တဲ့ အမျိုးသားဝန်ထမ်းတွေ အတွက်လည်း ကလေးပြုစု စောင့်ရှောက်ခွင့် ရက်သတ္တနှစ်ပတ်

**အချပ်ပို(ဆ)သို့**



ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)ရှိ ပြည်သူ့ဝန်ထမ်းအကယ်ဒမီ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်

အချပ်ပို(စ)မှ

ကို အခြားအမျိုးသားဝန်ထမ်းတွေနည်းတူ ခံစားခွင့်ရှိလာနိုင်မှာဖြစ်ပါတယ်။ ဒေသစရိတ်ခံစားခွင့်ရှိတဲ့ ဒေသတွေကို ဒေသဖွံ့ဖြိုးမှု၊ နိုင်ငံတော်ရဲ့ ရသုံးမှန်းခြေငွေစာရင်းအပေါ် မူတည်ပြီး ပြင်ဆင်သတ်မှတ်နိုင်စေဖို့ စကားရပ် ပြင်ဆင်ခဲ့တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေက အလွယ်တကူဆောင်ရွက်လာနိုင်တော့မှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းပြောချင်တာကတော့ ဝန်ထမ်းကျင့်ဝတ်စာစောင်ကို ရိုက်နှိပ်ပြီး ဗဟိုအဖွဲ့ရုံးတွေ၊ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ရုံးတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတွေထံ အခမဲ့ဖြန့်ဝေဖို့အတွက်လည်း ဆောင်ရွက်နေပါတယ်။ အဲဒီအပြင် ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်တဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်နိုင်ဖို့ပါ ဆောင်ရွက်နေပါတယ်။

**စာမေးပွဲမေးခွန်းပုံစံ**

**မေး။ ။ ရာထူးဝန်အဖွဲ့ရဲ့ စာမေးပွဲမေးခွန်းပုံစံတွေ ပြောင်းလဲခဲ့တယ်လို့ သိရပါတယ်။ ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေအတွက် လိုအပ်တဲ့ ပြန်တမ်းဝင်အရာရှိတွေကို ဘယ်လို မူဝါဒ နဲ့ ရွေးချယ်သလဲဆိုတာ သိလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။ ပြန်တမ်းဝင်အရာရှိတွေ ရွေးချယ်ရေးဟာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့လုပ်ငန်းတာဝန် ဖြစ်ပါတယ်။ ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးက အဆိုပြုခန့်အပ်ဖို့ ညှိနှိုင်းလာတဲ့ ရာထူး၊ ဦးရေ၊ ပညာအရည်အချင်း သတ်မှတ်ချက်တွေ အပေါ်မူတည်ပြီး ထူးချွန်ထက်မြက်သော အရာထမ်းလောင်းတွေ ရွေးချယ်ပေးနိုင်ဖို့ နည်းဥပဒေအခန်း (၂)ပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှာ လိုအပ်တဲ့ အရည်အသွေးမြင့် အရာထမ်းကောင်းတွေ ရွေးချယ်ပေးရာမှာ အရင်ကမေးခွန်းပုံစံ (အင်္ဂလိပ်စာ၊ မြန်မာစာ၊ အထွေထွေဗဟုသုတ) စတဲ့ဘာသာရပ်အလိုက် မေးခွန်းပုံစံတွေအစား Civil Service ပြည်သူ့တာဝန်ထမ်းဆောင်လိုတဲ့ စိတ်ဓာတ်ကို အခြေခံတဲ့ မေးခွန်း (Question Type, Pattern တွေနဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သုတရေးရာဘာသာရပ်မေးခွန်း)တွေ ပြောင်းလဲခဲ့ပါတယ်။ ရက် ၁၀၀ စီမံချက်မှာ ဖော်ပြခဲ့သလိုပဲ ၂၄-၉-၂၀၁၆ ရက်နဲ့ ၂၅-၉-၂၀၁၆ ရက်တွေမှာ ကျင်းပတဲ့ ရေးဖြေစာမေးပွဲမှာ မေးခွန်းပုံစံအသစ်ကို စတင်အသုံးပြုခဲ့ပါတယ်။

**မေး။ ။ ဌာနတွင်းက ဝန်ထမ်းတွေကို ပြန်တမ်းဝင်အရာရှိအဆင့် ရာထူးတိုးမြှင့်ပေးတဲ့အခါမှာရော ဘယ်လို မူဝါဒတွေနဲ့ ဆောင်ရွက်ပါသလဲ ခင်ဗျာ။**

ဖြေ။ ။ ဌာနတွင်းက ဝန်ထမ်းတွေကို ပြန်တမ်းဝင်အရာရှိအဆင့်သို့ ရာထူးတိုးမြှင့်ပေးရာမှာ ပြဋ္ဌာန်းချက်တွေနဲ့အညီ လုပ်သက်သတ်မှတ်ချက်ကို လျှော့ပေါ့၍ ရာထူးတိုးမြှင့်ခန့်ထားမယ်ဆိုရင် လစ်လပ်ရာထူးရဲ့ သုံးပုံတစ်ပုံအတွက်သာ တိုးမြှင့်ခန့်ထားစေပါတယ်။ ပညာအရည်အချင်းနဲ့ ကျွမ်းကျင်မှုအရည်အချင်းတွေကို လျှော့ပေါ့ပြီး ရာထူးတိုးမြှင့်ခန့်ထားဖို့ကိစ္စတွေအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ခွင့်ပြုချက်တောင်းပါတယ်။ ပြန်တမ်းဝင်အရာရှိရာထူးသို့ တိုးမြှင့်ခန့်ထားဖို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောတူညီချက်နဲ့ စိစစ်ထောက်ခံဆောင်ရွက်ပါတယ်။




ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ အလယ်အလတ်အဆင့် အရာထမ်း၊ အမှုထမ်း စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ၌ စုပေါင်းဓာတ်ပုံရိုက်စဉ်

**မေး။ ။ နိုင်ငံ့ဝန်ထမ်းတွေ၊ ပုဂ္ဂလိကဝန်ထမ်းတွေ အရည်အသွေးမြင့်မားအောင် ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ လေ့ကျင့်သင်ကြားနေမှုနဲ့ပတ်သက်ပြီး အခြေအနေကို သိပါရစေ ခင်ဗျား။**

ဖြေ။ ။ ဗဟိုဝန်ထမ်းတက္ကသိုလ် ပုံမှန်သင်တန်း ၃၅ ခုမှာ သင်တန်းသားဦးရေ ၂၉၁၇ ဦး၊ သင်တန်းသူဦးရေ ၃၇၇၀ စုစုပေါင်း ၆၆၈၇ ဦးနဲ့ အထူးမွမ်းမံသင်တန်း ၃ ခုမှာ သင်တန်းသားဦးရေ ၆၉၄ ဦး၊ သင်တန်းသူဦးရေ ၂၅၃၇ ဦး၊ စုစုပေါင်း ၃၂၃၁ ဦးနဲ့ ဖွင့်လှစ်နိုင်ရေးအတွက် သင်တန်းသားခွဲဝေရေး၊ လေ့လာရေးနှင့် အခြားစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဌာန အသီးသီးနဲ့ ညှိနှိုင်းပြီး နိုင်ငံတော်သမ္မတရုံးကို ခွင့်ပြုချက်တောင်းခံခဲ့ပါတယ်။

ပုံမှန်သင်တန်းတွေမှာ သတ်မှတ်ထားရှိတဲ့ ရာထူးအဆင့်အလိုက် နိုင်ငံ့ဝန်ထမ်းတွေသာတက်ရောက်ရပြီး အထူးမွမ်းမံသင်တန်းတွေမှာ ပညာရေးဝန်ကြီးဌာနက အခြေခံပညာဆရာ ဆရာမတွေနဲ့ တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမတွေသာ တက်ရောက်ရပါတယ်။ ၁၆-၅-၂၀၁၆ ရက်ကနေ ၁၈-၆-၂၀၁၆ ရက်အထိ ဖွင့်လှစ်ခဲ့တဲ့ အခြေခံပညာ ဆရာ၊ ဆရာမတွေ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၉၇ နဲ့ ၆၆)တို့ကို နောက်ဆုံးအကြိမ် ဖွင့်လှစ်ပေးပြီး တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများအထူး မွမ်းမံသင်တန်းတွေကို ဆက်လက်ဖွင့်လှစ်ခြင်းမပြုတော့ပါဘူး။

ပုံမှန်သင်တန်းတွေ၊ စီမံခန့်ခွဲရေးသင်တန်းတွေ၊ ညွှန်ကြားရေးမှူးနဲ့အဆင့်တူ အရာထမ်းတွေအတွက် အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းတွေ၊ ဗဟိုအဖွဲ့အစည်းတွေ၊ ပြည်ထောင်စုဝန်ကြီးဌာနတွေက ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် အရာရှိကြီးတွေအတွက် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးစီမံခန့်ခွဲမှုသင်တန်းတွေကို Civil Services Academy အစီအစဉ်နဲ့ အရည်အသွေးပြည့်မီ ထိရောက်မှုရှိစွာ ဆက်လက်ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။

**ကျင့်ဝတ်သိက္ခာမြင့်မား**

**မေး။ ။ နိုင်ငံ့ဝန်ထမ်းစနစ်ပြုပြင်ပြောင်းလဲရေး အုပ်ချုပ်မှုစနစ်သစ် အကောင်အထည်ဖော်ဆောင်ရွက်ဖို့တို့အတွက် ဘာတွေလုပ်ဆောင်နေပါသလဲ။**

ဖြေ။ ။ နိုင်ငံ့ဝန်ထမ်းတွေကိုလေ့ကျင့်ရာမှာ အရင် Semi-Regimental Training Approach မှ Education and Competency Training Approach သို့ ပြောင်းလဲဆောင်ရွက်နိုင်ဖို့၊ နိုင်ငံ့ဝန်ထမ်းတွေရဲ့ အရည်အချင်းကိုလိုက်ပြီး ချီးမြှင့်မြှောက်စားဖို့၊ နိုင်ငံ့ဝန်ထမ်းတွေ ကျင့်ဝတ်သိက္ခာမြင့်မားဖို့အတွက် နိုင်ငံ့ဝန်ထမ်းစနစ် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာစီမံချက်တွေရေးဆွဲဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ သင်ကြားနေတဲ့ သင်ရိုးညွှန်းတမ်း သင်ရိုးမာတိကာတွေကို နိုင်ငံတကာအဆင့်မီ နောက်ဆုံး အခြေအနေနဲ့အညီဖြစ်စေဖို့၊ ပြည်သူ့ဝန်ထမ်းတွေ အရည်အသွေးတိုးတက်စေဖို့ လေ့ကျင့်မှုနည်းစနစ် ပိုမိုအားကောင်းစေဖို့နဲ့ အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးကို ပိုမိုအထောက်အကူပြုပေးနိုင်တဲ့ ပြည်သူ့ဝန်ထမ်းကောင်းတွေ ပေါ်ပေါက်စေဖို့အတွက် EU(GOPA), Hanns Seidel Foundation, UNDP, United Nation International Training and Research (UNITAR) အဖွဲ့တွေနဲ့ပူးပေါင်းပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဖွင့်လှစ်ပို့ချနေတဲ့ ပုံမှန်သင်တန်းတွေနဲ့ ဘာသာရပ်ပို့ချချက်တွေအပေါ် ပြန်လည်သုံးသပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲ၊ မြန်မာနိုင်ငံပြည်သူ့ဝန်ထမ်းအကယ်ဒမီ တည်ထောင်ရေးအကြံပြုအလုပ်ရုံဆွေးနွေးပွဲ၊ ပြည်သူ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးအကြံပြုအလုပ်ရုံဆွေးနွေးပွဲ၊ ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဆိုင်ရာ အကြံပြုအလုပ်ရုံ ဆွေးနွေးပွဲ၊ ပြည်သူ့ဝန်ထမ်းတွေရဲ့ လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေး သတ်မှတ်ချက် မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံ

အချပ်ပို(ဇ)သို့



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရှိ ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်

**အချပ်ပို(ဆ)မှ**

ဆွေးနွေးပွဲ၊ ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးအတွက် ပြန်လည်သုံးသပ်တဲ့ ဒုတိယအကြိမ်မြောက် အုပ်စုလိုက်အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်သူ့ဝန်ထမ်းများရဲ့ လုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးသတ်မှတ်ချက် မူဘောင်ရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲ၊ ပြည်သူ့ဝန်ထမ်းများ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေးအတွက် ပြန်လည်သုံးသပ်တဲ့ တတိယအကြိမ်မြောက်အုပ်စုလိုက်အလုပ်ရုံဆွေးနွေးပွဲ၊ ပြည်သူ့ဝန်ထမ်းကဏ္ဍမှာ ကိုယ်ကျင့်သိက္ခာ၊ အရည်အချင်းအလိုက် ချီးမြှင့်မြောက်စားမှုနဲ့ တန်းတူအခွင့်အရေးရရှိမှုများကို တိုးတက်စေဖို့ စိတ်အားထက်သန်တက်ကြွမှုကို အားပေးခြင်းဆိုင်ရာ အသိပညာမျှဝေမှုဖိုရမ်၊ အာဆီယံနိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ ပြည်သူ့ဝန်ထမ်းများရဲ့ ကျင့်ဝတ်၊ တန်းတူညီမျှအခွင့်အရေးနဲ့ အရည်အချင်းအပေါ်မူတည်၍ တာဝန်ပေးအပ်ခြင်းဆိုင်ရာအမြင်ချင်းဖလှယ်တဲ့ အလုပ်ရုံဆွေးနွေးပွဲ၊ ခေါင်းဆောင်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဖွင့်လှစ်နေတဲ့ သင်တန်းတွေမှာ ပို့ချနေတဲ့ သင်ရိုးညွှန်းတမ်းများနဲ့ စပ်လျဉ်းပြီး သုံးသပ်တွေ့ရှိချက်များကို ဆွေးနွေးတဲ့ အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပပြီး အကြံဉာဏ်တွေရယူခဲ့ပါတယ်။

**ပြန်လည်သုံးသပ်**

**မေး။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ ရှေ့ဆက်ဘာတွေ ဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ Civil Service Reform Strategic Action Plan ကို မေလမှာ ထုတ်ပြန်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွေကိုလည်း ပြန်လည်သုံးသပ်နေပါတယ်။ Public Service Motivation အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပဖို့လျာထားပြီး အာဆီယံနိုင်ငံ့ ဝန်ထမ်းကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ASEAN Cooperation on Civil Service Matters- ACCSM) အဖွဲ့ဝင်နိုင်ငံတွေက ကိုယ်စားလှယ်တွေကို ဖိတ်ကြားဆောင်ရွက်သွားဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။

အဲ့ဒါအပြင် EU(GOPA)နဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဖွင့်လှစ်လျက်ရှိတဲ့ ပုံမှန်သင်တန်းခုနစ်မျိုးမှာ ပို့ချနေတဲ့ Curriculum , Syllabus Module နဲ့ Course Design တွေကို သင်တန်းအမျိုးအစားအလိုက် သင်တန်းသားအဆင့်နဲ့ ကိုက်ညီစွာ ပြင်ဆင်ရေးဆွဲနိုင်ဖို့အတွက် ပြည်တွင်း ပြည်ပ ပညာရှင်တွေနဲ့ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေက သင်တန်းဆရာ၊ ဆရာမတွေအတွက် လေ့ကျင့်သင်ကြားရေးသင်တန်း (Training of Trainers) ကို ဖွင့်လှစ်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုက သင်တန်းဆရာတွေအတွက် နိုင်ငံ့ဝန်ထမ်းသင်တန်းဆရာများလေ့ကျင့်ရေးသင်တန်း (Training of Trainers-ToT) ကျင်းပပြုလုပ်ဖို့လည်း ဆွေးနွေးညှိနှိုင်းစီစဉ်ထားပါတယ်။

အမြဲတမ်းအတွင်းဝန်နဲ့ ညွှန်ကြားရေးမှူးချုပ်အဆင့်အရာရှိကြီးတွေအတွက် ခေါင်းဆောင်မှုနဲ့ အုပ်ချုပ်မှုဆိုင်ရာရက်တိုလေ့ကျင့်ရေးသင်တန်းကို ဖွင့်လှစ်ပို့ချနိုင်ဖို့၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးစီမံခန့်ခွဲမှုသင်တန်း၊ အဆင့်မြင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်းတွေကို အကြိမ်ရေတိုးချဲ့ ဖွင့်လှစ်ဖို့၊ နိုင်ငံ့ဝန်ထမ်းတွေရဲ့ အရည်အသွေးတိုးတက်နိုင်စေဖို့အတွက် KOICA ဘက်မှ အကူအညီပေးနိုင်ဖို့ ၂၀၁၇-၂၀၁၈ ခုနှစ်ကစပြီး နေပြည်တော်မှာ အလယ်အလတ်အဆင့်အရာထမ်းများ၊ အဆင့်မြင့်အရာထမ်းများ၊ ညွှန်ကြားရေးမှူးချုပ်နဲ့ အမြဲတမ်းအတွင်းဝန်တို့အတွက် ကာလတိုသင်တန်း (Short Term Training Course)တွေဖွင့်လှစ်ပြီး Public Policy၊ Public Management နှင့် Public Administration ဘာသာရပ်တွေကိုဆွေးနွေးပို့ချနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် ၂၀၁၈ ခုနှစ်မှာ ညွှန်ကြားရေးမှူးနဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ရှိတဲ့ အဆင့်မြင့်အရာရှိကြီးများအတွက် နိုင်ငံ့ဝန်ထမ်းခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာ မဟာဘွဲ့ (Master of Leadership in Civil Service) သင်တန်းစတင်ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေပြီး ၂၀၁၉ ခုနှစ်မှာ မဟာဘွဲ့ချီးမြှင့်အပ်နှင်းနိုင်ဖို့ ဆွေးနွေးညှိနှိုင်းနေပါတယ်။

**ရှင်းလင်းလွယ်ကူ**

**မေး။ ။ အခုလို ပြုပြင်ပြောင်းလဲဆောင်ရွက်မှုတွေကြောင့် ဘယ်လိုအကျိုးရလဒ်ကောင်းတွေ ရရှိနိုင်မလဲ။ ဘယ်လောက်ထိ မျှော်မှန်းထားပါသလဲ ခင်ဗျာ။**

ဖြေ။ ။ မျှော်လင့်ထားတဲ့ ရရှိနိုင်မယ့် အကျိုးရလဒ်တွေကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ လုပ်ငန်းတာဝန်နဲ့ လုပ်ပိုင်ခွင့်အာဏာကို ခိုင်မာပြီးရှင်းလင်းလွယ်ကူစွာ နားလည်နိုင်စေရမယ်ဆိုတဲ့ ရလဒ်ကောင်းရလာနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွေနဲ့ ဝန်ထမ်းကျင့်ဝတ်တွေကို ပြန်လည်သုံးသပ်ပြီး ခေတ်နဲ့အညီပြင်ဆင်ပြီး လိုက်နာဆောင်ရွက်မှုရှိ၊ မရှိ စောင့်ကြည့်လေ့လာမှာဖြစ်တဲ့အတွက် နိုင်ငံ့ဝန်ထမ်းကဏ္ဍအတွင်း ရိုးဖြောင့်မှု၊ စိတ်အားတက်ကြွမှု၊ တာဝန်ကျေပွန်မှု၊ အရည်အချင်းကို အခြေခံဆောင်ရွက်မှုနဲ့ တန်းတူအခွင့်အလမ်းရှိမှုတွေ တိုးတက်လာမှာဖြစ်ပါတယ်။

အရည်အချင်းအခြေခံပြီး စွမ်းဆောင်ရည်ရှိမှုကို ဦးစားပေးပြီး ကျား၊ မ ကွာဟမှု ကျဉ်းမြောင်းတဲ့ ဝန်ထမ်းသစ်ရွေးချယ်ခန့်အပ်မှုနဲ့ ရာထူးတိုးမြှင့်မှု၊ ပြောင်းရွှေ့မှုစနစ်တွေကို ထောက်ကူဆောင်ရွက်တဲ့ ခေတ်မီလူ့အရင်းအမြစ် စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးနိုင်မှာဖြစ်ပါတယ်။ လုပ်ငန်းခွင်တက်ကြွမှုရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် အကျိုးရလဒ်ဦးတည်လုပ်ဆောင်မှုနဲ့ ပြည်သူဗဟိုပြုချဉ်းကပ်လုပ်ဆောင်မှု အလေ့အထများဖြစ်လာစေမှာဖြစ်ပါတယ်။ စိတ်ဓာတ်ခံယူချက် ပြောင်းလဲရေးနဲ့ ပြုပြင်ပြောင်းလဲရေးအတွက် ခေါင်းဆောင်မှု ခိုင်မာအားကောင်းလာမှာဖြစ်ပါတယ်။ သင်ယူမှုနဲ့ သင်တန်းနည်းစနစ်များ၊ နည်းလမ်းများ တိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေရဲ့ ရိုးဖြောင့်မှု၊ တာဝန်ခံမှုနဲ့ ကျင့်ဝတ်သိက္ခာတွေ မြင့်မားလာမှာဖြစ်ပါတယ်။ အဲဒါကြောင့် နိုင်ငံ့ဝန်ထမ်းကဏ္ဍဟာ ပြည်သူလူထုအတွက် ပွင့်လင်းမြင်သာမှုရှိစေရမှာဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းတွေကို ပြည်သူတွေက ယုံကြည်အားကိုးမှု ပိုမိုရရှိလာမှာဖြစ်ပါတယ်။

အခုလို ပြည့်ပြည့်စုံစုံ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။




ပြည်သူ့ဝန်ထမ်းအကယ်ဒမီဖွင့်ပွဲအခမ်းအနား ကျင်းပမည့် ပတ္တမြားခန်းမ